www.burmeseclassic.com



www.burmeseclassic.com

ပညာရွှေတောင်စာအုပ် – ၈၆

# သူတော်ငတော၏

# ဂမ္ဘီရဝတ္ထုတိုများ

ဝေယံလင်းခေါင်

**ပညာရွှေတောင်စာအုပ်**

အမှတ် (၁၀၄)၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၂၄၂၈၃၃

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၅၁၅/၂၀၀၂(၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၄၅/၂၀၀၂(၆) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | ၁၀၀၀ |
| အဖုံးပန်းချီနှင့်အတွင်း | ကိုစိုးအောင် |
| ဝ လင် | ဦးထွန်းဆိုင် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင် |
| | ချိုတေးသံစာပေ(၀၁၆၉၂) |
| | ရွှေနံ့သာကျေးရွာ |
| | ပုလဲမြို့(၃)၊ မင်္ဂလာဒုံ |
| | ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | ဦးဝင်းအောင် |
| အတွင်းစာသားပုံနှိပ် | သန်းထိုက်ရတနာအော့ဖ်ဆက် |
| | မြဲ(၀၅၁၃၁)၊အမှတ် ၈၄၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | ၃၅၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | သူတော်ငတေ၏ နွားတိုက်ပွဲ | ၁ |
| ၂ | သူတော်ငတေ၏ သူခိုးရှာပုံတော် | ၁၀ |
| ၃ | သူတော်ငတေ၏ အညာတို့ဆေး | ၂၀ |
| ၄ | သူတော်ငတေ၏ ဂမ္ဘီရသင်္ချာ | ၂၉ |
| ၅ | သူတော်ငတေ၏ သူခိုးရှာပုံတော် | ၄၀ |
| ၆ | သူတော်ငတေ၏ သင်္ကြန်စာ | ၄၉ |
| ၇ | သူတော်ငတေ၏ ခါချဉ်ကောင်နှင်နည်း | ၅၉ |
| ၈ | သူတော်ငတေ၏ ကြက်သူခိုးဖော်ထုတ်နည်း | ၇၅ |
| ၉ | သူတော်ငတေ၏ အစွဲချွတ်နည်း | ၈၈ |
| ၁၀ | သူတော်ငတေ၏ လူမည်းသုံးကောင် | ၉၈ |
| ၁၁ | သူတော်ငတေ၏ တံပူပုံ | ၁၀၇ |
| ၁၂ | သူတော်ငတေ၏ ချိုပေါက်တဲ့ငတေ | ၁၁၄ |
| ၁၃ | သူတော်ငတေ၏ ဖဲမှော် | ၁၂၄ |


www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ
# နွားတိုက်ပွဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ နွားတိုက်ပွဲ

စိတ်ညှို့အတတ်ပညာနှင့် ပတ်သက်၍ အရှေ့တိုင်း၊ အနောက်တိုင်း စိတ်ညှို့ပညာ အဖြစ်ဆန်းများကို စာရေးသူ အတော်များများ ဖတ်ဖူး၊ လေ့လာဖူးသည်။ နှစ်ပေါင်းများစွာ အဖြေရှာမရသော ရာဇဝတ်မှုခင်းများကိုပင် စိတ်ညှို့အတတ်ပညာဖြင့် ဖော်ထုတ်ပေးခြင်း၊ တိရစ္ဆာန်တစ်ကောင်ကောင်အား တစ်နေရာတည်းတွင် နာရီအတော်ကြာကြာနေအောင် စိတ်ညှို့ထားခြင်း စသည်များကိုလည်း ဖတ်ဖူး မှတ်ဖူးသည်။

သို့သော် လူစင်စစ်က တိရစ္ဆာန်စိတ်ပေါက်လာအောင် စွမ်းဆောင်နိုင်သော စိတ်ညှို့အတတ်ပညာကိုမူ အရှေ့တိုင်း၊ အနောက်တိုင်း လောကီပညာစာအုပ်တွင် မတွေ့ဖူးဘူး၊ မဖတ်ဖူးဘူးသေးပေ။

ကျွန်ုပ် ရှစ်နှစ်သားအရွယ်တွင် ရွာဘုန်းကြီးကျောင်း၌ ကျောင်းနေရသည်။ ကျွန်ုပ်တို့ကျောင်းတွင် အသက်ငါးဆယ်ကျော်ခန့် ဦးသူတော်ကပ္ပိယကြီးမှာ ဘုန်းကြီးလူထွက် (လူပြန်တော်) ဖြစ်သည်။ သူ့အမည်မှာ ဦးမြအောင် ဖြစ်၏။ သို့သော် သူ့ကို သူတော်မြအောင်ဟု မည်သူကမျှ မခေါ်မပြောကြ။ သူ့ရှေ့တွင်. . .

"ဦးသူတော်"

ဟု ခေါ်ကြသလို သူ့ကွယ်ရာ၌မူ. . .

"သူတော်ငတေ"

ဟု ခေါ်ကြသည်။ သူ့ရှေ့တွင် သူ့ကို သူတော်ငတေဟု မခေါ်ဝံ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမှာ သူသည် လောကီပညာတတ်၍ဟု ဆိုကြသည်။

သူ့ကို. . .

"ငတေ"

ဟု ခေါ်ကြခြင်းမှာလည်း ငယ်စဉ်က အလွန် တေပေခဲ့၍ဟု သိရသည်။ ထို့ကြောင့် မိဘနှစ်ပါးက ရှင်သာမဏေပြုပေး၍ ကိုရင် ဖြစ်လာသောအခါမှာလည်း. . .

"ရှင်ပဏ္ဍိ"

ဟူသော သာမဏေဘွဲ့ကို မည်သူကမျှ မခေါ်ကြဘဲ. . .

"ရှင်ငတေ"

ဟုသာ ခေါ်ကြသည်။ သူ၏ ဥပဇ္ဈာယ်ဆရာရင်းဖြစ်သော ဘုန်းတော်ကြီးကပင် ရှင်ဘွဲ့ကို မခေါ်ဘဲ. . .

"ဟေ့ ကိုရင်ငတေ၊ ဟိုရှင်ငတေ ဘယ်မှာလဲ"

ဟုသာ ခေါ်သည်။ မေးသည်။ ဘုန်းကြီးကိုယ်တိုင်က ခေါ်တော့ လည်း အားလုံးက သူ့ကို ရှင်ငတေဟုသာ လိုက်ခေါ်ကြသည်။

သည်လိုနှင့် သာမဏေရှင်ဘဝမှ ရဟန်း ဖြစ်လာ၏။ ထိုအခါမှာ လည်း. . .

"ဦးပဉ္စင်းပဏ္ဍိ"

ဟု မည်သူကမျှ မခေါ်ကြဘဲ ဦးပဉ္စင်းငတေဟုသာ ခေါ်ကြပြန် သည်။ ဤသည်ကို သူကလည်း စိတ်နာ၍လား မသိ၊ ရွာကျောင်းမှ ထွက် သွားသည်။ စာပေပရိယတ္တိ သင်ကြားရန်ဟု အကြောင်းပြ၍ ထွက်သွား ခြင်းဖြစ်၏။ အနှစ် (၂၀)ကျော်ခန့်ကြာပြီး ရွာသို့ ရောက်လာသောအခါ ဘုန်းကြီးဝတ်နှင့် မဟုတ်တော့ဘဲ သူတော်ဝတ်နှင့် ဖြစ်လာ၏။ ထိုအချိန်မှာ သူ့ ဥပဇ္ဈာယ်ဆရာနှင့် မိဘနှစ်ပါးလည်း ကွယ်လွန်ကုန်ကြပြီ။ ထို့ကြောင့် သူ့ဦးလေးတော် တစ်ယောက်က. . .

"ဦးပဉ္စင်းအဝတ်ကိုလဲပြီး ဘာလို့ သူတော်ဝတ်လာရတာလဲ"

ဟု မေးရာ. . .

"ကျုပ်က ကိုရင်ဝတ်၊ ပဉ္စင်းဝတ်ခဲ့တာ ဝါသနာပါလို့ မဟုတ်ဘူး။ ငတေနာမည် ပျောက်မလားလို့ ဝတ်ခဲ့တာ ဦးလေး။ ရှင်ဝတ်တော့ ရှင်ငတေ၊

www.burmeseclassic.com



ပဍ္စင်းဝတ်ပြန်တော့လည်း ပဍ္စင်းငတေ၊ ဘုန်းကြီးဖြစ်လည်း ငတေနာမည် ပျောက်မှာ မဟုတ်ဘူးဆိုတော့ ခု လူထွက်ပြီး ငတေနာမည်များ ပျောက် မလားလို့ သူတော်ဝတ်လာတာပါ”

ဟု သူဦးလေးကို အပြောင်အပျက်လိုလို အတည်လိုလိုနှင့် ပြောသည်။

သူစိမ်းတွေကိုကျတော့. . .

“ကိုရင်ဝတ်လည်း ငတေ၊ ပဍ္စင်းဝတ်လည်း ငတေ၊ ကဲ ဒီတစ်ခါ ငတေနာမည် ပျောက်မလားလို့ ကျုပ် သူတော်ဝတ်လာပြီ၊ ကျုပ်ကို ဘယ်လူ ငတေလို့ ခေါ်ရဲသလဲ။ သတ္တိရှိရင် ခေါ်ကြည့်ကြစမ်း၊ ငတေအကြောင်းကို ကောင်းကောင်း သိသွားရမယ် ဟင်း. . .”

ဟု စိန်ခေါ်သည်။ ထိုအခါ သူနှင့် အချစ်ဆုံး အခင်ဆုံး ဦးတင် အောင်ဆိုသူက. . .

“တကယ်လားကွ ငတေ”

ဟု ခေါ်လိုက်မိရာ ချက်ချင်း ဦးတင်အောင်မှာ ပါးရွဲ့သွားသဖြင့် သူတော်ငတေကို ရှိခိုးကန်တော့တော့မှ ပါးစပ်ပြန်တည့်သွားသည်ဟု လူကြီးတွေက ပြောကြသည်။ ထို့ကြောင့် နောက်ပိုင်းတွင် သူ့ကို မည်သူမျှ မလေးမစား မလုပ်ရဲကြတော့။ လက်ရှိ ဆရာတော်ကလည်း သူ့ကို ဦးသူ တော်ဟု ခေါ်သည်။

သူတော်ငတေသည် ခြေတံရှည်ကျောင်းအောက် ခေါင်းရင်းတွင် ကွပ်ပျစ်ရိုက် အခန်းကာ၍ သူ့ဘာသာသူ နေသည်။ ဘုန်းကြီး၏ ဝေယျာ ဝစ္စကပ္ပိယအလုပ်ကိုလည်း ကျိုးကျိုးနွံနွံ လုပ်တတ်သည်။ ယာဝကာလိက၊ ယာမကာလိက စသည်များကိုလည်း ဝိနည်းနှင့်ညီအောင် ခွဲခြားဆောင် ရွက်ပေးသဖြင့် ဘုန်းတော်ကြီးကလည်း သူတော်ငတေကို သဘောကျသည်။

သူ့ကွယ်ရာ၌သာ သူ့ကို သူတော်ငတေဟု ခေါ်ကြသော်လည်း ရွာမှာ စုန်းပူး၊ နတ်ပူး၊ ကလေးလန့်၊ ကလေးတက်၊ ကျွဲပျောက်၊ နွားပျောက်၊ ဥစ္စာပျောက် အရေးအကြောင်း တစ်ခုခုဖြစ်လျှင်တော့ သူတော်ငတေကို တရိုတသေ လာပင့်လာခေါ်တတ်ကြသည်။ ကလေးသူငယ်နာ၊ မာတရာ၊ ရက္ခိုက် လက်ဖွဲ့လည်း စွမ်းသည်ဟု ပြောကြသည်။

သူတော်ငတေ၏ နေ့စဉ်အလုပ်မှာ တရားထိုင်ခြင်းနှင့် ဖိုထိုးခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ညနေတိုင်း အနင်းအနှိပ် ခံတတ်သည်။ သူ့ကို နင်းနှိပ်ပေးလျှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအကြောင်းနှင့် တစ္ဆေပုံပြင်များကိုလည်း တစ်နေ့ တစ်မျိုး မရိုးအောင် ပြောပြတတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းသား များမှာ တစ်ထောင့်တစ်ညပုံပြင်ပမာ ညနေ စာအံပြီးတိုင်း သူတော်ငတေ နားသို့သာ ရောက်သွားတတ်ကြသည်။ သူ အားလပ်၍ စိတ်လိုလက်ရ ရှိလျှင် ရသေ့စိတ်ဖြေ (ထိုးလားမီးဇာ)နှင့် လက်လှည့်ပညာများကိုလည်း လုပ်ပြ လုပ်ပေးတတ်သည်။

ရသေ့စိတ်ဖြေခေါ် 'ထိုးလားမီးဇာ'မှာ သိပ္ပံအမြင်နှင့် ကြည့်လျှင် ဘယ်လိုမှ မယုံကြည်နိုင်စရာ လက်လှည့်ပညာတစ်ရပ် ဖြစ်သည်။ စာ ဖတ်သူ အတော်များများ လမ်းဘေးမျက်လှည့်ပွဲ၊ ဆေးရောင်းပွဲများကို ကြည့်ဖူးလိမ့်မည်။ ဥတစ်လုံးမှ နှစ်လုံးသုံးလုံး ဖြစ်သွားတာ၊ အုပ်ခွက်ထဲမှ ဥပျောက်သွား၍ နောက် အုပ်ခွက်တစ်ခုထဲ ရောက်သွားတာ၊ အဆက်မရှိ သောသံကွင်းများ တစ်ကွင်းထဲသို့ တစ်ကွင်းကဝင်ပြီး ဆက်နေကြတာ စသည်တို့မှာ ရှေးရှေးက ရသေ့စိတ်ဖြေခေါ် အပျော်လုပ်ကစားကြသော ထိုးလားမီးဇာပင်။ ထို့ကြောင့် သူတော်ငတေအား ကျွန်ုပ်တို့မှာ ချစ်လည်း ချစ်၊ ကြောက်လည်းကြောက်ရသူ ဖြစ်သည်။

သည်လိုနှင့် ဆရာတော် မင်းရွာရှင်ပြုပွဲသို့ ကြွသွားခိုက် တစ်နေ့တွင် သူတော်ငတေသည် ကျွန်ုပ်တို့ ကျောင်းသားငယ်များ နွားလုပ်တမ်း ကစား နေကြသောနေရာ ကံ့ကော်ပင်အောက်သို့ ရောက်လာသည်။ နွားလုပ် တမ်းကစားနေကြသော ကျောင်းသားငယ်များကို သေသေချာချာ စူးစူး စိုက်စိုက် ကြည့်ပြီး. . .

"မင်းတို့ တကယ် နွားဖြစ်သွားပြီး နွားလို ဝှေ့ချင်ကြလား။ ငါ လုပ်ပြရမလား"

ဟု မေးသည်။ ကျောင်းသားအားလုံးက တညီတညွတ်တည်း. . .

"လုပ်ပြပါ၊ ကြည့်ချင်ပါတယ်"

ဟု ပြောလိုက်ကြသောအခါ. . .

"ဒါဆို လာ၊ ကျော်အောင်နဲ့ ဟိုကောင် နာမည် ဘယ်သူရယ်"

ဟု မေးပြီး လှမြင့်ကို ခေါ်သည်။ ပြီး လုံချည်၊ အင်္ကျီတွေကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ခိုင်းသည်။

“ကိုယ်တုံးလုံးဆို မြန်မြန် နွားစိတ်ဝင်တယ်”

ဟု သူတော်ငတေ ပြောသော်လည်း ရှက်သဖြင့် ကျော်အောင်နှင့် လှမြင့်တို့က မချွတ်ကြ။ ထိုအခါ အင်္ကျီကိုသာ ချွတ်ခိုင်းပြီး ပုဆိုးကို ဖင်ပြောင်နေအောင် ခါးတောင်းကျိုက်ခိုင်းပြီး ခါးမှာ ကြိုးစည်းပေးထားသည်။

ထို့နောက် နွားလို လေးဖက်ကုန်းနေခိုင်းပြီး ကျော်အောင်နှင့် လှမြင့်တို့ကို ခေါင်းချင်းဆိုင်ထားသည်။ ပြီး သူတော်ငတေက ပါးစပ်တလှုပ်လှုပ်နှင့် မန်းမှုတ်သည်။ မကြာမီ ကျော်အောင်နှင့် လှမြင့်တို့မှာ တဆတ်ဆတ် တုန်ယင်လာကြပြီး ခေါင်းချင်းဆိုင်ပေးထားရာမှ နွားလို ဝှေ့ကြတော့သည်။ တကယ့် တိရစ္ဆာန် နွားနှစ်ကောင် ဝှေ့နေကြသလို တစ်ယောက်နှင့်တစ်ယောက်မှာ ခေါင်းချင်း တစ်ထွာတစ်မိုက် ခွာသွားကြရာမှ ဒိန်းခနဲ ဒိုင်းခနဲ ခေါင်းချင်းဆောင့်၍ ဝှေ့ခတ်နေကြသည်။ ဝိုင်းကြည့်နေကြသော ကျွန်ုပ်တို့မှာ နှစ်ယောက်စလုံး၏ ခေါင်းတွေမှာ ပေါက်ပြဲဖူးရောင် ဖြစ်ကုန်ကြပြီဟု စိုးရိမ်နေကြသော်လည်း ကျော်အောင်နှင့် လှမြင့်တို့မှာ နာရကျင်ရမှန်း မသိဘဲ တဒိန်းဒိန်း တကျိမ်းကျိမ်းသာ ခေါင်းချင်းဆိုင်ပြီး ဝှေ့ခတ်နေကြသည်။

သည်လိုနှင့် ဆယ်မိနစ်ခန့်ကြာသောအခါ သူတော်ငတေက ကျောင်းသားကြီးများအား ကျော်အောင်နှင့် လှမြင့်တို့ကို ဝိုင်းဆွဲဖျန်ဖြေ ခိုင်းသည်။ ကျောင်းသားကြီးများက တစ်ယောက်ကို သုံးယောက်ကျစီလောက် ဝိုင်းဆွဲထားကြသည်။ သို့သော် ကျော်အောင်နှင့် လှမြင့်တို့မှာ ကျောင်းသားကြီးများ ဝိုင်းဆွဲခွဲထားကြသည့်ကြားက အတင်းရုန်းထွက်ပြီး တစ်ယောက်နှင့် တစ်ယောက် ခေါင်းချင်းဆိုင် ဝှေ့ခတ်ရန်ကိုသာ ထရုန်းကန်နေကြသည်။ ဤသည်ကို စိုက်ကြည့်ပြီး သူတော်ငတေက. . .

“ပုဏ္ဏကနွားနဲ့ အာဠာဝကနွားကွ၊ ဝှေ့ကြ ခတ်ကြဦးမယ်။ လွှတ်ပေးလိုက်ကြစမ်း”

ဟု ဆိုသောအခါ ဝိုင်းချုပ်ဖမ်းကိုင်ထားကြရာမှ လွှတ်ပေးလိုက်ကြရာ ဝိုင်းကြည့်နေကြသော ကျွန်ုပ်တို့အားလုံးမှာ လန့်ဖျပ်၍ပင် အလိုလို နောက်ဆုတ်မိပြီးသား ဖြစ်သွားကြသည်။ လွှတ်ပေးလိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျော်အောင်နှင့်လှမြင့်တို့မှာ ကျွဲနွားရန်ဘက် နှစ်ကောင် ဝင့်နေကြသလို တစ်ယောက်နှင့်တစ်ယောက် လှည့်ပတ်ဝင့်နေကြရာမှ တစ်လံလောက် အကွာသို့ ရောက်သောအခါ ကဆုန်ပေါက်ပြေးဝင်ပြီး ခေါင်းချင်းပြေး ဆောင့်လိုက်ကြသည်မှာ မြေကြီးပင် တုန်သွားသလား ထင်လိုက်ရသည်။

"အဲ. . . ဒါမှ အာဇ္ဇာဝကန္တားနဲ့ ပုဏ္ဏကန္တားကွ။ ပြေးဆောင့် လိုက်ကြစမ်း။ ဝှေ့ခတ်လိုက်ကြစမ်း။ ဟင်းနော် အာဇ္ဇာဝကန္တား တောင့်ထားစမ်း။ တာမရွှေ့စတမ်း၊ တာမရွှေ့စတမ်းနော်"

သွားပြီ၊ လှမြင့်နှင့် ကျော်အောင်တို့မှာ အမှန်တကယ်ပင် နွားစိတ် ဝင်နေကြပြီ ဆိုသည်ကို သူတို့နှစ်ယောက် ခွာလိုက်၊ တအားပြေးဆောင့် လိုက်၊ ဝှေ့ခတ်လိုက် လုပ်နေကြသည်ကို မြင်ရုံနှင့် သိသာလေသည်။

သည်လိုနှင့် ဆယ်မိနစ်လောက် ကြာသွားပြန်ရာ ကျောင်းသား ကြီးများအား ကျော်အောင်နှင့် လှမြင့်တို့ကို ဆွဲခွဲခိုင်းပြီး၊ ကျောင်းသားငယ် တစ်ယောက်ကိုလည်း ရေတစ်ခွက် သွားခပ်ခိုင်းလိုက်သည်။ ဆွဲခွဲချုပ်ကိုင် ထားကြသော်လည်း ယခုထိ ရန်ငြိုးမပြေကြသေးဘဲ တစ်ယောက်နှင့် တစ်ယောက် နောက်ထပ် ဝှေ့ခတ်ရန် အတင်းရုန်းကန်လျက်ပင် ရှိနေကြ သေးသည်။

ဤသည်ကို သူတော်ငတေက ကျောင်းသားငယ် ခပ်လာပေးသော ရေနှင့် နှစ်ယောက်စလုံး၏ မျက်နှာကို လှမ်းပက်လိုက်သည်။ ထိုအခါမှ နှစ်ယောက်စလုံး ရုတ်တရက် ငြိမ်ကျသွားပြီး ကျောင်းသားကြီးတစ်ယောက် စီ၏ ရင်ခွင်ထဲတွင် ပက်လက် သတိမေ့မြောနေကြ၏။ နောက်တစ်ခါ ကျောင်းသားငယ်တစ်ယောက်အား နောက်ထပ် ရေတစ်ခွက် ခပ်ခိုင်း လိုက်ပြီး တစ်ကိုယ်လုံးကို လက်နှင့်ရေဖျန်းပေးလိုက်တော့မှ နှစ်ယောက် စလုံး သတိရ၍ ငုတ်တုတ်ထထိုင်ကြသည်။

စောစောက တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းဆောင့် ခတ်ထားကြသည်ကို စိုးရိမ်နေကြသော ကျောင်းသားကြီးများက. . .

"မင်းတို့ ခေါင်းတွေ မနာဘူးလား"

ဟု မေးလိုက်ကြရာ နှစ်ယောက်စလုံးက ကြောင်ကြည့် ကြောင်ကြည့်နှင့်

"မနာပါလား၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူတို့ ခေါင်းကို ကိုယ်စီပွတ်၍ မေးကြ၏။

"မင်းတို့နှစ်ယောက် စောစောက ဘာဖြစ်ကြလဲ"

"ဘာမှ မဖြစ်ပါလား၊ ဘာဖြစ်လို့လဲ"

"ဟာ စောစောက မင်းတို့နှစ်ယောက် နွားလို ဝှေ့ခတ်ခဲ့ကြတာ"

"ငါတို့က ရူးလို့ နွားလို ဝှေ့ခတ်မလားကွ"

ကျောင်းသားကြီး စကားမဆုံးမီပင် လှမြင့်က ကျောင်းသားကြီးကို ပြန်အော်သည်။ စောစောက သူ့ရင်ခွင်ထဲတွင် ပက်လက် သတိမေ့နေခဲ့ သော ကျော်အောင်၏ခေါင်းကို ထွန်းသာက အာလူးဘုကြီးတွေ ထွက်နေလိမ့် မည်အထင်နှင့် ပွတ်ဖိ စမ်းညှစ်ကြည့်သည်။ ကျော်အောင့်ခေါင်းကား ဘာမှ မဖြစ်။ လှမြင့်ခေါင်းမှာလည်း မည်သည့် အနာအဆာ အဖုအထစ်မျှ မရှိ။

ကျောင်းသားကြီးများ ဝိုင်းမေး ဝိုင်းစမ်းနေကြသည်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေသော သူတော်ငတေက. . .

"ကဲ၊ နောက် မင်းတို့ ဘယ်သူ နွားလို ဝှေ့ကြဦးမလဲ"

ဟု မေးရာ ကျော်အောင်နှင့် လှမြင့်တို့ စောစောက ဝှေ့ခတ်ခဲ့ကြ သည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ကြသော ကျောင်းသားများမှာ မည်သူ ကမျှ နှုတ်မဟရဲကြတော့ဘဲ သူတော်ငတေ၏ မျက်နှာကိုသာ အံ့သြတကြီး ငေးကြည့်နေကြသည်။

ဤသည်နှင့် ဇာတ်လမ်းက မပြီးသေး။ သူတော်ငတေက ဆက် ပြောပြန်၏။

"နောက်ကို မင်းတို့ နွားလိုလုပ်ပြီး မကစားကြနဲ့။ နွားဆိုတာ ဘာမှ အသိဉာဏ် မရှိဘူး။ လမ်းသွားလမ်းလာ ပညာသည် တစ်ယောက်ယောက်က မင်းတို့ နွားလုပ်တမ်းကစားနေကြတာမြင်လို့ လက်တည့်စမ်း ပညာပြသွားရင် မင်းတို့တစ်သက်လုံး နွားစိတ်ပေါက်ပြီး ကြာရင် နွားဖြစ်သွားတတ်တယ်။ လူစင်စစ်က သမန်းကျား ဖြစ်သွားတဲ့အကြောင်း မင်းတို့ မကြားဖူးကြဘူးလား"

ဟု ပြောသည်။

ကျောင်းသားကြီးများက. . .

"ကျွန်တော်တို့ မကြားဖူးပါဘူး။ ဦးဦးသူတော် ပြောပြပါ"

ဟု ဝိုင်းပြောကြရာ ညကျတော့ ပြောပြမယ်။ ခု မင်းတို့ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



နွားတိုက်ပြတဲ့အကြောင်း ဘုန်းကြီးပြန်လာရင် ဘယ်သူမှ မပြောရဘူးနော်။ ရွာကလူတွေကိုလည်း မပြောရဘူး။ ငါ မှာထားရဲ့နဲ့ မင်းတို့ တစ်ယောက်ယောက်ကိုပြောရင် ပြောတဲ့အကောင်ကို နွားဖြစ်သွားအောင် ငါ လုပ်ပစ်လိုက်မယ်။ အားလုံး ကြားကြလား"

"ကြားပါတယ် ဦးဦး"

"အေး. . . မင်းတို့စကားကို မင်းတို့ မှတ်ထားကြ၊ မင်းတို့လို အသက်ရှိတဲ့ သဝိညာဏကကို နွားလို စိတ်ပြောင်းခိုင်းပြီး ဝှေ့ခတ်ခိုင်းတာ ဘာမှ မခက်ဘူး။ အဝိညာဏကခေါ်တဲ့ အသက်မရှိတာကိုလည်း ငါ အသက်ဝင်လာအောင် လုပ်ပြလို့ရတယ်။ မင်းတို့ မယုံရင် ဟိုမှာ တွေ့လား၊ ဇရပ်အမိုး မျက်ကွင်းအုပ်ဖို့ လုပ်ထားတဲ့ ဝါးခြမ်းပြား ရှည်ရှည်နှစ်ပြား သွားယူကြစမ်း။ ငါ ပြဦးမယ်"

ဟု ပြောပြန်ရာ ကျောင်းသားကြီးတွေက သူ့ထက်ငါဦး မျက်ကွင်းလုပ်ရန် ရွေသတ်ထားသော ဝါးခြမ်းပြား ရှည်နှစ်ပြားကို ပြေးယူလာကြသည်။

ကျောင်းသားများ ယူလာပေးကြသော ဝါးခြမ်းပြားထဲမှ နှစ်လံ၊ သုံးလံရှည်သော ဝါးခြမ်းပြားနှစ်ပြားကို သူတော်ငတေက ပူးကပ်ဆုပ်ကိုင်ကြည့်ကာ အညီဖြတ်ပြီး လူကြီးခါးလောက်ခန့် အမြင့်ရှိသော ကျောင်းတိုင်နှစ်လုံး၏ ဟိုဘက် သည်ဘက်တွင် အညီ ပူးချည်ထားသည်။ ဝါးခြမ်းပြားနှစ်ပြား၏ အဆုံးနှစ်ဖက်မှာ အလယ်က ကျောင်းတိုင်သား နှစ်လုံး ခံနေသဖြင့် တောင်ဆုပ်နီးပါးခန့် ကွာနေသည်။ ထိုကွာနေသော ဝါးခြမ်းပြားနှစ်ပြားကို သူတော်ငတေက အလယ်ပိုင်း နှစ်ပြားကို ပူးကပ်ကိုင်၍ မန်းမှုတ်နေသည်။

သူတော်ငတေ မန်းမှုတ်ပြီး လက်လွှတ်လိုက်သော ဝါးခြမ်းပြားနှစ်ပြားမှာ အလယ်က ကျောင်းတိုင်ခံနေသဖြင့် တောင်ဆုပ်နီးပါး ပြန်ကွာသွားကြသည်။

ဤသည်ကို သူတော်ငတေက အနားကပ်သွားပြီး. . .

"ကဲ၊ ကပ်စမ်း ကပ်စမ်း ဆို၊ မြန်မြန် ကပ်ပြစမ်း အေး. . ဟုတ်ပြီ၊ ဆွဲသွား ဆွဲသွား၊ မြန်မြန် ပြေးလုပ်စမ်း တောက်၊ ငါတယ် ဘာရှက်နေလဲ။ ကပ်ကြပါဆို၊ ငါ့အမိန့် မဟုတ်၊ အထက်ဆရာအမိန့်၊ ကပ်ဆိုကပ်၊ လုပ်ဆို



www.burmeseclassic.com

www.burmeseclassic.com



လုပ်၊ ဘုတ်ဆုံမကို မကြိုက်ဘူးလား”

ဟု ပါးစပ်မှ အယုတ္တ အနတ္တတွေ ဆိုကာ. . .

“နမ်းပြမလား၊ နမ်းမပြဘူးလား”

ဟု ဆိုလိုက်စဉ် လက်မပြားလောက်ရှိသော ဝါးခြမ်းနှစ်ပြားမှာ ညွတ်ပဲ့ညွတ်ပဲ့ တုန်ညွတ်လာကြပြီး မကြာမီ ပူးကပ်နေကြလေသည်။

ဤသည်ကို ကြည့်၍ ကွျန်ုပ်ကျောင်းသားများမှာ အံ့သြမဆုံး ဖြစ်နေကြ၏။ ကျောင်းတိုင်နှင့် ဖက်ချည်ထားသော ဝါးခြမ်းပြား အလယ် ပိုင်းနှစ်ခု ပူးကပ်နေကြသည်ကို တစ်ဖန် သူတော်ငတေက. . .

“ကဲ. . . လူတွေ ဝိုင်းကြည့်နေကြတာ လူမြင်ကွင်းကြီး အရှက် မရှိတဲ့ဟာတွေ ခွဲကြစမ်း၊ ခွာကြစမ်း၊ မြန်မြန်ခွဲ၊ မြန်မြန်ခွာ၊ ဆရာအမိန့်၊ ငါ့အမိန့်၊ ခွဲဆိုခွဲ၊ ခွာဆိုခွာ ဆရာလာပြီ”

ဟု ပြောနေလေရာ ဝါးခြမ်းပြားနှစ်ပြားမှာ ညွတ်ပဲ့ညွတ်ပဲ့နှင့် တဖြည်းဖြည်း ခွာသွားကြပြန်လေသည်။

ဤသည်ကို သူတော်ငတေက. . .

“ဒါ. . . ဘာသဘောထင်လဲ”

ဟု ကျောင်းသားကြီးတွေဘက် ကြည့်၍မေးရာ အယုတ္တ၊ အနတ္တ တွေလည်း ပြောခဲ့သဖြင့် ကျောင်းသားကြီးတစ်ယောက်က. . .

“ဦးဦးသူတော် အစိမ်းတိုက်တာ”

ဟူသော စကားမဆုံးမီ သူတော်ငတေက. . .

“ဘာ. . . အစိမ်း အကျက်မှ တိုက်တာ မဟုတ်ဘူး။ ဓာတ်ဖို ဓာတ်မ ပူးပြတာ။ ငါက ဝါးခြမ်းပြားနှစ်ပြား ပူးကပ်သွားအောင် လေနဲ့မှုတ် ထားတာ။ ပေါက်ကရတွေ အော်နေရတာက မင်းတို့ အထင်ကြီးအောင်၊ တောထင်တောင်ထင် ထင်အောင် လုပ်ပြရတာ။ ဟဲ. . . ဟဲ”

ဟု ပြောပြီး သူတော်ငတေသည် သူ့ဖိုခန်းရှိရာ ကျောင်းအောက်သို့ ဝင်သွားလေသည်။

ꩤ ꩤ ꩤ

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ သူခိုးရှာပုံတော်

နွေလ၏ တစ်နေ့သ၌ ကျွန်ုပ်တို့ ဘုန်းတော်ကြီးအား ရှင်ပွဲ၊ ပဥ္စင်းခံပွဲအတွက် သရက်တောင်ရွာမှ ဒကာနှစ်ယောက် လာရောက် ပင့်လျှောက်ကြသည်။ ဘုန်းတော်ကြီးကလည်း ထုံးစံအတိုင်း အလှူပွဲသို့ ကြွရောက်ရန် လက်ခံလိုက်သည်။

သည်လိုနှင့် ရှင်ပြုရဟန်းခံပွဲကြွရန် ဘုန်းတော်ကြီးက ကျောင်းသားကြီးလေးယောက်အား ရှင်ပြုရဟန်းခံပွဲသို့ မည်သူ လိုက်ကြမည်နည်းဟု ခေါ်မေးသည်။ ကျွန်ုပ်တို့ ရွာနှင့်စာလျှင် သရက်တောင်ရွာမှာ အိမ်ခြေသုံးလေးရာရှိသော ရွာကြီး ဖြစ်သည်။ အပျိုချောများပေါသော ရွာဟုလည်း ပတ်ဝန်းကျင်၌ နာမည်ကြီးသောရွာ ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားကြီးလေးယောက်က သူ လိုက်မည်၊ ငါ လိုက်မည်ဟု အပြိုင်လျှောက်ကြရာ ဘုန်းတော်ကြီးက လေးယောက်စလုံး လိုက်၍မဖြစ်၊ နှစ်ယောက်သာ လိုက်ရမည်ဟု ဆိုသဖြင့် ကျောင်းသားကြီးလေးယောက်ကို အလှည့်ကျ လိုက်ရန် ဘုန်းတော်ကြီးက အမိန့်ချသည်။

ထိုအခါ သရက်တောင်ရွာ ရှင်ပြုရဟန်းခံပွဲသို့ လိုက်ရမည့် ကျောင်းသားကြီးနှစ်ယောက်မှာ လှသန်းနှင့်ထွန်းအောင်တို့ ဖြစ်သွားကြသည်။ ထို့ကြောင့် မနက်ဖြန်မနက် နေမပူမီ အရုဏ်ဆွမ်းစားပြီးသည်နှင့် သရက်တောင်ရွာသို့ သွားကြရမည်ဖြစ်ရာ ဤနေ့ ညနေကပင် ရှင်ပြုရဟန်းခံပွဲ၌ ဝတ်မည့်အင်္ကျီ၊ လုံချည်တို့ကို ယူလာကြရန် ဘုန်းတော်ကြီးက အမိန့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

ထို့ကြောင့် ညနေ ရွာသို့ ထမင်းစားဆင်းသွားကြပြီး မကြာမီပင် လှသန်း နှင့်ထွန်းအောင်တို့က အင်္ကျီ၊ လုံချည်၊ လွယ်အိတ်ကိုယ်စီနှင့် ကျောင်းသို့ပြန်ရောက်လာကြသည်။ သူတို့နှစ်ယောက်သည် သရက်တောင် ရွာ ရှင်ပြုပွဲသို့ လိုက်ကြမည် ဖြစ်သဖြင့် မြူးပျော်နေကြသည်။

ဆရာတော်၏စီမံချက်မှာ မနက် အရုဏ်ဆွမ်းစားပြီးသည်နှင့် ခရီး စထွက်မည်။ နေ့လယ်ဆွမ်းကို ကွင်းကြီးရွာ ဘုန်းကြီးကျောင်းတွင် ဘုန်းပေးပြီး ကွင်းကြီးရွာဘုန်းကြီးနှင့်အတူ ညနေချမ်း၌ သရက်တောင်ရွာ အလှူသို့ ကြွရန် ဖြစ်သည်။ ဤသည်မှာလည်း သရက်တောင်ရွာ အလှူမှပင့်တိုင်း ကွင်းကြီးဘုန်းကြီးနှင့် ကျွန်ုပ်တို့ဘုန်းကြီးက ကြွနေကျ ဖြစ်သည်။

သည်လိုနှင့် နောက်တစ်ရက် အရုဏ်ဆွမ်းစားပြီး သရက်တောင် ရွာအလှူသို့ ဘုန်းကြီး ကြွခါနီးမှာပင် လှသန်းမှာ ဖိနပ်ပျောက်၍ တငိုငို တရယ်ရယ် ပြဿနာပေါ်တော့သည်။ သူ့ဖိနပ်မှာ ကုန်ခဲ့သော တစ်ပတ် လောက်ကမှ သူ့အဖေ မြို့မှ ဝယ်လာပေးထားသော ဖိနပ် ဖြစ်သည်။ ဘယ်ပွဲမှ မစီးရသေးသော အသစ်ကျပ်ချွတ် ကြောင်တံဆိပ်ဖိနပ်ဟု ပြောသည်။

ထိုအခါ ကျောင်းသားကြီးလေးယောက်ထဲတွင် အလှည့်မကျ၍ မလိုက်ရသော အေးဆောင်နှင့် ငြိမ်းမောင်ကြီးတို့ကများ အငြိုးအတေးနှင့် ယူဝှက်ထားကြလေသလားဟု ဘုန်းတော်ကြီးနှင့် လှသန်းတို့က ထင်ကြရာ ငြိမ်းမောင်ကြီးနှင့် အေးဆောင်ကို ဘုန်းတော်ကြီးက အကြိမ်ကြိမ် အခါခါ ခေါ်မေးသည်။ ငြိမ်းမောင်ကြီးနှင့် အေးဆောင်တို့ကလည်း သူတို့ မယူရပါ ကြောင်း ဘုန်းတော်ကြီးကို ကျိန်တွယ်၍ပင် လျှောက်ကြသည်။ ထိုအခါ ကျွန်ုပ်တို့ ကျောင်းသားအားလုံးကို ဘုန်းတော်ကြီးက ခေါ်စစ်ပြန်သည်။ မည်သူမျှ မယူကြောင်းသာ လျှောက်ကြ၏။ ဘယ်လိုမှ မေးစစ် မရ။ သည်လိုနှင့် အချိန်ကလည်း သွားကာနီးနေပြီ ဖြစ်လေရာ ဘုန်းတော် ကြီးက. . .

"မင်း ဖိနပ်က ဘယ်မှာထားလို့ ပျောက်တာလဲ"

ဟု လှသန်းကို မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ဖိနပ်က တစ်ခါမှ မစီးရသေးတဲ့ အသစ်ကြီးပါ ဘုရား။ ကုန်ခဲ့တဲ့ အပတ်ကမှ အဖေ မရန်းသီးသွားရောင်းလို့ မြို့က ဝယ်လာတာပါ။ တပည့်တော်က ရှင်ပြုပွဲမှာ စီးမလို့ ဖိနပ်အသစ်ကို လွယ်အိတ်ထဲ ထည့်ထားပါတယ်။ မိုးလင်းလို့ ကြည့်တော့ ဖိနပ် မရှိတော့ပါဘူး ဘုရား"

ဟု ငို၍ လျှောက်သည်။

ဘုန်းတော်ကြီးက. . .

"ငိုမနေနဲ့ တိတ်စမ်း။ ဖိနပ်အသစ်ဆိုတာ ခရီးဝေးသွားတဲ့အခါ စီးရင် ခြေပေါက်တတ်တယ်ဆိုတာ နင် မသိဘူးလား။ ခု သွားကြရမှာက တစ်ရက်ခရီး။ ဒီတော့ လမ်းမှာ ဖိနပ်ပေါက်နေလိမ့်မယ်။ အဟောင်းပဲ စီးလိုက်ခဲ့။ ကဲ သွားမယ်။ ကျောင်းသားတွေအားလုံး နားထောင်ကြစမ်း။ ငါ ရှင်ပြုပွဲက ပြန်လာရင် လှသန်းဖိနပ်ကို တစ်နည်းနည်းနဲ့ ပြန်ရအောင် လုပ်ထားကြ။ ယူထားတဲ့အကောင်က လူမြင်သာတဲ့ တစ်နေရာရာမှာ ပြန်ချထားရင်ထား၊ မထားရင်တော့ နင်တို့အားလုံး ကျောကွဲကြပြီသာမှတ်။ နင်တို့အချင်းချင်း ဘယ်သူ ယူထားတယ်ဆိုတာ သိကို သိရမယ်။ သူခိုးမဖော်နိုင်ရင် အားလုံး ငါ့ကြိမ်လုံးကို ကြည့်ထားကြ"

ဟု မိန့်မှာခဲ့ပြီး ဘုန်းတော်ကြီးသည် လှသန်း၊ ထွန်းအောင်တို့နှင့်အတူ သရက်တောင်ရွာ အလှူပွဲသို့ ကြွသွားလေသည်။

ကျွန်ုပ်တို့ ကျောင်းသား (၂၀)ကျော်မှာ ဘုန်းတော်ကြီး ပြန်ကြွလာလို့မှ လှသန်းဖိနပ်ကို ပြန်မရရင် အရိုက်ကြမ်းသော ဘုန်းတော်ကြီး အကြောင်းကိုတွေးကာ ကျောချမ်းနေကြ၏။ မည်သူ ယူသနည်း၊ မည်သူ ဖြစ်နိုင်သနည်းဟုလည်း အချင်းချင်း မေးမြန်းစုံစမ်းကြသည်။ သို့သော် ညကြီးမင်းကြီး ပျောက်သွားသော လှသန်းဖိနပ်ကို ဘယ်လိုမှ စုံစမ်း၍ မရကြ။ ထိုအခါ မည်သည့် အမှုကိစ္စမဆို တစ်စုံတစ်ရာ ထူးခြားမှုဖြစ်ပါက အကြံဉာဏ်တောင်းကြ၊ တိုင်ပင်ကြရသော ကျောင်းအောက်က သူတော်ငတေဆီ လှသန်းဖိနပ်ပျောက်မှု ပြဿနာက ရောက်သွားပြန်လေသည်။

ကျွန်ုပ်တို့က သူတော်ငတေအား. .

"ဘကြီးသူတော်၊ ဦးဦးသူတော်၊ ဘိုးဘိုးသူတော်၊ ဘုန်းကြီး ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



လို့မှ လှသန်းဖိနပ် ပြန်မရရင် ကျွန်တော်တို့အားလုံး တန်းစီပြီး အရိုက်ခံကြရတော့မယ်။ ဘယ်လိုလုပ်မလဲ၊ ကယ်ပါဦး၊ ကူညီပါဦး”

ဟု တစ်ယောက် တစ်ပေါက် တော်ရာစပ်ရာ ခေါ်၍ အကူအညီတောင်းကြရသည်။

ထိုအခါ သူတော်ငတေက ကျောင်းသားအားလုံးကို စုခေါ်၍. . .

“မင်းတို့ လှသန်းဖိနပ်ကို ဘယ်သူ ယူထားသလဲဆိုတာ မင်းတို့ မျက်နှာကို ကြည့်တာနဲ့ ငါသိတယ်နော်။ ဒါပေမယ့် လူတစ်ယောက်ဟာ လှသန်းဖိနပ်လေးတစ်ရန် ခိုးမိတာနဲ့ တစ်သက်လုံး သူခိုး အခေါ်ခံရမှာ။ ကြီးလာတဲ့အခါမှာလည်း ဒီကောင် တို့ကျောင်းသားဘဝတုန်းက လှသန်းဖိနပ်ကို ခိုးဖူးတယ်ရယ်လို့ လူတော သူတော သိက္ခာအချခံရမှာ။ ဘုန်းကြီးပြန်လာရင်လည်း ငါက လှသန်းဖိနပ်ကို ခိုးတာ ဒီကောင်ပါဘုရားလို့ ပြောလိုက်ရင် သေလုမြောပါး အရိုက်ခံရမှာ ငါ မကြည့်ရဲဘူး။ မင်းတို့အားလုံးက ငါ့ဆွေမျိုး၊ ဒီရွာသားလေးတွေချည်းပဲ။ အဲဒီတော့ ဒီကနေ့ညနေမတိုင်မီ ကျောင်းအောက်က ငါ့ဖိုရုံထဲ လှသန်းဖိနပ်ကို လာထားပေးပါကွာ။ ဒါဆို မင်းခိုးတယ်ဆိုတာလည်း ဘယ်သူမှ မသိတော့ သိက္ခာလည်း မကျဘူးပေါ့။ ငါ ဒါပဲပြောမယ်”

ဆိုပြီး ဟိုလူလိုလို သည်လူလိုလို အကြည့်မျိုးနှင့် ကျောင်းသားနှစ်ဆယ်ကျော်ကို မျက်လုံးဝေ့ဝိုက်ကြည့်ပြီး သူသွားနေကျအတိုင်း တောထဲ ဆေးမြစ်ရှာရန် ထွက်သွားလေသည်။

ဘုန်းကြီး ပြန်ရောက်လာလျှင် အရိုက်ခံရမှာ ကြောက်နေကြသော ကျွန်ုပ်တို့ ကျောင်းသားများမှာ သူတော်ငတေ ပြန်လာလျှင် ကျောင်းအောက်ရှိ သူ့ဖိုရုံထဲ၌ ဖိနပ်ခိုးထားသော ဖိနပ်သူခိုးက လှသန်းဖိနပ်ကို လာထားပေးတာတွေ့ပါစေဟု ဆုတောင်းနေကြသည်။ နေ့ဆွမ်းစားကာနီးတွင် သစ်မြစ်တစ်ထွေးနှင့် သူတော်ငတေ တောထဲက ပြန်လာ၏။ သူ့ဖို ရုံ၌ လှသန်းဖိနပ်ကို မတွေ့။

ထိုအခါ သူတော်ငတေက နေ့ဆွမ်းစားပြီးသည်နှင့် ကျောင်းသားများကို တစ်ခါ စုခေါ်ပြန်သည်။ အကျိုးအကြောင်း အမျိုးမျိုး ပြောပြသည်။ သူတစ်ပါးပစ္စည်းကို ခိုးလျှင် မည်မျှ ငရဲကြီးကြောင်း၊ ဘယ်ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



တော်ထဲမှာ သူခိုးက ဘယ်လို ငရဲ၌ ခံရကြောင်း၊ ထို့ကြောင့် လူမြင်မှာ စိုး၍ နေ့ခင်းလာမထားဝံ့လျှင် ညကျ လှသန်းဖိနပ်ကို ဖိုရုံဝ၌ လာပစ်ချထားရန် ပြောပြန်သည်။ မိုးလင်းလို့မှ လှသန်းဖိနပ်ကို သူ့ဖိုရုံရှေ့မှာ မတွေ့လျှင်တော့ သူတတ်သော လောကီပညာနှင့် ဖိုရုံရှေ့ ပြာပုံပေါ်မှာ သူခိုးလာပြီး လူးလှိမ့်ငိုရအောင် သူ လုပ်တော့မည်ဟု ပြောပြီး ကျောင်းသားများကို ပြန်လွှတ်လိုက်သည်။

သို့နှင့် တစ်ရက်တစ်ည ကုန်သွား၏။ လှသန်းဖိနပ်ကို သူတော်ငတေဖိုရုံရှေ့၊ ကျောင်းအောက်၊ ကျောင်းပေါ်၊ လှေကားထိပ် လူမြင်သာသော ဘယ်နေရာမှာမှ မတွေ့။ သူတော်ငတေလည်း ဖိနပ်သူခိုးကို အလွန်စိတ်ဆိုးလာပြီ။ ထို့ကြောင့် ကျောင်းသားနှစ်ဆယ်ကျော်ကို ညနေ ထမင်းစားမဆင်းကြမီ စုခေါ်ပြီး. .

"လှသန်းဖိနပ်ကို ဘယ်သူ ယူထားတယ်ဆိုတာ ငါ တပ်အပ်ကို သိတယ်နော်။ ငါ စောစောက ပြောခဲ့သလို မင်း ဖိနပ်ကလေးတစ်ရန် ခိုးတာက အကြောင်း မဟုတ်ဘူး။ မင်းမိဘ၊ ညီအစ်ကို မောင်နှမတွေ သိက္ခာပါ ထိခိုက်မှာစိုးလို့ ငါ မဖော်ထုတ်သေးတာ။ မင်းလုပ်တာ ငါ အကုန်သိတယ်။ ဖိနပ်ပျောက်တဲ့ မနေ့က ဗုဒ္ဓဟူးနေ့ပဲ။ လှဒိသာဂါမေတဲ့။ လှ-ဗုဒ္ဓဟူးနေ့၊ ဥစ္စာ-ကျွဲနွားပျောက်မူ၊ ဒိသာ-အရှေ့အရပ်သို့ ယူသွားလေ၏။ ဂါမေ-ရွာ၌ ဝှက်ထားသည်တဲ့။ ဒီတော့ ခု ထမင်းစားဆင်းရင် ဝှက်ထားတဲ့ လှသန်းဖိနပ်ကို ပြန်ယူလာပြီး ကျောင်းလှေကားရင်း၊ လှေကားထိပ်မှာပဲ ဖြစ်ဖြစ်၊ ဘိုးဘိုး ဖိုရုံဝမှာပဲ ဖြစ်ဖြစ် လူမြင်သာတဲ့ တစ်နေရာရာမှာ လာထားပါ ကလေးရယ်။ မင်းနဲ့ဘိုးဘိုးက ဆွေမျိုးဆိုတော့ ဘိုးဘိုး မလုပ်ရက်လို့ပါနော်။ ဒါပဲ၊ ကဲ အိမ်ပြန်ကြတော့။ ဖိနပ်ပြန်ယူလာဖို့တော့ မမေ့နဲ့နော်။ ကဲ. . . သွားကြ၊ သွားကြ"

ဟု ပြောပြီး ကျောင်းသားအားလုံးကို ထမင်းစား စောစောဆင်းခိုင်းလိုက်သည်။ သည်လိုနှင့် ကျောင်းသား နှစ်ဆယ်ကျော် ရွာထဲ ထမင်းစားဆင်းလာကြသည်။ ကျွန်ုပ်တို့မှာ အိမ်နီးပါးချင်း နီးရာနီးရာ ကျောင်းသားများနှင့် အတူတကွ ထမင်းစားပြန်ကြလေ့ရှိရာ အသွား၌ လည်းကောင်း၊ အပြန်၌ လည်းကောင်း လှသန်းဖိနပ် ပြန်ရရေးကိုသာ ဆွေးနွေးတိုင်ပင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ မသက်ာသူ ထင်သူများ၏ အရိပ်အခြည်ကိုသာ တစ်လမ်းလုံး ဂရုတစိုက် ကြည့်လာကြလေသည်။

တစ်ညကုန်သွားပြန်ပြီ။ ဖိနပ်ပျောက်သောနေ့ကပင် ရေတွက်လျှင် နှစ်ည၊ နှစ်ရက် ရှိသွားပြီ။ လုသန်းဖိနပ်ကိုကား ဘယ်နေရာမှာမှ မတွေ့ကြရသေး။ ဤနေ့ ညနေဆိုလျှင် သရက်တောင်ရွာအလှူမှ ဘုန်းကြီး ပြန်ကြွလာတော့မည်။ သူတော်ငတေလည်း ဘာမှ မတတ်နိုင်တော့ဟု ထင်၍ ကျွန်ုပ်တို့မှာ ကျောတချမ်းချမ်း၊ ရင်တဖိုဖို ဖြစ်သူဖြစ်၊ အရိုက်ခံကြရတော့မည်ကို တွေးပြီး မျက်ရည်ကျသူကျ၊ မှိုင်သူမှိုင် ဖြစ်နေကြလေသည်။

မနက် အရုဏ်ဆွမ်းစားပြီးသည်နှင့် ကျောင်းသားအားလုံးကို သူတော်ငတေက စုခေါ်ပြန်ရာ ဒီတစ်ခါတော့ လုသန်းဖိနပ် ပြန်ရပြီအထင်နှင့် ကျွန်ုပ်တို့အားလုံး သူတော်ငတေရှေ့ အပြေးရောက်သွားကြသည်။ သို့သော် ဖိနပ်ပြန်ရ၍ မဟုတ်။ သူတော်ငတေက. .

"ကဲ တစ်ယောက်စီ လာကြစမ်း။ ဖိနပ်သူခိုးဟာ ဘယ်သူဆိုတာ ငါ လက်ရဖမ်းပြမှ ဖြစ်တော့မယ်"

ဟု ပြောပြီး တစ်ယောက်စီကို နားရွက်ဆွဲ၊ ရင်ဘတ်စမ်း လုပ်တော့ သည်။ ထိုသို့ တစ်ယောက်ပြီးတစ်ယောက် စမ်းနေရာ ကျွန်ုပ် အလှည့်သို့ ရောက်လာသောအခါ သူတော်ငတေဆီ၌ ကျွန်ုပ် အစမ်းခံရ သည်။

"ဟေ့ကောင် ဘာဖြစ်လို့ ဒီလောက်ကြောက်နေရတာလဲ"

ဟု သူတော်ငတေက အော်လိုက်ရာ ကျွန်ုပ်မှာ ဟီးချငိုမိလိုက် သည်။ ကျောင်းသားထဲတွင် ကျွန်ုပ်ကား အငယ်ဆုံး ဖြစ်၏။ သူတော် ငတေက တန်ခိုးပုံပြင်များကို ညတိုင်းပြောပြတတ်ရာ သူတော်ငတေကို ကြောက်လည်း အလွန် ကြောက်နေသူဖြစ်ရာ ကျွန်ုပ် မခိုးရပါဘဲ ကျွန်ုပ် အား စွပ်စွဲပြီအထင်နှင့် လန့်၍ ငိုချမိလိုက်ခြင်း ဖြစ်သည်။ ဤသည်ကို ကျောင်းသားများ အားလုံးကလည်း ဖိနပ်သူခိုး ပေါ်ပြီအထင်နှင့် ကျွန်ုပ်ကို ဝိုင်းကြည့်နေကြရာ ကျွန်ုပ်မှာ အငိုမရပ်နိုင်ဖြစ်နေစဉ် သူတော်ငတေက

"ဟဲ့ ကောင်လေး၊ နင့်ကို ငါက ဖိနပ်ခိုးတယ်လို့ ပြောလို့လား။ ကြောက်တတ်လိုက်တာ နင့်ရင်ခုန်သံကို ဖြတ်ပြည်ကတောင် ကြားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တိတ်စမ်း၊ ငိုမနေနဲ့။ မင်း ဖိနပ်မခိုးဘူးဆိုတာ ဘဘ သိတာပေါ့”

ဟု ပြောပြီး ကျွန်ုပ်ကို ပြန်လွှတ်လိုက်သည်။

ကျောင်းသားကြီးတွေ ပြီးသွားပြီး နောက်မှ စမ်းသပ်ခံကြရသော ကျောင်းသားငယ်တွေမှာလည်း ကျွန်ုပ်ကဲ့သို့ပင် ကြောက်ရွံ့၍ ရင်ခုန်နေကြသည်။ ဤသည်ကို သူတော်ငတေက. .

“နင်တို့ကောင်တွေ ယောက်ျား မဟုတ်ကြဘူးလား။ ငကြောက်တွေများလိုက်တာ။ ဘယ်လူ သူခိုးစွပ်စွဲရမှန်းတောင် မသိတော့ဘူး။ ကဲ အကုန် အင်္ကျီချွတ်ပြီး ဒီမှာ လာပုံကြစမ်း။ ဒီလောက် ခေါင်းမာတဲ့ ဖိနပ်သူခိုး၊ ဒီတစ်ခါတော့ ငါ့စကြာကြိမ်နဲ့ တွေ့ကြပြီပေါ့ကွာ။ ချွတ်၊ ချွတ် မြန်မြန် အင်္ကျီချွတ်ပြီး ဒီမှာ လာပုံကြစမ်း”

ဟု ပြောပြီး ဘုန်းတော်ကြီး၏ လက်သုံးတော် ထားဝယ်ကြိမ်ကို သွားယူကာ ကြိမ်ဝင့်၍ ကျွန်ုပ်တို့ ကျောင်းသားအားလုံး အင်္ကျီချွတ်ပုံထားကြသော အနားသို့ ရောက်လာသည်။

“ခွေးမသားသူခိုး။ ကဲကွာ ကဲကွာ ငါ့အမိန့် မဟုတ်၊ ဆရာတော်အမိန့် ပေါ်စေ၊ ပြစေ၊ ဒူဝေဝေ၊ ပေါ်လဟယ်ပေါ်၊ ပြလဟယ်ပြ၊ ဦးဖွသွားဟ”

ဟု ဆိုပြီး ကျောင်းသားနှစ်ဆယ်ကျော် ချွတ်ပုံထားကြသော အင်္ကျီပုံကြီးကို ကြိမ်လုံးနှင့် နှစ်ချက် ကြက်ခြေခတ်ရိုက်သည်။ သူတော်ငတေက အင်္ကျီပုံကြီးကို ဒေါမာန်ပါပါ ရိုက်လိုက်စဉ်က ကျွန်ုပ်တို့မှာ ကျောချမ်း၍ ကြက်သီး တဖြန်းဖြန်းပင် ထသွားကြသည်။

“ကဲ လာကြ၊ ကိုယ့်အင်္ကျီပဲ ကိုယ်ယူဝတ်နော်။ မမှားစေနဲ့။ အင်္ကျီ ဝတ်ပြီးရင် ကျောင်းအောက်မှာ သွားထိုင်နေကြ။ ငါမခေါ်ဘဲ ဘယ်သူမှ ကျောင်းပေါ် တက်မလာရဘူး။ အားလုံး ကြားလား”

“မှန်ပါ့ဘုရား၊ တင်ပါ့ ဘိုးဘိုး၊ ဟုတ်ကဲ့ပါ ဘဘ၊ ဟုတ်ကဲ့ပါ ဦးဦး”

ဟု ကြောက်ကြောက်ရွံ့ရွံ့နှင့် ဘုန်းကြီးကို ပြောသလို ပြောသူကပြော သူတော်ငတေနှင့် ဆွေမျိုးနီးစပ်တော်သူများကလည်း ယခင် ခေါ်ပြောနေကျအတိုင်း ခေါ်ပြောသူပြောနှင့် ကိုယ့်အင်္ကျီကိုယ် ယူဝတ်ကာ ကျောင်းအောက်သို့ ဆင်းလာကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် မနက်(၈)နာရီ ကျော်လာသောအခါ ရွာထဲ ဆွမ်းခံဝင်ကြရမည့်အဖွဲ့ အလှည့်ကျကျောင်းသားများ တက်လာကြဟု သူတော်ငတေက လှမ်းအော်ပြောသဖြင့် အလှည့်ကျကျောင်းသားများ ဆွမ်းခံထွက်ကြသည်။ ပန်းကန်ဆေး၊ တံမြက်လှည်း၊ ရေခပ်အဖွဲ့များကိုပါ ခေါ်ပြီး ရှိသမျှ ကျောင်းသားအားလုံးကို ကျောင်းပေါ် ပြန်တင်သည်။ တစ်ခု ထူးခြားသည်မှာ ခါတိုင်းနေ့လို ရေခပ်အဖွဲ့များသည် အင်္ကျီမချွတ်ဘဲသာ သွားကြရသည်။ ဆွမ်းအုပ်ပို့သူများလည်း အလျှိုလျှို ရွာက ရောက်လာကြရာ အားလုံးမှာ ကျောင်းပေါ် ပြန်တက်ပြီး နေ့စဉ်လုပ်နေကျ အလုပ်များကို ပုံမှန်လုပ်ကိုင်ကြပြီး နေ့ဆွမ်းစားကြသည်။

နေ့ဆွမ်းစားပြီးသည်နှင့် ကျောင်းသားများအားလုံးကို သူတော်ငတေက ကျောင်းအောက်သို့ ပြန်မောင်းချသည်။

"ငါမခေါ်ဘဲ ဘယ်သူမှ ကျောင်းပေါ် တက်မလာရဘူး။ မခေါ်ဘဲ ကျောင်းပေါ်တက်လာလို့ကတော့ ဒီမှာတွေ့လား"

ဟု ကြိမ်ဝင့်၍ ကြုံးဝါးလွှတ်သည်။ ကျွန်ုပ်တို့မှာလည်း သူတော်ငတေအမိန့်အတိုင်း အားလုံး ကျောင်းအောက် ဆင်းလာကြကာ သူတော်ငတေဘာလုပ်မည်ကို ထင်ကြေးပေး ပြောဆိုနေကြသည်။

ဆယ်မိနစ်ခန့်အကြာတွင် သူတော်ငတေက လှေကားထိပ်နားမှ လှမ်းကြည့်ပြီး ခေါ်၏။

"ကဲ တစ်ယောက် တက်လာစမ်း၊ တစ်ယောက်ပဲနော်"

အရဲရင့်ဆုံး ကျောင်းသားကြီးတစ်ယောက် ရင်ကော့၍ ကျောင်းပေါ်တက်သွားသည်။

"အင်္ကျီချွတ်နှင့် ကျောကုန်းကို ပြစမ်း"

ဟု သူတော်ငတေ အော်ပြောသံကို ကြားလိုက်ရပြီး ခဏအကြာမှာ ထိုကျောင်းသားကြီး ပြန်ဆင်းလာသည်။

"နောက်တစ်ယောက် လွှတ်လိုက်လို့ ဦးသူတော် မှာလိုက်တယ်။ တစ်ယောက် တက်သွားကွာ"

ဟု ကျောင်းပေါ်မှ ပြန်ဆင်းလာသော ကျောင်းသားကြီးက ပြော၏။ ဒုတိယမြောက် တက်သွားသော ကျောင်းသားကိုလည်း ဦးသူတော်က

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီချွတ်ခိုင်းနေသံ ကြားရသည်။ ထိုကျောင်းသားလည်း ပထမကျောင်းသားနည်းတူ ဦးသူတော်ကို အင်္ကျီချွတ်ပြခဲ့ပြီး သူ့အင်္ကျီသူ ပြန်ဝတ်ကာ ကျောင်းပေါ်က ဆင်းလာပြန်သည်။

သည်လိုနှင့် တစ်ယောက်ပြီးတစ်ယောက် ကျောင်းသားနှစ်ဆယ်ကျော်တို့ကို ကျောင်းပေါ်ခေါ်လိုက်၊ ပြန်ဆင်းခိုင်းလိုက်နှင့် ဦးသူတော်က စစ်ဆေးနေသည်မှာ နာရီဝက်နီးပါး ကြာသွားသည်။

ကျောင်းသား နှစ်ဆယ်ကျော်ကို စစ်ဆေးပြီးသောအခါ. . .

"တကယ်လို့ ငါ မရှိတုန်း ဆရာတော် ပြန်ရောက်လာရင် လှသန်းဖိနပ်ကို သူခိုးက ပြန်ထားပေးတာ တွေ့ပါပြီ ဘုရား၊ လှသန်းဖိနပ်ကို ဦးသူတော် သိမ်းထားပါတယ်လို့ လျှောက်လိုက်ကြတော့။ နို့မို့ရင် နင်တို့အကုန် ကျောက်ခွဲကုန်လိမ့်မယ်"

ဟု မှာထားခဲ့ပြီး ကျောင်းတောင်ဘက်သို့ သူတော်ငတေ ထွက်သွားလေသည်။

ထင်ထားသည့်အတိုင်းပင် ကွမ်းနှိပ်တို့ ရွာဆင်း ထမင်းစားပြီးအပြန် ညနေမိုးချုပ်စမှာ ဆရာတော် သရက်တောင်ရွာအလှူက ပြန်ရောက်လာသည်။ ဘုန်းကြီးကလည်း ရောက်ရောက်ချင်း လှသန်းဖိနပ်ကိုပင် အရေးတယူမေးသည်။ ကျောင်းသားကြီး ကျော်မောင်က သူတော်ငတေ မှာထားသည့်အတိုင်းပင် ဘုန်းကြီးကို လျှောက်၏။ ဘုန်းတော်ကြီးက. . .

"နောက်တစ်ခါဆို ဘာပျောက်ပျောက် ဦးသူတော်ကို သူခိုး ဖော်ခိုင်းပြီး သေအောင်ရိုက်မယ်၊ မှတ်ထားကြ။ ဒီတစ်ခါတော့ ငါ ခွင့်လွှတ်လိုက်မယ်။ ခု ဦးသူတော် ဘယ်မှာလဲ"

ဟု မေးရာ. .

"တပည့်တော်ရှိပါတယ် ဘုရား"

ဟု ပြောပြီး လှသန်းဖိနပ်ကို ကိုင်ကာ ဦးသူတော် ကျောင်းပေါ်သို့ တက်လာလေသည်။

ဤအဖြစ်အပျက်များကို ရွာသူရွာသားများကလည်း သိသွားကြရာ တချို့က ငယ်ကျင့်မပျောက်သော သူတော်ငတေသည် သူနာမည်ကြီးအောင် လှသန်းဖိနပ်ကို သူ တမင်ခိုး၍ ဝှက်ထားလေသလားဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ထင်မှား ပြောကုန်ကြသည်။ သို့သော် ထိုစဉ်က အလွန် ပူအိုက် သော တပေါင်းလဆုတ်ရက်၌ပင် 'ဒေါင်းသိန်း' မည်သော ကျောင်းသား တစ်ယောက်ကား သူကျောကုန်းပေါ်၌ သူတော်ငတေ၏ ကြိမ်ရိုက်ထား သော ကြက်ခြေခတ် အမှိုရာကို လူမြင်မှာစိုး၍ တစ်လကိုးသီတင်း လူရှေ့ အင်္ကျီမချွတ်ရဲဘဲ နေခဲ့ရသည်ကို မည်သူမျှ သတိမထားမိခဲ့ကြပေ။

ဒေါင်းသိန်းအား သတိထားမိခဲ့ကြသည်မှာ ထိုနေ့၊ ထိုရက်ကစပြီး ဒေါင်းသိန်းသည် သူတော်ငတော် ခိုင်းသမျှ မငြိုမငြင် လုပ်ပေးတတ် သည်။ သူတော်ငတေ၏ စကားဆိုလျှင်လည်း ဆရာတော်အမိန့်ထက်ပင် နာခံ ကျိုးနွံခဲ့သည်။ သူတော်ငတေ သွားရာနောက် တကောက်ကောက် ပါနေတတ်သည်။ ဒေါင်းသိန်းသည် သူတော်ငတေ၏ အန္တေဝါသိကတပည့် ဖြစ်လာသည်။ လူပျိုကြီးဖြစ်၊ အိမ်ထောင်ကျပြီးသောအခါ ပန်းရောင်ပဝါ အနီပေါင်းနှင့် ဆေးဆရာ၊ ပယောဂဆရာကြီးဦးဒေါင်းသိန်း ဖြစ်လာလေသည်။

ထိုအခါမှ ဆရာကြီးဦးဒေါင်းသိန်း ပြောပြ၍ သိကြရသည်မှာ ထိုစဉ်က သူတော်ငတေသည်ကျောင်းသားနှစ်ဆယ်ကျော်၏အင်္ကျီကိုကြိမ်နှင့်ကြက်ခြေခတ်ရိုက်၍ ပြန်ဝတ်ခိုင်းရာ ဒေါင်းသိန်း၏ နောက် ကျောမှာ မနာမကျင်ဘဲ ကြက်ခြေခတ်အမှိုရာ ပေါ်လာသည်ဟု ဆိုသည်။ သူတော်ငတေက လူတွေသိပြီး သူ သိက္ခာကျမှာစိုးသဖြင့် ဤသည်ကို ဖုံးထားခိုင်းခဲ့သည်။ ထိုအမှိုရာတွေမှာ မနာမကျင်သော်လည်း တစ်ပတ် ကျော်ကြာမှ လုံးလုံးပျောက်သွားသည်။ သို့သော် သူက လူသိမှာ၊ လူမြင်မှာ စိုး၍ တစ်လလောက်ပင် လူရှေ့သူရှေ့ အင်္ကျီမချွတ်ဝံ့ဘဲ နေခဲ့ရကြောင်း ပြောပြသည်။

လှသန်းဖိနပ်အား သူ ယူဝှက်ထားခဲ့ရသည့် အကြောင်းမှာ လှသန်း သည် ကြေးရတတ်သားပိပိ အကြွားသန်ခြင်း၊ ဒေါင်းသိန်း ကျောင်းသား သစ်အဖြစ်နှင့် ကျောင်းရောက်လာစဉ်က နှိမ်ခြင်း၊ စာသင်ပြရာ၌ တမင် စာမရသည်ကို အကြောင်းပြ၍ ရိုက်နှက်ခဲ့ခြင်းတို့ကြောင့် အငြိုးနှင့် လှသန်းအလှူပွဲမှာ အရှက်ကွဲအောင် လုပ်မိခဲ့ခြင်းတို့ကို ပြန်ပြောပြလေသည်။

၆ ၆ ၆

*(ဂုဏ်ရည်မဂ္ဂဇင်း၊ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ)*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ အညာတိုးဆေး

စာရေးသူတို့အရပ်သည် မြန်မာနိုင်ငံ၏ အစွန်ဆုံးအရပ် ဖြစ်သည်။ တောတောင်ထူထပ်သည်။ သားရဲတိရစ္ဆာန်များ ပေါများသည်။ ခေတ်မီတိုးတက်ဖွံ့ဖြိုးမှုဆို၍ ထိုစဉ်က လုံးဝ မရှိ။ အတန်းကျောင်း (လောကဓာတ်ကျောင်း) ဆိုသည်မှာလည်း ထိုစဉ်က မရှိ။ မည်မျှ ခေတ်နောက်ကျသနည်းဆိုလျှင် ကျွန်ုပ်တို့ ငယ်စဉ်က ကံ့ကူဆံ မီးသွေးသင်ပုန်းတို့နှင့်သာ ဘုန်းတော်ကြီးကျောင်း၌ မြန်မာစာ သင်ကြားခဲ့ကြရသည်။ ပထဝီ၊ သိပ္ပံ၊ ဓာတုဗေဒ ဆိုသည်ကိုပင် မကြားဘူးကြ။

ပြည်မနှင့်စာလျှင် ပုဂံခေတ်နှင့်ပင် နှိုင်းယှဉ်၍ရသည်။ ဦးကျည်ပွေ့ရဟန်းတော်သည် စာသင်လို၍ ဘုရင်မင်းထံ ကံ့ကူဆံ အလှူခံဝင်ရသည်ကို စာဖတ်သူများ ကျောင်းစာ၌ သင်ကြားခဲ့ဖူးကြပြီး ဖြစ်ပါသည်။ ကံ့ကူဆံနှင့် မီးသွေးသင်ပုန်းဆိုသည်ကို ယခုအခါ ပြတိုက်များ၌သာ ရှေးဟောင်း ပစ္စည်းများအဖြစ် မြင်နိုင်၊ တွေ့နိုင်ကြပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့ဒေသခံ လူများသည် အစွဲအလမ်း ကြီးကြသည်။ စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ မှင်စာ စသည်တို့ကိုလည်း အယုံအကြည်များကြသည်။ မြန်မာမှုနယ်ပယ်မှ ရှေးကျ၍ နက်နဲခက်ခဲသော လောကီပညာ အစီအမံများကိုလည်း အတော်အတန် တတ်ကြသည်။ ထို့ကြောင့် ယခု သူတော်ငတေ၏ လောကီပညာ အစီအမံတစ်ခုကို တင်ပြလိုက်ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ဘုန်းကြီးကျောင်း၏ တောင်ဘက်တွင် တော၊ တောင်၊ ချောက်ကမ်းပါးကြီးများ ရှိသည်။ ချောက်ကမ်းပါးတွင် ခွေးအများ၏ သားရဲတွင်းများလည်း ရှိသည်။ ကျောင်းပရိဝုဏ် တစ်ခုလုံးတွင် သရက်၊ ပိန္နဲ၊ နရွဲ၊ မာလကာ၊ သဘော်နှင့် ငှက်ပျောတောကြီးများလည်း ရှိသည်။

ငှက်ပျောတောထဲမှ သီးမွှေးငှက်ပျောခိုင်ကြီး တစ်ခိုင်သည် အသီးထွား၊ အလေးစီးကာ ကျောင်းတပ်စည်းရိုး၏ အပြင်ဘက်ကို ကိုင်းညွှတ်ကျနေသည်။ ကျောင်းတပ်စည်းရိုးနှင့် ကပ်လျက်တွင် လူသွားလမ်း ရှိသည်။ ထိုလမ်းမှာ ကျောင်းသားများနှင့် ရွာသူရွာသားများ ရေကန်သို့ ရေခပ်သွားရာလမ်းလည်း ဖြစ်သည်။ ထို့ကြောင့် တပေါင်း၊ တန်ခူး နွေလရောက်လျှင် ညကျမှ ရေချိုးသွားသူ၊ ရေခပ်ပြန်သူများသည် ထိုလမ်း၌ ည(၉)နာရီ (၁၀)နာရီထိ မပြတ်ကြ။ စကားတပြောပြောနှင့် ရေခပ်သွားသူ၊ ရေခပ်ပြန်သူများကို ကျောင်းပေါ်ကပင် ကြားနေရသည်။

ကျောင်းခြံတပ်စည်းကိုကျော်၍ လမ်းမပေါ် ကိုင်းညွှတ်ကျနေသော သီးမွှေးငှက်ပျောခိုင်ကြီးမှာ အလုံးထွား၊ အခိုင်ကြီးသဖြင့် ဘုန်းကြီးနှင့် တကွ ဦးပဉ္ဇင်း၊ ကိုရင်၊ ကျောင်းသားကြီးများကပါ ငှက်ပျောခိုင်ကြီးကို အရိပ်တကြည့်ကြည့် ရှိနေကြသည်။ လူသွားလူလာများသော လမ်းပေါ်ကို ကိုင်းညွှတ်ကျနေသဖြင့် စိတ်မချသော ကိုရင်ကြီးနှင့် ကျောင်းသားကြီးများက ရင့်သည်နှင့် ခုတ်ပြီးအုပ်ထားကြရန် ပြောသည်ကို ဦးပဉ္ဇင်းကြီးက ပင်ထက်မှည့်အောင်ထားမည်။ ဤငှက်ပျောပင်မှာ သူ စိုက်သော ငှက်ပျောပင်ဖြစ်သဖြင့် သူ့သဘောအတိုင်းသာ ဖြစ်ရမည်။ လက်ရင်းဖီးမှ တစ်လုံး၊ နှစ်လုံး ဝင်းမှည့်လာမှ ခုတ်မည်။ မည်မျှ အသီးထွား၍ မည်မျှ ချိုသည်ကို စံအဖြစ် သိနိုင်ရန်ထားမည်ဟု အခုတ်မခံဘဲ တားထားသည်။

သီးမွှေးငှက်ပျောခိုင်မှာ လမ်းပေါ်က လှမ်းဆွဲခုတ်လျှင်လည်း မီနိုင်သဖြင့် ရေခပ်သွားရင်း ပြန်ရင်း တစ်ယောက်ယောက် ခိုးခုတ်သွားလျှင် မစားလိုက်ရဖြစ်မည်ဟု ဦးပဉ္ဇင်းကြီးအား ပြောကြားသောအခါ ဦးပဉ္ဇင်းကြီးက ကျောင်းပိုင် ငှက်ပျောခိုင်မှန်း လူတိုင်းသိသဖြင့် ရပ်ထုံး၊ ရွာထုံးအရ မည်သူမျှ ခုတ်ရဲမည် မဟုတ်ဟု စိတ်ချလက်ချပင် ပင်ထက် မှည့်အောင် ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ကျောင်းသားကိုရင်များ စိုးရိမ်ကြသလို တစ်နေ့ညတွင် သီးမွှေးငှက်ပျောခိုင်ကြီးကို လူခိုးခုတ်သွားလေသည်။ အရိပ် တကြည့်ကြည့် ရှိနေခဲ့ကြသော ငှက်ပျောခိုင်မှာ ယခုအခါ ရိုးတံသာ ကျန်တော့သည်။ ညက မည်သူ ခိုးခုတ်သွားမှန်း မသိ။

ညက ငှက်ပျောခိုင်ကြီး ပျောက်သွားသဖြင့် ကိုရင်၊ ကျောင်းသား ကြီးများက ဦးပဥ္စင်းကြီးကို အပြစ်တင်ကြသည်။ သူတို့ ပြောတုန်းကသာ ငှက်ပျောခိုင်ကြီးကို ခုတ်ထားကြလျှင် ယခုလောက်ဆို ဘုန်းတော်ကြီးနှင့် တကွ အကုန်စားကြရမည်။ အခုကား ငှက်ပျောခိုင်ကြီးမှာ သူခိုးနောက် ပါသွားလေပြီ။

ထိုအခါ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားကြီးများက ငှက်ပျောခိုင် သူခိုးကို အမျိုးမျိုး ထင်ကြေးနှင့် ဟိုလူသည်လူ စွပ်စွဲပြောဆိုနေကြသည်။ ညက ရေခပ်လမ်းတွင် မည်သူ၊ မည်ဝါ၊ မည်သည့် အချိန်က ရေခပ်ပြန် သည်။ ရေခပ်သွားသည်ကိုလည်း စုံစမ်းမေးမြန်းကြသည်။ ရေခပ်အသွား အပြန် လူများမှာ မိန်းမ၊ ယောကျ်ား တစ်ရွာလုံးသားများ ဖြစ်နေကြသဖြင့် မည်သူ့ကိုမှ အတပ်စွပ်စွဲ၍ မရ။ နောက်ဆုံး စွပ်စွဲခံကြရသူတွေမှာ ထုံးစံ အတိုင်း ရွာကာလသားများ ခေါင်းပေါ် ကျသည်။ ကြက်ခိုး၊ ငှက်ခိုး၊ ဘူးသီးခိုးကအစ ကာလသားများသာ လုပ်တတ်ကြသော အလုပ်များ ဖြစ်သည်။ သို့သော် ကာလသားများထဲမှ မည်သူမည်ဝါကို ဖော်ထုတ် စွပ်စွဲကြရမှန်းလည်း မသိကြသောအခါ ခြေတံရှည်ကျောင်းအောက်၌ ကွပ်ပျစ်ခင်း ထရံကာ ဖိုရှုံလုပ်နေသော သူတော်ငတေဆီ ငှက်ပျောခိုင် ပြဿနာက ရောက်လာလေသည်။

ဦးပဥ္စင်းကြီးက ကျောင်းအောက်နေ သူတော်ငတေဆီ သူခိုးဖော် ခိုင်းရန် သွားသည်။ ဦးပဥ္စင်းနောက်တွင် ကိုရင်ကြီးနှင့် ကျောင်းသားကြီး များလည်း တန်းစီလိုက်ပါလာကြသည်။

"ဦးသူတော်၊ ကျုပ်တို့ကို ကူညီပါဦးဗျ"

ဟု ဦးပဥ္စင်းကြီးက ပြောသောအခါ သူတော်ငတေ ဖိုထိုးနေရာက လှည့်ကြည့်သည်။

"ဘာကူညီရမှာလဲ ဦးပဥ္စင်း"



www.burmeseclassic.com

www.burmeseclassic.com



"ခု ကျုပ်တို့ကျောင်းခြံထဲက သီးမွှေးငှက်ပျောခိုင်ကြီးတစ်ခိုင် ညက ပျောက်သွားတယ်ဗျ။ အဲဒါ အရင်နှစ်က လှသန်းဖိနပ်ကို ပြန်ရအောင် လုပ်သလို ဦးသူတော် လုပ်ပေးစမ်းပါ။ ဒီငှက်ပျောခိုင်ကြီးက အသီးထွားလို့ ကျုပ်ကလည်း ပင်ထက်မှည့်အောင်ဆိုပြီး ထားမိတာ ခုတော့ သူခိုးလက်ထဲ ပါသွားပြီ။ ဆရာတော်သိရင်လည်း စိတ်ကောင်းမှာ မဟုတ်ဘူး။ ကျုပ်တို့ ရွာမှာ ကျောင်းပစ္စည်းခိုးတယ်ဆိုတာ တစ်ခါမှ မကြားဘူး၊ မကြုံဖူးပါဘူး။ အဲဒါကြောင့် ဒီသူခိုးကို မှတ်လောက်သားလောက်အောင် ဦးသူတော် အစွမ်းနဲ့ ဆုံးမပေးစမ်းပါဗျာ"

"ဟာ. . . ဘုန်းကြီးကျောင်းက ပစ္စည်းခိုးတယ်ဆိုတာ ဟုတ်တာပ၊ ရွာနာတယ်လေ။ ခွေးမသားသူခိုးကို မျက်ရည်စက်လက်နဲ့ကို ငှက်ပျောခိုင် ထမ်းပြီး ကျောင်းဝင်းထဲ ဝင်လာအောင် တပည့်တော် လုပ်ပြပါ့မယ် ဦးပဥ္စင်း။ စိတ်ချ၊ စိတ်ချ ငှက်ပျောခိုင်ကို ပြန်ကိုရစေရမယ်"

"အေးဗျာ၊ လုပ်စမ်းပါ။ အဲဒါကြောင့်လည်း ဦးသူတော်ကို ကျုပ်တို့က အားကိုးတကြီး လာပြောတိုင်ပင်ကြရတာဗျို့။ လုပ်စမ်းပါ"

"ဦးပဥ္စင်းတို့ ငှက်ပျောခိုင်က ဘယ်နေရာက ပျောက်သွားတာလဲ။ တပည့်တော် လိုက်ကြည့်ပါရစေ"

ဟု ပြောပြီး သူတော်ငတေ ထလိုက်လာသည်။ ဦးပဥ္စင်းနှင့် ကိုရင်၊ ကျောင်းသားကြီးများက သူခိုးခိုးသွား၍ အညာတံသာ ကျန်တော့သော ငှက်ပျောခိုင်အညာတံကို လိုက်ပြကြသည်။

သူတော်ငတေက ငှက်ပျောခိုင်အညာတံကို ကြည့်ပြီး ခေါင်းခါပြ၏။

"ဟင်. . . ဦးသူတော်၊ ငှက်ပျောခိုင် ပြန်မရနိုင်တော့ဘူးပေါ့၊ ဟုတ်လား"

သူတော်ငတေက ခေါင်းခါသည်ကို မြင်၍ ဦးပဥ္စင်းက မေး၏။

"ငှက်ပျောခိုင်ကတော့ ပြန်ရမှာ မဟုတ်တော့ဘူး ဦးပဥ္စင်း"

"ဟင်. . . ဘာဖြစ်လို့လဲဗျ"

"အေးလေ၊ ဦးသူတော် စောစောက ပြောတော့ မျက်ရည်စက်လက်နဲ့ကို ငှက်ပျောခိုင်ထမ်းပြီး ပြန်လာပို့အောင် လုပ်ရမယ်ဆို"

ဦးပဥ္စင်းနှင့် ကိုရင်ကြီးတို့က ဦးသူတော်၏ မျက်နှာကို စေ့စေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ နားမလည်သလို ပြန်မေးကြ၏။

"စည်း. . . စည်းကြောင့်ပဲ ဦးပဥ္စင်း၊ စောစောက ဦးပဥ္စင်းက အမိန့်ရှိတော့ ကျောင်းဝန်းထဲ ငှက်ပျောခြံကထင်လို့ တပည့်တော် ပြောမိလိုက်တာ။ ခုက ကျောင်းအပြင်စည်းရောက်နေတဲ့ ငှက်ပျောခိုင်ဆိုတော့ တပည့်တော် လျှောက်မိသလို မဖြစ်နိုင်တော့ဘူး။ စည်းအပြင်ရောက်နေတဲ့ ငှက်ပျောခိုင်ကို ဘယ်ပြန်ရအောင်လုပ်လို့ ဖြစ်တော့မလဲ။ စည်းဟာ သိပ်အရေးကြီးတယ်။ အဲဒါကြောင့် ရပ်စည်း၊ ရွာစည်း၊ ကျောင်းစည်း၊ ခြံစည်း၊ တပ်စည်းဆိုတဲ့ စည်းတွေဟာ ရှေးရှေးလူကြီးတွေက အလကားထားခဲ့ကြတာ မဟုတ်ဘူး။ ဦးပဥ္စင်းတို့ ကြားချင်မှ ကြားဖူးကြမှာ။ စည်းပေါက်လို့ တပည့်တော်တို့ မြန်မာနိုင်ငံတစ်ခုလုံး ကျွန်သပေါက်ဖြစ်ခဲ့ရတာ ကြားဖူးလား"

"မကြားဖူးပါလား၊ ပြောပါဦး"

"ဒီလို. . . ဦးပဥ္စင်းရဲ့၊ တပည့်တော်တို့ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ လာသိမ်းပြီးစကပေါ့။ အဲဒီအချိန်တုန်းက တပည့်တော်တို့ မြောက်ပိုင်းမှာ ကဝိလမိုင်းဆိုတဲ့ လောကီပညာရှင် ပုဂ္ဂိုလ်တစ်ဦး ရှိခဲ့တယ်။ အဲဒီ ကဝိလမိုင်းဆရာဟာ အင်္ဂလိပ်တွေကို ပြန်တိုက်ဖို့အတွက် ဘယ်လို အစီအမံတွေ လုပ်သလဲဆိုတော့ စစ်သားတွေ စုဆောင်းတယ်။ စစ်သားဆိုပေမယ့် သူက လူစစ်သားတွေ စုတာ မဟုတ်ဘူး။ စက္ကူစစ်သားတွေ။ လောကီအစီအမံနဲ့ စုဆောင်းတာ။ စက္ကူတွေကို လက်ညှိုး၊ လက်မ အဖွဲ့အစတွေညှပ်ပြီး သေတ္တာထဲ ထည့်ထားတယ်။ ပြီးတော့ သူ့သင်္ခမ်းရှေ့မှာ မောင်းတစ်လုံး ချိတ်ထားတယ်။ ကဝိလမိုင်းဆရာက သူ့သင်္ခမ်းကိုလည်း စည်းသုံးတန်တားထားတယ်။ သူ ဘယ်သွားသွား၊ ဘယ်လောက် အရေးကြီးကြီး ဒီမောင်းကို ဘယ်သူမှ မထုရဘူးလို့လည်း သွားခါနီး လာခါနီးမှာ နေ့စဉ် မှာတတ်တယ်တဲ့။ ဒါနဲ့ တစ်နေ့ သူ ရွာထဲ ဆွမ်းခံသွားတော့ သူ့တပည့်တစ်ယောက်က ဆရာကြီးက သူ ဘယ်သွားသွား ဒီမောင်းကို မထုဖို့ နေ့တိုင်း မှာတာပဲ။ ဒီမောင်းကိုထုရင် ဘာများ ဖြစ်မလဲလို့ စမ်းကြည့်တဲ့သဘောနဲ့ မောင်းကို ထုလိုက်တယ်တဲ့။ မောင်းသုံးချက်လည်း ထုပြီးရော စက္ကူတွေကို ညှပ်ပြီးထည့်ထားတဲ့ သေတ္တာကြီးဟာ


www.burmeseclassic.com

www.burmeseclassic.com



အလိုလို ပွင့်လာပြီး ခေါ်၊ လုံကိုယ်စီနဲ့ စစ်သားတွေ သေတ္တာထဲက ကြွေးကြော်ပြီး ထွက်လာကြတယ်တဲ့။ သူ့အစီအမံကလည်း မပြီးသေးတော့ ကဝိလမိုင်းဆရာဟာ မောင်းထုသံကြားတာနဲ့ သူ့သင်္ခမ်းကို ပညာသည် တစ်ယောက်ယောက်တော့ ဝင်ဖျက်ပြီအထင်နဲ့ စိုးရိမ်တကြီး ပြေးလိုက်လာတော့ သူ စီမံထားတဲ့ စက္ကူစစ်သားတွေဟာ စည်းနှစ်တန်ကိုတောင် ကျော်လာနေကြပြီတဲ့။ ဒါနဲ့ အစီအမံ မပြီးသေးတော့ အင်္ဂလိပ်တွေကို သွားတိုက်ကြရင်လည်း နိုင်ချေ မရှိသေးတာနဲ့ ကဝိလမိုင်းဆရာဟာ စည်းထဲခုန်ဝင်လိုက်ပြီး သူ့စစ်သားတွေကို အစီအမံနဲ့ သေတ္တာထဲကို မန်းမှုတ်ပြန်သွင်း ထားလိုက်ရတယ်တဲ့။ စစ်သားတွေ သေတ္တာထဲက ထွက်လာကြတည်းကပင် ကြောက်လန့်ပြီး ထွက်ပြေးသွားကြတဲ့ သူ့တပည့်တွေဟာ အင်္ဂလိပ်ဆီ ရောက်သွားပြီး ကဝိလမိုင်းဆရာရဲ့ အစီအမံတွေကို ပြောပြကြတော့ အင်္ဂလိပ်က ကဝိလမိုင်းဆရာကို ဖမ်းပြီး သတ်ပစ်လိုက်တယ်။ သူ တစ်ဦးတည်းကို မဟုတ်ဘူး။ တပည့်တော်တို့ပြည်မှာ ရှိရှိသမျှ လောကီပညာသည် အားလုံးကို ဖမ်းသတ်ကြတယ်။ လောကီပညာသည်တင်မကဘူး။ နောက်တော့ မြန်မာသမားတော်တွေကိုပါ ဖမ်းပြီးသတ်ကြတယ်။ အဲဒီ အချိန်ကစပြီး လောကီပညာတွေဟာ တိမ်မြုပ်ပျောက်ကွယ်သွားပြီး အင်္ဂလိပ်တွေလည်း အထက်မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့ကြတယ်။ စည်းဟာ လောကီပညာ အစီအမံအတွက် အလွန် အရေးကြီးတယ်။ ရွာစည်း၊ ကျောင်းစည်း၊ နယ်စည်း၊ ပြည်စည်းသာ မဟုတ်ဘူး။ လူတိုင်းလူတိုင်းမှာ ကိုယ်စည်း၊ နှုတ်စည်းဆိုတာလည်း အင်မတန် အရေးကြီးပါတယ်။ တပည့်တော်တို့ လောကီအစီအမံ. . . ”

“ဒါဆို ခု ကျောင်းတပ်စည်း အပြင်ဘက်ကို ကိုင်းသီးနေတဲ့ ငှက်ပျောခိုင်ကို သူခိုးခိုးသွားတာ ခင်ဗျား ဘာမှ မတတ်နိုင်တော့ဘူးပေါ့ ဟုတ်လား”

ငှက်ပျောခိုင် ပြန်ရရေးသာ စိတ်စောနေသော ဦးပဥ္စင်းကြီးက သူတော်ငတေ ရှည်ရှည်ဝေးဝေး တောပြောတောင်ပြော လျှောက်ပြောနေသည်ကို စိတ်မရှည်တော့သဖြင့် ခပ်ဆတ်ဆတ် စကားဖြတ်မေးလိုက်သည်။

“နဂိုကပင် စည်းအပြင်ဘက် သွားသီးပြီး ခုလည်း စည်းအပြင်ဘက် ရောက်သွားတဲ့ ငှက်ပျောခိုင်ကို ပြန်ရအောင်တော့ တပည့်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မစွမ်းနိုင်တော့ပါဘူး ဦးပဥ္စင်း။ ဒါပေမယ့် ဒီငှက်ပျောခိုင် သူခိုးလည်း ကျောင်းဝင်းထဲက ငှက်ပျောသီးကို စားလို့မရအောင်တော့ တပည့်တော် လုပ်တတ်ပါတယ်"

"ဟာ ဒါဆိုလည်း မဆိုးပါဘူး ဦးသူတော်ရယ်။ လုပ်စမ်းပါဗျာ။ ကျောင်းက ငှက်ပျောခိုင်ကိုမှ ရွေးခိုးတဲ့ သူခိုးလည်း သူခိုးလာခဲ့တဲ့ ငှက်ပျောသီးကို စားမရရင် နောက်နောင် ကျောင်းဝင်းထဲက ဘာပစ္စည်းမှ မခိုးရဲအောင်ပေ့ါဗျာ။ လုပ်စမ်းပါ"

"မှန်ပါ့ဘုရား"

ဟု ပြောပြီး သူတော်ငတေသည် ဦးပဥ္စင်းကြီး နောက်မှ လေးငါးယောက်ရှိနေသော ကျောင်းသားကြီးများကို စိုက်ကြည့်ပြီး တစ်ယောက်စီကို နာမည်မေးသည်။

"မင်းနာမည်"

"အောင်ကျော်ပါခင်ဗျာ"

"မင်းနာမည်ကော"

"ထွန်းသာအောင်"

"မင်းနာမည်"

"ဝယ်ချေးအောင်"

"ဟင် မင်းနာမည်ကလည်း အဆန်းပါလား"

"ဘာမှ မဆန်းဘူး ဦးသူတော်။ ဒီကောင့် အမေ၊ အဖေတွေက ကလေး အဖတ်မတင်လို့ သူ့ဘကြီး သူကြီးက ပထမ ဝယ်မွေးစားထားတယ်။ နောက် နည်းနည်းကြီးလာတော့ သူ့အမေ၊ အဖေတို့ကို ပြန်ပေးမယ်။ ခဏ ချေးငှားတဲ့သဘောနဲ့ အိမ်ပြန်ခေါ်ထားကြပြန်ရော။ ဒါနဲ့ ဝယ်လိုက်၊ ချေးလိုက် လုပ်ခဲ့ကြလို့ ဝယ်ချေးအောင် ဖြစ်လာတာ"

"ဟာ ဒါဆို ဟုတ်ပြီ ဦးပဥ္စင်း၊ ဟော့ကောင် ဝယ်ချေးအောင်၊ မင်း ဝါးလုံးပိုင်း တစ်ပိုင်းယူပြီး ဘုန်းကြီးကုဋီ (ရေအိမ်)ကို သွားစမ်း။ ဝါးလုံးအဖျားနဲ့ ကုဋီထဲက ချေးမစင်တွေကို ထိုးမွှေပြီး ဒီကို ယူလာခဲ့။ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားတွေအားလုံး နောက်ဆုတ်ကြ။ ဘုန်းကြီးချေးဟာ အင်မတန် အာနိသင်ကြီးတယ်။ စည်းချရမယ်။



www.burmeseclassic.com

www.burmeseclassic.com



စည်းထဲ ဘယ်သူမှ မဝင်ရဘူးနော်။ ဟော့ကောင် ဝယ်ချေးအောင်”

“ခင်ဗျာ”

“မင်း ဝါးလုံး ချေးသုတ်ယူလာတဲ့အခါ ဒီစည်းထဲ မဝင်ရဘူးနော်။ မင်းအပြင်က ငါ့ကို အဲဒီဝါးလုံး ချေးသုတ်လှမ်းပေး။ ကဲ သွား. . . သွား၊ မြန်မြန်သွား”

ဝယ်ချေးအောင်ဆိုသော ကျောင်းသားကြီး ကုဋီဘက် ထွက်သွားသည်။ သူတော်ငတေက သစ်ခက်ပိုင်းတစ်ခုကို ချိုးယူပြီး သူခိုး ခိုးခုတ်သွားသော ငှက်ပျောခိုင်ရိုးတံအောက် စည်းဝိုင်း ဝိုင်းသည်။ ငှက်ပျောညှာတံကို လှမ်းကိုင်၍ ပါးစပ်က ပွစိပွစိ မန်းမှုတ်နေသည်။

ဝယ်ချေးအောင် ပြန်လာ၍ ဝါးလုံးချေးသုတ်ကို လှမ်းပေးသောအခါ ငှက်ပျောခိုင် ညှာတံထိပ်ဝကို ဝါးလုံးထိပ်နှင့် ချေးမစင်သုတ်သည်။ ပြီးသည်နှင့်. . .

“ကိုင်း အားလုံး ကျောင်းကို သွားကြတော့ ဘယ်သူမှ လှည့်မကြည့်ရဘူးနော်။ ယောင်လို့ကို မကြည့်ကြနဲ့”

ဟု ပြောပြီး နှင်လွှတ်သည်။ သူတော်ငတေ ဘာလုပ်သည်ကိုမူ လှည့်မကြည့်ရသဖြင့် မည်သူမျှ မသိကြပေ။

တစ်ရက်၊ နှစ်ရက် ကြာတော့ သူတော်ငတေကို ဦးပဥ္စင်းကြီးက မေး၏။

“ဦးသူတော်၊ ခင်ဗျားဟာ ဘာမှလဲ ဖြစ်မလာပါလား”

“ဦးပဥ္စင်းကို တပည့်တော်က ဘာဖြစ်မယ်ပြောလို့လဲ”

“ဟ. . . ခင်ဗျားဟာ သူခိုးမဖော်ဘူးလား”

“စည်းအပြင်မှာ သွားသီးတဲ့ ငှက်ပျောခိုင်ပါဆို ဘယ်လိုလုပ် သူခိုးဖော်ရမလဲ”

“ဟောဗျာ၊ ခင်ဗျားဟာက သူခိုးလည်း မဖော်၊ အဲဒီ ငှက်ပျောသီးလည်း ဘယ်လူမှ မစားကြရဘူးဆိုတော့ ဘာအကျိုးရှိလဲ။ ကုဋီထဲ ချေးသွားယူတဲ့အကောင် ချေးနံ့ရှူလာရတာပဲ အဖတ်တင်တာပေါ့”

“မှန်တာပေါ့၊ ဘုန်းကြီးချေးလည်း နံတာပဲ မဟုတ်လား။ တပည့်တော်က ဦးပဥ္စင်းကြီးကို ဘုန်းကြီးချေး မွှေးပါတယ်ဘုရားလို့ လျှောက်ဖူးလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ၊ ခင်ဗျားလုပ်ရပ် ဘာမှ ဖြစ်မလာရင် ခင်ဗျား ခွပြောပြီ။ အလကား"

ဦးပဥ္စင်းက စိတ်တိုပြီး ကျောင်းပေါ်တက်သွားသည်။ သူတော်ငတေကမူ ဖိုရုံထဲတွင် တဟားဟား ရယ်၍ ကျန်ခဲ့၏။

သို့သော် မကြာပါချေ။ နောက် တစ်ရက်၊ နှစ်ရက် အကြာတွင် သူခိုးပေါ်တော့သည်။ သူခိုးမှာ မင်းရွာက မောင်ထီး ဖြစ်သည်။ မင်းရွာမှာ ရွာကြီးဖြစ်ပြီး လူနေအိမ်ခြေ များသလို လူတွေကလည်း စုံသည်။ အရက်သမား၊ ဖဲသမား၊ ဘိန်းစား၊ သူခိုး ပေါသလို လက်သမား၊ ပန်းပဲ၊ ပန်းရံ၊ စက်ချုပ်သမား၊ တံငါသည် လူစုံရှိသည်။

မင်းရွာက ဘိန်းစားမောင်ထီးသည် ကျွန်ုပ်တို့ကျောင်းက သီးမွှေးငှက်ပျောခိုင်ကို ရေသွားချိုးဟန်ဆောင်ပြီး ခိုးခုတ်သွားသည်။ ထိုငှက်ပျောဖီးများကို မင်းရွာတွင် လျှော့ဈေးနှင့် ရောင်း၏။ သူခိုးဈေးနှင့် ဝယ်နေကျလူများက ဘိန်းစားမောင်ထီးဆီက အလုံးကြီး အသီးထွားသော သီးမွှေးငှက်ပျောသီးကို ဝယ်ပြီး အုပ်ထားကြသည်။ ငှက်ပျောသီး မှည့်လာသောအခါ တစ်အိမ်လုံး ချေးစော်နံလာသည်။ အစကမူ လေတိုက်၍ အိမ်သာက အနံ့လာသည်ဟု ထင်ကြ၏။ နောက် မှည့်လာသော ငှက်ပျောသီးကို စားမည်ဟု အခွံန္ခာလိုက်သောအခါ ချေးစော်နံ၍ အော့အန်ကုန်ကြသည်။ တစ်ယောက် မဟုတ်၊ တစ်အိမ် မဟုတ်၊ ဘိန်းစားမောင်ထီးဆီက ငှက်ပျောသီး ဝယ်ယူထားသူအားလုံး၏ ငှက်ပျောသီးများက တစ်လုံးမကျန် ချေးစော်နံသည်။

ထို့နောက် ဘိန်းစားမောင်ထီးကို ကျိန်ဆဲကြကာ ထိုသတင်းကြောင့် နောက်ပိုင်းတွင် ဘိန်းစားမောင်ထီးဆီက မည်သည့်ပစ္စည်းမျှ မဝယ်ရဲကြတော့။ ဘိန်းစားမောင်ထီးလည်း ကျောင်းခြံမှ ငှက်ပျောသီးကို ခိုးမိ၍ ချက်ချင်းလက်ငင်း အကုသိုလ်ကြီးပြီဟု ကြောက်ရွံ့ကာ နောက်ထပ် ဘိန်းပါပြတ်ပြီး လူကောင်းသူကောင်း ဖြစ်သွားလေသည်။

၆ ၆ ၆

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ)*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ ဂမ္ဘီရသချာ

ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းများ၌ ကျောင်းပိတ်ရက်မှာ ဥပုသ်နေ့နှင့် အဖိတ်နေ့ ဖြစ်သည်။ ရှစ်ရက်သီတင်းတစ်ပတ်တွင် ကျောင်းနှစ်ရက်ပိတ်သည်။ ဤသည်မှာ အစဉ်အလာ ဖြစ်သည်။

သို့သော် ယနေ့ ဥပုသ်နေ့ မဟုတ်သော်လည်း ကျောင်းပိတ်သည်။ အကြောင်းမှာ ဝါဆိုမှိုပေါက်သော ရာသီဖြစ်သဖြင့် မှိုရှာသွားကြရန် ကျောင်းပိတ်ခြင်း ဖြစ်သည်။ မှိုပေါက်ရာသီတွင် ဤသို့ပင် ကျောင်းရှိ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားအားလုံး တောထဲ၊ တောင်ထဲ မှိုရှာထွက်လေ့ ရှိကြသည်။

တစ်ကျောင်းလုံး မှိုရှာထွက်ကြသော်လည်း ကျွန်ုပ် မလိုက်ရ။ အကြောင်းမှာ အငယ်ဆုံးကျောင်းသား ဖြစ်သည့်အပြင် ဖျားနေ၍ မလိုက်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျောင်းတွင် ဘုန်းကြီး၊ သူတော်ငတေနှင့် ကျွန်ုပ်တို့သုံးဦးသာ ကျန်သည်။ နေ့ဆွမ်းစားပြီး၍ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများ မှိုရှာထွက်ကာနီးတွင် ကျွန်ုပ် ငှက်ဖျားတက်လာ၍ စောင်ကို ခေါင်းမြီးခြုံကာ အိပ်ကျန်ခဲ့ရသည်။

အဖျားကျ၍ နေသာထိုင်သာရှိလာသောအခါ ကျွန်ုပ် တစ်ယောက်တည်း ပျင်းပျင်းရှိသည်နှင့် ကျောင်းအောက်သို့ ဆင်းလာသည်။ မှိုရှာထွက်သွားကြသော ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများမှာ ညနေ(၄)နာရီ၊ (၅) နာရီမှ ပြန်ရောက်လာကြမည် ဖြစ်သည်။ ထို့ကြောင့် ကျောင်းအောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဟိုဟိုသည်သည် ခဏလျှောက်နေပြီး တစ်ယောက်တည်း အပျင်းပြေ ဂုံညင်းဒိုး ပစ်ကစားနေသည်။

ထိုစဉ် ဖိုရုံထဲက ထွက်လာသော သူတော်ငတေသည် တစ်ယောက်တည်း ဒိုးပစ်ကစားနေသော ကျွန်ုပ်ကို မြင်သွားသည်။ အံ့သြသလိုနှင့် တစ်ချက်လှမ်းကြည့်ပြီး ကျွန်ုပ်အနားသို့ လျှောက်လာသည်။ အနားကို ရောက်သောအခါ မတ်တတ်ရပ်ပြီး. . .

"ဟေ့ကောင်လေး၊ နင် မှိုရှာလိုက် မသွားဘူးလား"

ဟု မေးသည်။

"တ. . . တပည့်တော် ဖျားနေလို့ပါဘုရား"

ကျွန်ုပ်က သူတော်ငတေကို ကြောက်လန့်နေသဖြင့် ဘုန်းကြီး၊ ဦးပဥ္စင်းတို့ကို ပြောသလို ယောင်မှားပြီး ရုတ်တရက် 'တပည့်တော်' ဟု ပြောမိလိုက်သည်။

"နင် ဖျားနေတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"သုံးရက်လောက် ရှိပါပြီဘဘ"

ယခုမှ သတိရပြီး သူတော်ငတေကို ယခင်က ခေါ်ပြောနေကျ အတိုင်း 'ဘဘ'ဟု ပုံမှန်ပြန်ပြောလိုက်သည်။

"ဒီလာစမ်း"

သူ့အနား လျှောက်သွားသည်။ သူတော်ငတေက ကျွန်ုပ်နဖူးကို စမ်းကြည့်၏။

"ငှက်ဖျားနဲ့ တူတယ်ကွ။ ခုတော့ ကိုယ်သိပ်မပူတော့ပါဘူး။ ဘဘ ဆေးပေးမယ်။ ခဏနေဦး"

ဟု ပြောပြီး သူ့ဖိုရုံထဲ ဝင်သွားသည်။ ခဏအကြာမှာ ပြန်ထွက်လာပြီး ဆေးမှုန့်တစ်ဇွန်းနှင့် ရေနွေးတစ်ခွက်တို့ကို ယူလာပေးသည်။ သူတော်ငတေပေးသော ဆေးနှင့် ရေနွေးကို ကျွန်ုပ် သောက်လိုက်၏။

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"ဝေယံလင်းပါ ဘဘ"

"နင် ဘယ်သူ့သားလဲ"

"ဦးပန်းဖြူသားပါ ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . နင်က ဆေးဆရာ စာဖတ်တတ်သားကိုး။ ဒီလိုမှန်းသိရင် ငါ နင့်ကို ဆေးမပေးပါဘူး"

ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်၍ ပြော၏။

သူတော်ငတေ ပြောသည်မှာ မှန်သည်။ အဖေသည် ဗိန္ဓောဆေးဆရာ ဖြစ်သည်။ လူမမာရှိ၍ လာခေါ်လျှင် ဟိုရွာ သည့်ရွာသို့ပင် လိုက်၍ ဆေးကုပေးတတ်သည်။ အဖေလိုက်ကုပေးသူများသည် ရောဂါပျောက်ကြသဖြင့် ရွာနီးချုပ်စပ်၌ နာမည်ရသည်။ ထို့ကြောင့် အများအားဖြင့် အဖေ့ကို နာမည်မခေါ်ကြဘဲ 'ဆေးဆရာ'ဟု ခေါ်ကြသူများသည်။

သူတော်ငတေပြောသော စာဖတ်တတ် ဆိုသည်မှာလည်း မှန်သည်။ ကျွန်ုပ်တို့အရပ်တွင် ဥပုသ်သီတင်းနေ့များ၌ ဥပုသ်သီတင်းသည်များကို လင်္ကာနှင့်စီထားသော ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ ကြိုက်နှစ်သက်ရာ ဇာတ်တစ်ခုခုကို စာဖတ်တတ်ဆိုသူက ဖတ်ပြတတ်သော အလေ့အထရှိသည်။ အဖေမှာ လူပြန်တော် ဘုန်းကြီးလူထွက်ဖြစ်သဖြင့် လင်္ကာစီထားသော ဇာတ်ဝတ္ထုများကို အသံနေအသံထားနှင့် ဌာန်ကရိုဏ်းကျကျ ဖတ်ပြ နိုင်သည်။ အသံကလည်း အသံဝါ၊ အသံကောင်းဖြစ်သဖြင့် အဖေ စာဖတ် ပြလျှင် ဥပုသ်သည်များစု၍ နားထောင်ကြသည်။ ဝေဿန္တရာဇာတ်တော်ထဲ၌ ဂဏ္ဍာဇိမ်နှင့် ဇာလီတို့အား ဇူဇကာပုဏ္ဏား နှိပ်စက်ခန်းရောက်လျှင် ဥပုသ်သည်မများ မျက်ရည်မဆည်နိုင် ဖြစ်ကြရသည်။ အဖေကလည်း ငို၍ မျက်ရည်ကျ၍ပင် ဖတ်ပြသွားသည်။ ဤသည်ကိုပင် ဥပုသ်သည်များက ပို၍ သဘောကျကြသည်။ ထို့ကြောင့် အချို့က 'စာဖတ်တတ်'ဟုလည်း အဖေ့ကို ခေါ်ကြသည်။

"နင့်အဖေ ဆေးဆရာဆို နင့်ကို ဆေးမတိုက်ဘူးလား"

"တိုက်ပါတယ်၊ ခုတောင် တစ်ခွက်စာ ကျန်နေသေးတယ်"

"ဟယ်. . . ငါ့ဆေးနဲ့ နင့်အဖေဆေး မတည့်ရင် ဒုက္ခပဲ။ နင့်အဖေဆေး နင် ဘယ်တုန်းကသောက်လဲ"

"မနက်ကပါ"

"နင် စောစောကပြောတဲ့ တစ်ခွက်စာကျန်သေးတယ်ဆိုတာ နေ့လယ် သောက်ဖို့ပေးထားတာ မဟုတ်လား။ ဘာလို့ စောစောက



www.burmeseclassic.com

www.burmeseclassic.com



မသောက်လဲ”

“အဖေက ရေနွေးနဲ့ပဲ သောက်ရမယ်လို့ မှာထားလို့ပါ။ ခု ရေနွေး မရှိလို့ မသောက်ရသေးတာပါ”

“မနက်ကကော”

“မနက်က ရေနွေးရပါတယ်။ ကိုရင်သောဘဏ ယူပေးပါတယ်”

ကိုရင်သောဘဏမှာ ကျွန်ုပ်၏ အစ်ကိုဝမ်းကွဲ ဖြစ်သည်။ အဖေက ကျွန်ုပ်အား ကိုရင်သောဘဏကို အပ်ထား၊ မှာထားသည်။ ယခု နေ့လယ် တွင်မူ ကိုရင်သောဘဏကလည်း မို့ရှာလိုက်သွားသဖြင့် ရေနွေးမရ၍ ဆေးမသောက်ရခြင်း ဖြစ်သည်။ ဘုန်းကြီးကျောင်းတွင် ရေနွေးကို လိုအပ် မှ ကိုရင်၊ ကျောင်းသားကြီးများက တည်ခွင့်ရကြသည်။ ထိုစဉ်က ဓာတ်ဘူး စသည်တို့လည်း မရှိ။

“ဘဘဆီ လာယူရောပေါ့ကွယ်၊ ဘဘဖားဖိုမှာ ရေနွေးတည်လိုက် ရင် ဆေးတစ်ခွက်စာ ခဏလေးနဲ့ ဆူတာပေါ့။ ဒါနဲ့ နင်က ဖျားနေတယ် သာပြောတယ် စောစောက ဒိုးထိုးနေတာ ငါ တွေ့ပါလား”

“တစ်ယောက်တည်းဆိုတော့ ပျင်းပျင်းရှိလို့ပါ ဘဘ”

“ဟဲ. . . ဟဲ၊ ဘဘလည်း ပျင်းတာနဲ့ ဖိုရုံက ထွက်လာတာ။ အတော်ပဲ၊ ဘဘနဲ့ သား ရသေ့စိတ်ဖြေ ကစားကြရအောင်”

ယခင်ကလည်း သူတော်ငတေသည် မိမိတို့ကျောင်းသားများအား ရသေ့စိတ်ဖြေဟုခေါ်သော ဝါးနှီးကွင်းလေးများကို အဆက်မပြတ်စေဘဲ တစ်ကွင်းထဲ တစ်ကွင်းဝင်သွားအောင် အပျင်းပြေလုပ်ပြဖူးသည်။

“သံကွင်းမရှိလို့ မင်းတို့ကို ဒီဝါးခြမ်းကွင်းလေးနဲ့ လုပ်ပြတာ။ သံကွင်းဆို လူတွေ ပိုယုံ၊ ပိုအထင်ကြီးတာပေါ့”

ယခု မိမိအား ဘာများလုပ်ပြဦးမည်နည်းဟု ကျွန်ုပ် စဉ်းစား နေစဉ် သူတော်ငတေက. . .

“ဒီမှာ ဘဘပြမယ်။ မင်း ခု ဒီကုံညင်းဒိုးသီးတွေ ဘယ်လောက် ရှိလဲ”ဟု မေး၏။

“လေးငါးဆယ် ရှိပါတယ်ဘဘ”

“ဟုတ်ပြီ။ ဘဘ ဒီဘက်ကို နောက်ခိုင်းထိုင်နေမယ်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



သားက ဒီဂုံညင်းသီး ဒိုးလုံးတွေကို သုံးပုံ အညီအမျှပုံထား။ လုံးရေအတူတူ သုံးပုံ ပုံထားရမယ်နော်။ ဘယ်နှစ်ဆယ်၊ ဘယ်နှစ်ရာ ပုံရမယ်ဆိုတာ ဘဘ မပြောဘူး။ ပုံချင်သလောက်ပုံ။ အရေးကြီးတာက တစ်ပုံမှာ တစ်ရာ ဆိုရင် နောက်နှစ်ပုံမှာလည်း တစ်ရာပဲ ဖြစ်ရမယ်။ အပိုအလို မရှိရဘူး။ သဘော ပေါက်တယ်နော်"

"ဟုတ်ကဲ့၊ ပေါက်ပါတယ် ဘဘ"

"အေး. . . ဒါပေမယ့် ပိုသဘောပေါက်အောင် ဘဘပြဦးမယ်။ ဒီမှာကြည့်၊ အစ နှစ်ပုံက အလယ်ပုံကို သုံးလုံးစီ သွားပေါင်းထားလိုက် ဆိုရင် အစ နှစ်ဖက်မှာရှိတဲ့ ဒိုးသီးပုံထဲက သုံးလုံးစီယူပြီး ပေါင်းထားလိုက်။ ငါးလုံးစီတင် ဆိုရင်လည်း ငါးလုံးပဲယူပြီး ပေါင်းထားရမယ်။ ပြီးတော့ အစ တစ်ဖက်အပုံမှာ ကျန်တဲ့ အရေအတွက်အတိုင်း အလယ်ပုံက ပြန် ယူပြီး အစပုံထဲကို ပြန်ထား၊ အဲဒီအခါ အလယ်ပုံမှာ ဒိုးသီး ဘယ်နှစ်လုံး ကျန်နေ တယ်၊ ရှိနေတယ်ဆိုတာ ဘဘက နောက်ကို လှည့်မကြည့်ဘဲ အတပ်ဟောမယ်။ မှန်လည်း မှန်ရမယ်။ ဟုတ်ပြီလား။ ကဲ. . . စမ်းကြည့် ရအောင်။ ဒီမှာ ဘဘက နောက်ခိုင်းထိုင်နေလိုက်မယ်နော်။

ဩော်. . . ဒါနဲ့ ခဏနေဦးကွ။ မင်းပုံထားတဲ့ အလယ်ပုံက ဒိုးလုံး အရေအတွက် ဘယ်နှစ်လုံး ရှိတယ်လို့ ဘဘကို ပြန်ပြောပြဖို့ တဆွေ တစ်ကောင် လိုသေးတယ်။

ကဲ. . . ဒီကျောက်ခဲလေးကိုပဲ တဆွေလုပ်ထားခဲ့မယ်။ ဘဘ ပြောသလိုသာ ဒိုးသီးတွေပုံတော့။ ဒီမှာ ဘဘ နောက်ခိုင်းနေလိုက်ပြီနော်။ မင်း ဘယ်နှစ်လုံးစီ ပုံနေတယ်ဆိုတာ ဘဘ မမြင်ရဘူး၊ မသိဘူး။ ဒါပေမယ့် ဘဘ မှန်အောင် ဟောနိုင်တယ်။ ကဲ. . . လုပ်လုပ်"

သူတော်ငတေ လုပ်ပြထားသည့်အတိုင်း ကျွန်ုပ် ဒိုးလုံး(၃၀)ကို (၁၀)လုံးစီ သုံးပုံပုံထားလိုက်သည်။

"ပုံပြီးပြီလားကွ"

နောက်ခိုင်းထိုင်နေသော သူတော်ငတေက မေး၏။

"ဟုတ်ကဲ့၊ ပုံထားပြီးပါပြီဘဘ"

"ကောင်းပြီ၊ ဒါဆို အစနှစ်ဖက်မှာရှိတဲ့ ဒိုးသီးပုံထဲက အလယ်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နှစ်လုံးစီ တင်လိုက်”

သူတော်ငတေ ပြောသလို ကျွန်ုပ်သည် အစနှစ်ဖက်ရှိ (၁၀)လုံးစီ အပုံထဲမှ တစ်ပုံက နှစ်လုံးစီယူ၍ အလယ်ပုံတွင် ထည့်ထားလိုက်၏။ ထိုအခါ အစနှစ်ဖက် အပုံနှစ်ပုံမှာ ဒိုးသီးတစ်ပုံလျှင် (၈)လုံးစီ ကျန်၍ အလယ်ပုံမှာ (၁၄)လုံး ဖြစ်သွားသည်။

“ကဲ. . . အစနှစ်ဖက်မှာရှိတဲ့ တစ်ပုံစီက အလယ်ပုံကို ဒိုးသီး(၂) လုံးစီ ပေါင်းထားလိုက်ပြီလား”

“ဟုတ်ကဲ့၊ ပေါင်းထားလိုက်ပါပြီဘဘ”

“ဒါဆို တစ်ဖက်အစ တစ်ပုံမှာရှိတဲ့ ဒိုးသီးအရေအတွက်အတိုင်း အလယ်ပုံမှာရှိတဲ့ ဒိုးသီးထဲက ပြန်နုတ်ယူလိုက်၊ တစ်ဖက်မှာရှိတဲ့ ဒိုးသီး အရေအတွက်အတိုင်းပဲ နုတ်ယူရမယ်နော်။ နှစ်ဖက် ပြန်မနုတ်ရဘူး။ ဘဘ ပြောတာ သဘောပေါက်တယ်နော်”

“ဟုတ်ကဲ့၊ ပေါက်ပါတယ် ဘဘ”

ဟု ပြန်ပြောလိုက်ပြီး အလယ်ပုံရှိ ဒိုးသီး (၁၄)လုံးထဲမှ တစ်ဖက် အစပုံတွင်ရှိသော ဒိုးသီး (၈)လုံးအတိုင်း အလယ်ပုံထဲမှ ပြန်နုတ်ယူ လိုက်ရာ အလယ်ပုံမှာ ဒိုးသီး (၆)လုံးသာ ကျန်တော့သည်။

“ကဲ. . . တစ်ဖက်အစမှာရှိတဲ့ ဒိုးသီး အရေအတွက်အတိုင်း အလယ်ပုံက နုတ်ယူပြီးပြီလား”

“ဟုတ်ကဲ့၊ ပြန်နုတ်ယူထားပြီးပါပြီဘဘ”

“အေး. . . ဒါဆို အလယ်ပုံမှာ ဒိုးသီး ဘယ်နှစ်လုံး ကျန်တယ်ဆို တာ ဘဘက ဟောရတော့မှာပေါ့။ ဟော့ကောင် ကျောက်ခဲတစ္ဆေ အလယ် ပုံမှာ ဒိုးသီး ဘယ်နှစ်လုံးကျန်လဲ ပြောစမ်း၊ ပြောစမ်း၊ မြန်မြန်ပြောစမ်း။ ဝေယံလင်းပုံထားတဲ့ အလယ်ပုံမှာ ဒိုးသီးအလုံးရေ ဘယ်နှစ်လုံးကျန်လဲ၊ မြန်မြန်ပြောကွာ။

ဩော်. . . အင်း. . . အင်း၊ ဟုတ်လား။ အမှန်နော်၊ အေး. . . ဟုတ်ပြီ။ မမှန်ရင်တော့ ကျောက်ခဲတစ္ဆေလေး၊ နင့်ကို ငါ သံတူနဲ့ကို ရိုက်ခွဲပစ်မယ်နော်”

သူတော်ငတေက သူ့ဘာသာသူ ပြောနေ၊ မေးနေစဉ် ကျွန်ုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလယ်ပုံရှိ ဒိုးသီး (၆)လုံးကို သူတော်ငတေ တကယ်ပင် အမှန်ပြောနိုင်၊ ဟောနိုင်မည်လား ဟူသော အတွေးနှင့် ရင်ခုန်နေ၏။

"ကဲ. . . ဘဘကို ကျောက်ခဲတစ္ဆေလေးက ပြောပြီကွ ဝေယံလင်းရဲ့။ ခု အလယ်ပုံမှာ ဒိုးသီး (၆)လုံးပဲ ကျန်တယ်ဆိုပါလား။ ဟုတ်ရဲ့လားဟ၊ ကြည့်ပါဦး"

ကျွန်ုပ် အံ့သြသွားသည်။

"ဘယ့်နှယ်လဲ၊ မှန်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မှန်ပါတယ်ဘဘ"

"အေး. . . မှန်ရမှာပေါ့။ ဘဘကို ကျောက်ခဲတစ္ဆေလေးက ပြောတာကိုး။ ဒါကို မင်း မယုံသေးဘူးဆိုရင် ကဲ. . . နောက်တစ်ခါ စမ်းကြည့်ပါဦး။ ဘဘ နောက်ခိုင်းထိုင်နေမယ်"

သူတော်ငတေက ပြောပြီး နောက်ခိုင်းထိုင်နေပြန်သည်။

စောစောက ဒိုးသီးပုံတာနည်း၍ မှန်သည်ထင်သဖြင့် ဤတစ်ခါ ကျွန်ုပ် ဒိုးသီးသုံးပုံကို တစ်ပုံလျှင် အလုံး (၃၀)စီ (၃)ပုံ အလုံး (၉၀) ပုံထားလိုက်သည်။

နောက်ခိုင်းထိုင်နေသော သူတော်ငတေက မေး၏။

"ပုံပြီးပြီလား"

"ဟုတ်ကဲ့၊ ပြီးပါပြီဘဘ"

"ကဲ. . . ဒါဆို စောစောကလိုပဲ အလယ်ပုံကို နှစ်ဖက်အစ နှစ်ပုံထဲက (၅)လုံးစီ သွားပေါင်းထည့်ထားလိုက်"

"ဟုတ်ကဲ့"

"ပေါင်းထည့်ပြီးပြီလား"

"ပြီးပါပြီဘဘ"

"ဒါဆို စောစောကလိုပဲ အစတစ်ဖက်အပုံမှာ ကျန်တဲ့ အရေအတွက် ဒိုးသီးအတိုင်း ပြန်နှုတ်လိုက်"

"ဟုတ်ကဲ့"

တစ်ဖက်အစ အပုံတွင်ရှိသော (၂၅)လုံးအတိုင်း အလယ်ပုံ(၄၀) ထဲမှ ဒိုးသီး(၂၅)လုံးကို နှုတ်ယူလိုက်သည်။ ထိုအခါ အလယ်ပုံမှာ (၁၅)လုံး

www.burmeseclassic.com

www.burmeseclassic.com



သာ ကျန်တော့၏။

“နုတ်ပြီးပြီလား”

“ဟုတ်ကဲ့၊ နုတ်ပြီးပါပြီ ဘဘ”

“ကဲ. . . ဝေယံလင်းကတော့ နုတ်ပြီးပြီပြောတယ် ကျောက်ခဲတစ္ဆေလေးရယ်။ ဒါဆို အလယ်ပုံမှာ ဒိုးသီး ဘယ်နှစ်လုံးကျန်လဲ။ ငါ့ကို မြန်မြန်ပြောစမ်း။ ဟော့ကောင်. . . ကျောက်ခဲတစ္ဆေ အောင်မာ. . . အိပ်ငိုက်နေတယ်၊ ကြည့်စမ်း။ ထ. . . ထ။ မြန်မြန်ပြောကွာ။ သြော်. . . ဟုတ်လား။ အိပ်ချင်မူးတူးနဲ့ ပေါက်ကရ မပြောနဲ့နော်။ မမှန်ရင် နင့်ဆရာ သောက်ရှက်ကွဲလိမ့်မယ်။ မှန်လား ကြည့်စမ်း။ သေသေချာချာ ကြည့်ပြောပါဟ။ အေး. . . ဟုတ်ပြီ။ မှန်တယ်နော်။ ဒါဆို ငါဟောလိုက်တော့မယ်။ အလယ်ပုံမှာ (၁၅)လုံး ဆိုပါလားကွ ဝေယံလင်းရဲ့။ ဟုတ်ရဲ့လား၊ ကြည့်စမ်းပါဦး”

ကျွန်ုပ်မှာ အံ့သြမဆုံး ဖြစ်ရပြန်သည်။ သို့နှင့် မကျေနပ်သေးသဖြင့် မိမိပိုင် ဒိုးသီးများ သာမက အစ်ကိုဝမ်းကွဲများ၏ ဒိုးသီးများကိုပါ ယူလာပြီး ယခုတစ်ခါ တစ်ပုံလျှင် (၅၀)စီပုံပြီး သူတော်ငတေကို မေးပြန်သည်။

သူတော်ငတေက အလယ်ပုံကို (၁၀)လုံးစီ ထည့်ပါပြောသဖြင့် (၅၀)စီ ပုံထားသော ဘေးနှစ်ပုံမှ (၁၀)လုံးစီ အလယ်ပုံသို့ ထည့်ပေါင်းလိုက်ရာ အလယ်ပုံမှာ ဒိုးသီးအလုံးရေ (၇၀) ဖြစ်သွားသည်။ အစနှစ်ပုံမှာ (၄၀)စီ ကျန်နေ၏။ သူတော်ငတေ လုပ်ခိုင်းသလို တစ်ဖက်အစတွင်ရှိသော (၄၀)ကို အလယ်ပုံ (၇၀)ထဲမှ နုတ်လိုက်ရာ အလယ်ပုံမှာ (၃၀)သာ ကျန်တော့သည်။

ဤသည်ကို သူတော်ငတေက မှန်မှန်ကန်ကန်ပင် ကျောက်ခဲတစ္ဆေ အကူအညီနှင့် (၃၀)ကျန်သည်ဟု ဟောပြန်၏။ ကျွန်ုပ်မှာ အံ့သြပြီးရင်း အံ့သြရင်း ဖြစ်သွားရပြန်သည်။

ဤသည်ကို ကြည့်ကာ မိန့်မိန့်ကြီး ပြုံးနေသော သူတော်ငတေက

“ကဲ. . . ဘယ့်နှယ်လဲ ဝေယံလင်း၊ ဘဘဟောတာ မှန်တယ် မဟုတ်လား” ဟု မေး၏။

“မှန်ပါတယ်ဘဘ”



www.burmeseclassic.com

www.burmeseclassic.com



"မှန်ရမှာပေါ့။ ဒါ ဂဏ္ဍိရပုံသေသင်္ချာပဲ။ မင်း ဒါကို တတ်ချင်လား"

"ဟုတ်ကဲ့၊ တတ်ချင်ပါတယ်ဘဘ"

"အေး. . တတ်ချင်ရင် ငါ့ကို ရှိခိုး။ အဲ. . . ဟုတ်ပါဘူး၊ ယောင်လို့။ တတ်ချင်ရင် လွယ်လွယ်လေး၊ ဘဘ ပြောပြမယ်။ ပထမခေါက်တုန်းက အလယ်ပုံကို ဘယ်နှစ်လုံးထားလို့ သားကို ဘဘက ပြောလဲ"

"နှစ်လုံးထားလို့ ခိုင်းပါတယ်ဘဘ"

"တစ်ဖက်အစမှာရှိတဲ့ အလုံးရေကို ပြန်နုတ်ခိုင်းပြီး အလယ်ပုံမှာ ဘယ်နှစ်လုံးကျန်တယ်လို့ ဟောလဲ"

"ခြောက်လုံးလို့ ဟောပါတယ်"

"မှန်တယ် မဟုတ်လား"

"မှန်ပါတယ်"

"မှန်ရမှာပေါ့၊ ဒွေတြိဆကိုး။ အေး. . မင်းက ဗေဒင်မှ မတတ်တာ ဘယ်နားလည်မလဲ။ နှစ်လုံးစီ သုံးခါဆိုတော့ ဘယ်နှစ်လုံးလဲ။ လက်ချိုးရေတွက်ကြည့်စမ်း"

"နှစ်သုံးခါဆိုတော့ ခြောက်ပါဘဘ"

"အေး. . . အဲဒါအဖြေပေါ့ကွ။ နောက် ဒုတိယခေါက်မှာ အလယ်ပုံကို ဘယ်နှစ်လုံး သွားထားခိုင်းလဲ"

"(၅)လုံးပါဘဘ"

"(၅)လုံး၊ (၅)လုံး (၃)ခါဆိုတော့. . ."

"(၁၅)လုံးပါဘဘ"

"အဖြေက အဲဒါလေကွ။ အလုံးရေများများ ဘယ်လောက်ပဲ ပုံထားထား တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းပဲပုံပုံ အလယ်ပုံကို ဘယ်နှစ်လုံးသွားပေါင်းလိုက်လို့ ပြောလိုက်တဲ့ အရေအတွက်ကိုပဲ မင်း မှတ်ထားရမယ်။ သုံးပုံဆိုတော့ (၃)ဆ၊ ငါးပုံဆိုတော့ (၅)ဆ၊ ခုနစ်ပုံဆိုတော့ (၇)ဆ၊ ပုံချင်သလောက် အပုံများများပုံ၊ အေး. . . မင်းပုံခိုင်းရမှာက မဘဲ။ စုံမပုံခိုင်းရဘူး။ မှတ်ထားနော်။ စုံပုံရင် အလယ်ပုံဆိုတာ ရှိပါဦးမလား"

"မရှိပါဘူးဘဘ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒါပဲ၊ မင်း လုပ်တတ်ပြီနော်။ သဘောပေါက်ပြီပေါ့"

"ဟုတ်ကဲ့ပါ၊ ပေါက်ပါပြီဘဘ"

"ကဲ. . ဒါဆို အတော်ကြာတော့ မှိုရှာရာက ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားတွေ ပြန်လာကြတော့မယ်။ မင်း ဒီဂမ္ဘီရသချာကို လုပ်ပြလိုက်စမ်း။ မင်းကို တစ်ယောက်မကျန် အံ့ဩသွားကြလိမ့်မယ်။ ဒါနဲ့ကွ ဟေ့. . ဒီလို မဖြစ်သေးဘူးဟ။ ဟောဒီ ကျောက်ခဲလေး မင်း အိတ်ထဲ ထည့်ထား။ မင်းကို ဒီလိုမှန်အောင် ဘယ်လို ဟောနိုင်လဲ မေးရင် ဒီကျောက်ခဲလေးက ပြောတာလို့ ခပ်တည်တည်နဲ့ပြော။ ဒါမှ ယုံမှာကွ။ ဒီကျောက်ခဲ ဘယ်ကရသလဲ မေးရင် ဘဘပေးထားတဲ့ မှော်ကျောက်ခဲလို့ပြော၊ ဒီကျောက်ခဲလေးဟာ နေ့ခင်းက ဘဘဦးသူတော်ခိုင်းလို့ သမန္တာတွေ ဘာတွေတောင် ရွတ်ပြတယ် ဘာညာဆိုပြီး ဖြီးပေါ့ကွာ။

ဒါမှ မင်းကို အထင်ကြီးကြမှာ။ လာစမ်း၊ ငါကြည့်မယ်။ ကိုယ်ပူသေးလား။ အမယ်. . ကိုယ့်လူက ချွေးတွေဘာတွေတောင် ပြန်နေပါ လား။ ဒါ ဂမ္ဘီရသချာရဲ့ အစွမ်းပဲကွ။ မင်းအဖျားလည်း ပြေးပြီ။ ဂမ္ဘီရသချာပညာသာ ညနေကျရင်ပြတော့ ဟဲ. . ဟဲ. . ဟဲ"

ဟု ပြောပြီး ဦးသူတော် သူ့ဖိုရုံထဲ ဝင်သွားလေသည်။

သည်လိုနှင့် ကျွန်ုပ် ညနေ မှိုရှာရာမှ ပြန်ရောက်လာကြသော ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားကြီးများကို အမျိုးမျိုး အဆဆ ဟောပြရာ အားလုံး အံ့ဩသွားကြသည်။ ကျွန်ုပ်ကလည်း သူတော်ငတေ သင်ပေးထားသည့်အတိုင်း ကျောက်ခဲလေးကို ထုတ်ပြလိုက်သောအခါ ပို၍ အံ့ဩသွားကြပြန်သည်။

နောက်တော့ တစ်ကျောင်းလုံး၊ တစ်ရွာလုံးသာမက ကျွန်ုပ်တို့ဘုန်းကြီးကျောင်းသားများ အလှူအတန်းရှိ၍ တစ်ရွာတစ်ကျေးကို သွားရာ၌ပင် သူတော်ငတေ၏ ဂမ္ဘီရသချာကို ဟောပြကြရာ ရွာနီးနား၊ ရပ်နီးနားမှ ကျောင်းသားများကလည်း ကျွန်ုပ်တို့ ကျောင်းတော်သားများကို အထင်ကြီးကြသည်။ ကျွန်ုပ်တို့ ပစ္စည်းဆိုလျှင် မဝှက်မခိုးရဲကြ။ ကျောက်ခဲလေးကိုပြပြီး ခြိမ်းခြောက်ထားကြသည်။

သည်လိုနှင့် မင်းရွာအလှူပွဲသို့ ရောက်သွားကြရာ မင်းရွာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှိ ဦးပဥ္စင်းကြီးတစ်ပါးက. . .

"ဒီကောင်တွေ စုစု စုစုနဲ့ ဘာလုပ်နေကြတာလဲ"

ဟု မတ်တတ်ရပ်၍ လာကြည့်၏။ ကျွန်ုပ်တို့ အစွမ်းပြနေမှုကို မြင်သွားရာ. . .

"မင်းတို့ မှော်ကျောက်ခဲ မပါဘဲ ငါ ဟောပြမယ်"

ဟု ပြောပြီး ကျွန်ုပ်တို့ လျှို့ဝှက်ထားသော ဂမ္ဘီရသချာပညာကို ဖွင့်ချလိုက်သည်။ ထိုအခါမှ သူတော်ငတေ၏ ဂမ္ဘီရသချာမှာ ယခုခေတ် စကားနှင့် ပြောရလျှင် 'အာပလာ' ဖြစ်သွားလေသည်။

၆ ၆ ၆

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ)*



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ
# သင်္ကြန်စာ



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေနှင့် သင်္ချိုန်စာ

သူ့ဂမ္ဘီရသချ်ာ 'အာပလာ' ဖြစ်သွားကြောင်း သူတော်ငတေ သိသွားသောအခါတွင် မင်းရွာက ဦးပဥ္စင်းကို ဂမ္ဘီရသချ်ာပြိုင်နိုင်ရန် ကျောင်းသားကြီးများကို ခေါ်၍ နောက်ထပ် ဂမ္ဘီရသချ်ာများကို သင်ပြလေသည်။

"မင်းတို့ နောက်တစ်ခါ မင်းရွာရောက်ရင် အဲဒီ ဦးပဥ္စင်းကြီးကို ဒီဂမ္ဘီရသချ်ာအဟောကို ပြကြစမ်း"

ဟု ပြောပြီး ကျောင်းသားကြီးများကို ဂဏန်းငါးလုံး ရေးခိုင်းသည်။

"ပထမစရေးတဲ့ ဂဏန်းငါးလုံးရဲ့ အဆုံးဂဏန်းကို သုညနဲ့တစ်ကိုတော့ မရေးဖို့ ကြိုပြောထားရမယ် ကြားကြလား"

"ဟုတ်ကဲ့"

သည်လိုနှင့် သူတော်ငတေ. . .

"ကဲ၊ ရေးတော့၊ မင်းတို့ ရေးချင်တဲ့ ဂဏန်းကိုရေး။ ပြီးတော့ ငါ့ကို ပြော။ ငါက တစ်တန်း ထပ်ရေးခိုင်းမယ်။ ပြီးတော့ မင်းတို့ တစ်တန်း ရေးချင်တဲ့ဂဏန်းကိုရေး ငါတန်းပြည့်ရင် စုစုပေါင်းအဖြေကို ငါမှန်အောင် ပြောမယ်" ဟု ဆိုသည်။

ကျောင်းသားကြီးများက ရေးကြ၏။ သို့သော် ကျောင်းသားကြီးများမှာ ဗေဒင် မသင်ဘူးကြသေးသဖြင့် အပေါင်းအနုတ် မကျွမ်းကျင်ကြရာ သူတော်ငတေ၏ ကြိုပြောအဖြေကို ဟုတ်မဟုတ်၊ မှန်မမှန် အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြန်တွက်နေကြရသည်။ ဤသည်ကို စိတ်မရှည်သော သူတော်ငတေက
"မင်းတို့ ဘုန်းကြီးကျောင်းသားတွေဟာ သင်္ချာ အားကြီးညံ့ကြတယ်။ မင်းတို့ကို ဗေဒင်သင်ပေးမှ ဖြစ်မယ်။ မင်းတို့ ဗေဒင် မသင်ချင်ကြဘူးလား"ဟု မေး၏။

ကျောင်းသားကြီးအားလုံးက. . .

"သင်ချင်ပါတယ်"ဟု ဖြေကြသည်။

"သင်ချင်ရင် ဘုန်းကြီးကို လျှောက်ကြ။ ငါ သင်ပေးမယ်။ ဗေဒင်တတ်ရင် သင်္ချာဆိုတာ လာစမ်း၊ တစ်ကနေ အကွောဘိဏီထိ တွက်လို့ရတယ်"

"ဘုန်းကြီးကို ကျွန်တော်တို့ မလျှောက်ရဲဘူး ဘဘ"

"ဒါဆိုလည်း မင်းတို့ ဗေဒင်သင်ရအောင် ငါလုပ်ပေးရမှာပေါ့။ ဗေဒင် မသင်မီ ဂမ္ဘီရသင်္ချာအလင်္ကာကို ကျက်ထားကြ။ ဒါဟာ နည်းမသိရင် ဘယ်လောက်တော်တဲ့ သင်္ချာဆရာ ဖြစ်ဖြစ် ဘယ်သူမှ ကြိုးပြီး အဖြေထုတ်ထားလို့ မရဘူး"

ဟု ပြောပြီး ဉာဏ်စမ်းဂမ္ဘီရသင်္ချာများကို တစ်မျိုးပြီး တစ်မျိုး အဖြေထုတ်ဟောပြသည်။

ပြီးတော့. . .

"မင်းတို့ စားချင်တဲ့ ဟင်းငါးမျိုးကို စိတ်ထဲက မှတ်ထားကြ။ အဲဒီ ဟင်းငါးမျိုးထဲက နှစ်မျိုးကို ငါ့ကိုပြော။ ကျန်ဟင်းသုံးမျိုးက ဘာဟင်းတွေလဲဆိုတာ ငါပြောမယ်"

ဟု ဆိုပြန်ရာ ကျောင်းသားကြီးများက စိတ်နှင့်မှတ်၍ သူတော်ငတေကို စမ်းဟောခိုင်းသည်။ အားလုံး မှန်သည်ချည်းပင်။ ထို့နောက် ရေးထားသော ဂဏန်းလေးလုံးထဲက သုံးလုံးကို ပြောပြလိုက်သည်နှင့် ဝှက်ထားသော ဂဏန်းတစ်လုံးကို သူတော်ငတေက မှန်အောင်ပြော နိုင်ပြန်သည်။

သူတော်ငတေ ပြောတိုင်း မှန်နေသဖြင့် ကျောင်းသားကြီးတွေမှ အံ့သြပြီးရင်း အံ့သြရင်း ဖြစ်ကုန်ကြကာ မြန်မြန် ဗေဒင်သင်ရအောင် လုပ်ပေးပါဟု သူတော်ငတေကို ဝိုင်းဝန်းပြီး ရှိခိုးဦးတင် တောင်းပန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ မင်းတို့ မြန်မြန် ဗေဒင်သင်ကြရအောင် ငါ လုပ်ပေးပါ့မယ်။ လောလောဆယ် ဒါတွေ ကျက်ထားကြ။ ရသေ့ရှစ်သောင်း ဆရာကောင်းတွေ ရှေးရှေးက ရှိခဲ့သလို ဂမ္ဘီရသချ်ာ ရသေ့စိတ်ဖြေပညာလည်း ရှစ်သောင်းထိ ရှိခဲ့တယ်။ အဲဒီလောက် များပြားတဲ့ ဂမ္ဘီရပညာကိုတော့ ဘယ်သူမှ ကုန်အောင် မတတ်နိုင်ကြဘူး။ ဒီတော့ ဂမ္ဘီရသင်္ချာရဲ့ အခြေခံဖြစ်တဲ့ ဒီလင်္ကာတွေကို ကျက်မှတ်ထားကြ"

ဟု ပြောပြီး စာရွက်တစ်ရွက်တွင် လင်္ကာလေးငါးပုဒ် ရေးပေးသည်။

သူတော်ငတေ ရေးပေးသော ဂမ္ဘီရသင်္ချာလင်္ကာများထဲတွင် အခြေခံဟု ဆိုသော လင်္ကာမှာ. . .

*"ဂဏန်းငါးလုံး ရေးကြထုံး၊*
*အဆုံးနှစ်နုတ် အစလုပ်၊*
*တန်းဖြုတ်တန်းညီ ကိုးလုံးစီ၊*
*ငါးညီငါးတန်း အဖြေမှန်း၊*
*ဟောစမ်းမလွဲ သင်္ချာပဲ"*

ထိုလင်္ကာကို ကျောင်းသားကြီးများ ကျက်ကြသလို ကျွန်ုပ်တို့ ကျောင်းသားငယ်များလည်း လိုက်ကျက်ကြလေသည်။

ၾ ၾ ၾ

တပေါင်းလပြည့်နေ့ ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်း၌ ဥပုသ်သီတင်းသည်များ အတော်များသည်။ နေ့ဆွမ်းစားပြီး၍ နာရီဝက်လောက် ပုတီးစိပ်ပြီးကြသောအခါ ဥပုသ်ဇရပ်ရှိ သီတင်းသည်များအား အဖေက မဟာဇနကဇာတ်လင်္ကာကြီးကို ဖတ်ပြနေသည်။ (အဖေသည် စာဖတ်တတ်တစ်ဦး ဖြစ်ကြောင်းကို ကျွန်ုပ် ရေးသား တင်ပြဖူးပြီး ဖြစ်သည်။)

အဖေ စာဖတ်ပြနေသော ဥပုသ်ဇရပ်သို့ တစ်ခါမှ မလာဘူးသော သူတော်ငတေ ရောက်လာသည်။

"စာဖတ်တတ်၊ ဆေးသမားကြီး ခဏနော်"

ဟု ပြောပြီး ဥပုသ်သည်များထဲမှ တစ်စုံတစ်ယောက်ကို ရှာနေသလို မျက်လုံးဝေ့ဝိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ရာသို့ တစ်ခါမှ မလာဘူးသော သူတော်ငတေ၏ စကားကြောင့် အဖေကလည်း စာဖတ်ခြင်းကို ခဏရပ်ထားသည်။ ဥပုသ်သည်များကလည်း သူတော်ငတေကို အံ့သြစွာ ငေးကြည့်နေကြသည်။

"ဦးထွန်းညို၊ ခင်ဗျား ဒီနှစ်သကြ်န်စာ ဝယ်ပြီးပြီလား"

နှစ်တိုင်း သကြ်န်စာကို သူတစ်ယောက်တည်း ဒိုင်ခံဝယ်လာပြီး ဥပုသ်ဇရပ်၌ အဖေ့ကို ဖတ်ပြခိုင်းတတ်သော ဦးထွန်းညိုဆိုသူကို သူတော်ငတေက မေးသည်။

"ဒီနှစ်အတွက် မဝယ်ရသေးပါဘူး ဦးသူတော်။ ရွှေ့အပတ် မြို့ကို ငရုတ်ရောင်းသွားဖို့ ရှိတယ်။ အဲဒီအခါမှ ဝယ်လာမလို့။ သကြ်န်ကျဖို့လည်း တစ်လလောက်တောင် လိုသေးတာပဲ။ ဘာဖြစ်လို့လဲ"

"မဝယ်ရသေးဘူးဆိုရင် မဝယ်နဲ့တော့။ ခင်ဗျား ပိုက်ဆံကုန်မှာ စိုးလို့။ ကျုပ် သကြ်န်စာ ရေးထုတ်ထားတယ်။ ရော့ ဒီမှာ၊ စာဖတ်တတ် ကျုပ်သကြ်န်စာကို ခါတိုင်းနှစ်တွေလိုပဲ ဥပုသ်သီတင်းသည်တွေကို ဖတ်ပြလိုက်ပါ"

အဖေ့အား သူတော်ငတေက သူ ရေးထုတ်ထားသည်ဆိုသော သကြ်န်စာရွက်ကို လှမ်းပေးသည်။

အဖေက သူတော်ငတေ လှမ်းပေးလိုက်သော စာရွက်ကို ယူပြီး သူတော်ငတေ၏ မျက်နှာကို ပြုံးပြုံးကြီး ငေးကြည့်နေ၏။

သူတော်ငတေ လက်ရေးနှင့် ရေးထုတ်ထားသော သကြ်န်စာရွက်မှာ မြို့ကဝယ်သော ပုံနှိပ် မန္တလေးထုတ်သကြ်န်စာရွက်လို အရွက်ကြီးမဟုတ်။ ကော်ပီစာအုပ်မှ တစ်ရွက်စီကို အရွက်ကြီးဖြစ်အောင် ထမင်းလုံးနှင့် ကပ်ပြီး ဆက်ထား၏။ သကြ်န်မင်းရုပ်၊ ဗြဟ္မာဦးခေါင်း၊ ဦးခေါင်းကို လက်ပြောင်းလက်လွှဲယူကြမည့် နတ်သမီးရုပ်၊ သကြ်န်မင်းစီးထားသော ဂြိုဟ်ရုပ်တို့မှာလည်း အရည်ဖျော်မင်နှင့် ရေးထားသဖြင့် သေသေသပ်သပ် မရှိလှ။ ဤသည်ကို အဖေက ကြည့်၍ ပြုံးသည်ဟု ထင်၏။

"ကဲ စာဖတ်တတ်၊ ဆေးဆရာ ဖတ်ပြလိုက်လေဗျာ"

"ဟုတ်ကဲ့"ဟု ပြောပြီး အဖေက သူတော်ငတေ၏ သကြ်န်စာကို ဥပုသ်သီတင်းသည်များအား ဖတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တပ္ပဒီပ တိုင်းမချက်ချာ အဝင်ပါသည် ရတနာပုံနေပြည်တော်ကြီးမှ ခပ်သိမ်းပြည်သူ လူအပေါင်းတို့ ဦးခေါင်းဆေးမင်္ဂလာ ပြုကုန်ရာသည့် ကမ္ဘာ့တန်ဆာ နှစ်စဉ်လာသော မဟာဝိသုဝသင်္ကြန်စာကား မြန်မာသက္ကရာဇ် တစ်ထောင်သုံး. . ."

"ဟောဗျာ၊ ဦးသူတော်က ကိုယ့်ဘာသာကိုယ် ရေးထုတ်လာတယ်လည်း ဆိုသေး။ ဘယ့်နှယ် ဘယ့်နှယ် ရတနာပုံနေပြည်တော်ကြီးမှ ဆိုတာ ပါလာရ. ."

ဦးထွန်းညိုက မယုံသင်္ကာသလိုနှင့် လှမ်းမေး၏။

"ခင်ဗျား နားမလည်ပါဘူး။ သင်္ကြန်စာဆို မန္တလေးကထုတ်မှ၊ ပုဏ္ဏားတွေ ထုတ်တယ်ဆိုမှ ခင်ဗျားတို့တွေ အထင်ကြီးတတ်ကြတယ် မဟုတ်လား။ အဲဒါကြောင့် ကျုပ်က တမင်ရွဲ့ပြီး ရတနာပုံနေပြည်တော်ကြီးမှလို့ ထည့်ရေးထားတာ။ ဘာလဲ ခင်ဗျားတို့က ကျုပ်ထုတ်တဲ့ သင်္ကြန်စာ မမှန်ဘူး ထင်လို့လား။ ဒီမှာ ဦးထွန်းညို"

"ဟုတ်ကဲ့၊ ပြောပါဦးသူတော်"

"ခင်ဗျား နောက်အပတ် မြို့ကို ငရုတ်ရောင်းဆင်းရင် မြို့က ပုဏ္ဏားသင်္ကြန်စာတစ်စောင် ဝယ်လာခဲ့။ ကျုပ် ပိုက်ဆံပေးပါ့မယ်။ သင်္ကြန်ကျရက်၊ ကြတ်ရက်၊ တက်ရက်၊ ကျုပ်တွက်ထားတာ မှန်မမှန် တိုက်ကြည့်။ နေကြတ်၊ လကြတ်ရက်၊ ပါဒ်၊ ဗီဇနာ၊ ပြန်ခရာ၊ အသ်ာ၊ လိတ္တာ၊ တစ်နာရီ၊ တစ်ဗီဇနာ၊ တစ်မိနစ်မှ မလွဲစေရဘူး။ ခု ဒီနှစ် သင်္ကြန်သုံးပါးထဲက သမန္တသင်္ကြန် ဖြစ်သောကြောင့်လို့ ကျုပ်ရေးထားတယ်။ ဟုတ်မဟုတ် ပုဏ္ဏားသင်္ကြန်စာနဲ့ တိုက်ကြည့်၊ တည့်တည့်မကျရင် ကျုပ် လက်ကို လာဖြတ်ပစ်။ ဗေဒင်လေးပုံမှာ ကျုပ် နှစ်ပုံသင်ဖူးတယ်။ သံဒိဋ္ဌနဲ့ မကာရန္တတွက်ရိုး တွက်ဖူးရင် သင်္ကြန်စာထုတ်တတ်တယ်။ ဗိုလ်ခြောက်လုံးကို ဖြိုတတ်ရင် သင်္ကြန်ရက်ဆိုတာ ထွက်လာတာပဲ။ နေကြတ်၊ လကြတ်၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သင်္ကြန်မင်းစီးဆင်းတဲ့ ဂြိုဟ်ကောင် နံကောင် အားလုံး တွက်လို့ရတယ်။ ဒီနှစ် သင်္ကြန်စာထဲမှာ သင်္ကြန်မင်းက ဂဠုန်မင်းကိုစီးပြီး လက်တစ်ဖက်က ရေချမ်းအိုး၊ လက်တစ်ဖက်က မီးတုတ်ကို ကိုင်ထားတယ်။ ဒါက ဘာသဘောလဲဆိုတာ ခင်ဗျားတို့သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"ဘာမှ မဟုတ်ဘူး။ သဘောကတော့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ဆိုတာ အဲဒါပဲ"

ဥပုသ်သည်များအားလုံး ဝိုင်းရယ်ကြသည်။

"ဟ၊ ဒါ ရယ်စရာ မဟုတ်ဘူး။ လာမည့်နှစ် စနေသားသမီးတွေ ကြပ်ကြပ် သတိထား။ နဂါးကို ဂဠုန်သုတ်လိမ့်မယ်။ ကျုပ် သင်္ကြန်စာထဲမှာ ပြေက္ခာဒေဝီ နတ်သမီးကား အစိမ်း၊ အပြာ၊ အဝါ၊ အနီ ဤလေးမျိုးသော အဝတ်တန်ဆာကို ဝတ်ဆင်လျက်လို့ ရေးထားတယ်။ ဒါဟာလည်း ငတေ အရူးထပြီး ရေးတာ မဟုတ်ဘူး။ နတ်သမီးဆိုတော့ ပိုလှအောင်လို့ ဝတ်ခိုင်းထားတာ။ အလကားတော့ ဘယ်သူ ဝတ်မလဲ ဟဲ့ . . ဟဲ။ ကဲ့ . . ကဲ ဆေးဆရာ စာဖတ်တတ်၊ ကျုပ် သင်္ကြန်စာကို ဒီလူတွေ ဖတ်ပြလိုက်ဗျာ။ ပြီးတော့ သိမ်းထားကြ။ ကျုပ် စောစောက ပြောသလို ဦးထွန်းညို ပြန်လာရင် မန္တလေးပုဏ္ဏားသင်္ကြန်စာနဲ့ တိုက်ပြီး ဖတ်ကြည့်ကြ။ ကျုပ်ရေးထုတ်ထားတဲ့ သင်္ကြန်စာနဲ့ ပုဏ္ဏားသင်္ကြန်စာ အဓိက အရေးကြီးတာတွေ မတူဘူးဆိုရင် ကျုပ်လက်ကို လာဖြတ်ကြ။ ကျုပ် အာမဘာန္တေခံရဲတယ်။ သင်္ကြန်စာဆိုတာ ဗေဒင်ကျမ်းထဲကအတိုင်း ဗိုခြောက်ပါးကို တွက်ကြတာ ချည်းပဲ။ ဘာမှ မတူစရာ မလိုဘူး။ ကဲ့ . . ကဲ၊ ဆက်ဖတ်ပြလိုက်ပါဗျာ"

ဟု ပြောပြီး သူတော်ငတေ ဇရပ်ပေါ်က ဆင်းသွားလေသည်။

အဖေကလည်း သူတော်ငတေ၏ မိမိရွှာထုတ် သင်္ကြန်စာကို ဥပုသ်သည်များအား သံနေသံထားနှင့် ဆက်ဖတ်ပြလေသည်။

"တပ္ပဒီပ တိုင်းမချက်မှာ အဝင်ပါသည်။ ရတနာပုံနေပြည်တော်ကြီးမှ ခပ်သိမ်းပြည်သူ လူအပေါင်းတို့သည် ဦးခေါင်းဆေးမင်္ဂလာ ပြုကုန်ရာသည့် ကမ္ဘာ့တန်ဆာ နှစ်စဉ်လာသော မဟာဝိသုဝ သင်္ကြန်စာကား မြန်မာသက္ကရာဇ် . ."

သူတော်ငတေ၏ သင်္ကြန်စာကို ဖတ်ပြီး မှတ်ထားသိမ်းထားကြသည်။

သူတော်ငတေသည် ရွာသူရွာသားများလက်ထဲ သင်္ကြန်စာ မရောက်မီ မြို့ဆင်းသင်္ကြန်စာဝယ်ပြီး သူ့ကို အထင်ကြီးအောင် ကူးယူ ဖတ်ပြခိုင်းလေသလား ဟူသော အထင်သေးစိတ်နှင့် ဦးထွန်းညို မြို့က

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာသော မန္တလေးပုဏ္ဏားသင်္ကြန်စာနှင့်လည်း တိုက်ကြည့်ကြသည်။ အားလုံးနီးနီး အတူတူပင်။ မိုးဦးတန့်အုံ၊ မိုးလယ်ကောင်းအုံ၊ နဂါးဝဋ္ဋုန် မြူးထူးလွန်အုံ၊ ရဟန်းပုဏ္ဏားတို့ ဒဏ်သင့်အုံ၊ လူတို့ အဓိပတိကား မိန်းမ၊ တိရစ္ဆာန်တို့ အဓိပတိကား မြင်း၊ သစ်တို့ အဓိပတိကား သစ်ရာ၊ မြက်တို့ အဓိပတိကား မြေဇာ စသည် အသေးစိတ်ကအစ သူတော်ငတေ၏ သင်္ကြန်စာနှင့် မန္တလေးမြို့ထုတ် ပုဏ္ဏားသင်္ကြန်စာတို့မှာ ထပ်တူထပ်မျှပင် ဖြစ်သည်။

ထိုအခါမှ သူတော်ငတေ ဗေဒင်တတ်မှန်း အားလုံးသိသွားကြသည်။ ဘုန်းတော်ကြီးကပင် သူတော်ငတေကို ခေါ်၍. . .

"ဦးသူတော် သင်္ကြန်စာတောင် ထုတ်နိုင်တယ်ဆိုတော့ ဗေဒင်တော်တော် တတ်တာပဲ"ဟု အမိန့်ရှိ၏။

"မှန်ပါ၊ တပည့်တော် သံဒိဋ္ဌနဲ့ မကာရန္တ နှစ်ရိုးတော့ တွက်ဖူးပါတယ် ဘုရား။ သံဒိဋ္ဌ တစ်ရိုးကို ကောင်းကောင်းနိုင်ရင် သင်္ကြန်ရက်တွက် တတ်တာပါပဲ ဘုရား"

"အေးဗျာ၊ ဒါဆို ကျုပ် ကျောင်းသားကြီးတွေကိုလည်း ဗေဒင်သင်ပေးစမ်းပါဦး။ လောကီရေးရာဆိုတာဟာလည်း လူတွေအတွက် လိုအပ်ချက်တစ်ခုပဲ"

"မှန်ပါ့ဘုရား။ ဗေဒင်တတ်ရင် အတွက်အချက်လည်း တတ်ပါတယ် ဘုရား။ ကျောင်းသားကြီးတွေအတွက် လယ်တွက်၊ ယာကွက်တွက်၊ စပါးတွက်၊ သစ်တွက်တွေလည်း အရှင်ဘုရားကျောင်းသားတွေကို တပည့်တော် သင်ပေးပါ့မယ် ဘုရား"

ဟု သူတော်ငတေက အာမဘန္တေခံလေသည်။

သည်လိုနှင့် ကျွန်ုပ်တို့ကျောင်းရှိ ကျောင်းသားကြီးများ သူတော်ငတေဆီ၌ ဗေဒင်သင်ခွင့်ရကြလေသည်။

သူတော်ငတေဆီ၌ ဗေဒင်သင်ခွင့် ရကြသောအခါ သူတော်ငတေနှင့်ကျောင်းသားကြီးများမှာ ပို၍ ရင်းနှီးကျွမ်းဝင်လာကြသည်။ မနက်ပိုင်းတွင် သူတော်ငတေက ကျောင်းသားကြီးများကို ဗေဒင်သင်ပေးသလို ညနေပိုင်း၊ ညဉ့်ပိုင်း စာအံအပြီး အားလပ်ချိန်၌လည်း သူ့ကိုနင်းနှိပ်ပေးရန် ခေါ်ပြီး ဗေဒင်အတွက်အချက်နှင့် ဂမ္ဘီရသချ်ာဉာဏ်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ပုစ္ဆာများကို တစ်နေ့တစ်ပုဒ်စီ မေးတတ်၊ သင်ပြပေးတတ်သည်။

ကျွန်ုပ်မှာ ကျောင်းသားငယ်ဖြစ်၍ သူတော်ငတေဆီ၌ ဗေဒင်မသင်ရသေးသော်လည်း အစ်ကို၊ ဦးလေးများအား သူတော်ငတေ သင်ပြ၊ ရွတ်ပြသော ဉာဏ်စမ်းပုစ္ဆာများကို ကျက်မှတ်မိရာ ယနေ့အထိပင် အချို့ကို အလွတ်ရနေသေးသည်။

တစ်နေ့တွင် သူတော်ငတေ၏ အသက်ကို ကျောင်းသားကြီးတစ်ယောက်က အမှတ်မထင် မေးလိုက်ရာ သူတော်ငတေက. . .

"အလံငါးရာမြွေ တွင်းမှာခွေ၊ တစ်နေ့ လက်ရှစ်သစ် ငတေသက္ကရာဇ်ပဲ။ ကဲ. . . ကဲ မင်းတို့ အဲဒါ အားလုံး တွက်ကြ။ ဘယ်သူ အရင်အဖြေရမလဲ။ သက္ကရာဇ်ကိုသိရင် အသက်ကို သိပြီပေါ့"

ဟု ပြောတတ်သလို. . .

"ခြောက်ရွာသူမ ရေခပ်လာ၊ လမ်းက ခုနစ်မှာ၊ ခပ်ပါလေ သူငယ်ချင်း၊ တွင်းက သုံးတွင်းတဲ့။ ကဲ. . . ခြောက်ရွာသူမတွေ ရေခပ်လာတာ တစ်ရွာက ဘယ်နှစ်ယောက်စီလဲ။ တစ်လမ်းမှာ ဘယ်နှစ်ယောက်စီလဲ။ ရေတွင်း တစ်တွင်းစီမှာ ဘယ်နှစ်ယောက်စီ ခပ်သွားကြလဲ တွက်ကြစမ်း။ တွက်ကြစမ်း"

ဟုလည်း စမ်းသပ်မေးမြန်းတတ်သည်။

ထို့နောက် 'ကြီးနှင့်သရက် ရောယှက်ပုံချီ သုံးရာညီ၊ ချိုခြေနှစ်လုံး ခေါင်းတစ်လုံးတဲ့၊ သရက်သီးနဲ့ ကြီးကောင်ရေ အားလုံးပေါင်း (၃၀၀)ရှိတယ်တဲ့။ အဲဒါ ကြီးက ဘယ်လောက်၊ သရက်သီးက ဘယ်လောက်ဆိုတာ တွက်ကြစမ်း။ ကြီးတစ်ကောင် ချီလာတဲ့ သရက်သီးက ချိုခြေနှစ်လုံး ခေါင်းတစ်လုံးဆိုတော့ သုံးလုံးပါတာပေါ့။ ခြေထောက်နှစ်ဖက်မှာ တစ်လုံးစီ ကိုက်ချီလာတဲ့ နှုတ်သီးခေါင်းမှာ တစ်လုံးစီတဲ့ တွက် တွက်၊ ကဲ. . . မြန်မြန် တွက်ကြ။ ငါ အီးပေါက်ချင်ပြီ"

ဟုလည်း ပေါက်ကရပြောတတ်သည်။

ဤသို့နှင့် ကျွန်ုပ်တို့ကျောင်းရှိ ကျောင်းသားကြီးများမှာ သူတော်ငတေ သင်ပေး၍ ဗေဒင်အဟောအပြောသာမက စပါးတွက်၊ လယ်ကွက်တွက်၊ ယာတွက်အပြင် သစ်တန်တွက်များကိုပါ တွက်တတ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်တို့ရွာကျောင်းသားများမှာ ပတ်ဝန်းကျင်ရှိ ရွာနီးနားတစ်ဝိုက်တွင် စန်းပွင့်လာကြကာ တခြားရွာမှ ဗေဒင်သင်ချင်၍ လာအပ်ကြသော ကျောင်းသားကြီးများပင် တိုးပွားလာလေသည်။

တစ်နေ့တွင် ကွင်းကောက်ရွာမှ သူကြီးသားတစ်ယောက်ကို သူကြီးက ဘုန်းတော်ကြီးဆီ ကျောင်းသားသစ် လာအပ်သည်။ ဘုန်းကြီးကတစ်ဆင့် သူတော်ငတေကိုအပ်ရာ သူတော်ငတေက ကျောင်းသားသစ်ကို အမည်နာမ၊ အသက်၊ အမေ၊ အဖေ နာမည် စသည်တို့ကို ခေါ်မေးသည်။ ထိုသို့ မေးပြီးသောအခါ သူတော်ငတေက. . .

"မင်းကို မင်းအဖေက ဘာတွေမှာလိုက်လဲ"ဟု မေး၏။

"တပည့်တော်ကို အဖေမှာလိုက်တာကတော့ သူတော်ငတေဆီက ဗေဒင်နဲ့ လောကီပညာတွေကို တတ်အောင်သင်လာခဲ့ပါ"

ကျောင်းသားသစ် စကားမဆုံးမီပင် သူတော်ငတေက သူ့အဖေနာမည်ကို ထုတ်ဖော်ကာ မအေနှမ ကိုင်တုတ်တော့သည်။ ကျောင်းသားအာဂန္တုခများမှာ ဘာမှန်းညာမှန်း မသိသဖြင့် ကြောင်တက်တက်ကြီး ဖြစ်နေ၏။ တစ်နယ်လုံးက သူတော်ငတေချည်း ခေါ်နေကြရာ လူနာမည် ဦးမြမောင်၊ ကိုရင်၊ ဦးပဥ္စင်းအမည်ရှင်ပဏ္ဍိ၊ ဦးပဏ္ဍိကို မသိသော ကျောင်းသားသစ်က သူ့အဖေမှာလိုက်သည့်အတိုင်း ပြောလိုက်မိခြင်း ဖြစ်သည်။

"ငတေနာမည် ပျောက်မလားလို့ အပင်ပန်းခံ ကိုရင်ဝတ်၊ ပဥ္စင်းဝတ်၊ သူတော်ဝတ်နဲ့ လောကီလောကုတ္တရာ ပညာစုံသင်လာတာ ခုထိ ငတေနာမည် မပျောက်သေးဘူး။ အေး နေကြဦး။ တစ်နေ့တော့ ငတေက နင်တို့ တစ်နယ်လုံးသားတွေ ပါးစပ်ကို ဟမရအောင် ပိတ်ပြထားလိုက်ဦးမယ်"ဟု ကြိမ်းဝါးနေသည်။

သူတော်ငတေ ထိုသို့ ကြိမ်းဝါးပြီဆိုလျှင် ကျွန်ုပ်တို့မှာ သူတော်ငတေ၏ အစွမ်းကို သိကြသဖြင့် ဘယ်နေ့ သူတော်ငတေက ရွာသူရွာသား၊ နယ်သူနယ်သားတွေ ပါးစပ်ကို ဖွင့်မရအောင် လုပ်လိမ့်မည်နည်းဟု ကြောက်ရွံ့စိုးရိမ်နေကြရလေသည်။

ၜ ၜ ၜ

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ မတ်လ)*



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငဇော ၏
# ခါချဉ်ကောင်နှင်နည်း



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ ခါချဉ်ကောင်နှင်နည်း

ကျွန်ုပ်တို့၏ ကျောင်းတပ်စည်းရိုးနား ရေခပ်လမ်းဘေးတွင် သရက်ချိုပင်တစ်ပင် ရှိသည်။ အသီးသေးသော်လည်း အလွန် အချိုလေးသည်။ တခြား သရက်ပင်တွေထက် ဦးစွာလည်း မှည့်တတ်သည်။ သို့သော် ထိုသရက်ပင်က သရက်သီးကို မည်သူမှ ခူးဆွတ်ရန် သရက်ပင်ပေါ် မတက်ရဲကြ။ အကြောင်းမှာ ထိုသရက်ပင်တွင် ခါချဉ်ထုပ်ကြီးတွေနှင့် ခါချဉ်ကောင်တွေက အလွန် ပေါသဖြင့် ဖြစ်သည်။

စောစောမှည့်တတ်သည့်အပြင် အချိုလည်းလေးသဖြင့် အစကမူ တချို့ကျောင်းသားတွေက ခါးတောင်းကို မြှောင်နေအောင်ကျိုက်ပြီး တစ်ကိုယ်လုံးကို ပြာလူးပြာသုတ်ကာ သရက်ပင်ပေါ် တက်ပြီး သရက်သီးခူးကြသည်။ သို့သော် ခါချဉ်ကောင်တွေ အလွန် ကိုက်သဖြင့် နောက်တော့ မည်သူမျှ တက်မခူးနိုင်ကြတော့ပေ။

ထို့ကြောင့်လည်း တစ်နေ့တွင် ကျွန်ုပ်တို့ ကျောင်းသားများက သရက်သီးကို ခဲတုတ်တို့ဖြင့်သာ တစ်ယောက်တစ်လက် ပစ်ခတ်၍ စားကြရသည်။ ထိုသို့ တစ်ယောက်တစ်လက် ပစ်ခတ်နေကြစဉ် တစ်နေ့သ၌ . .

"ဟဲ့ . . . ဟဲ့ကောင်တွေ၊ အမယ်လေးလေး၊ ငါ့ခေါင်းကို ခဲကျလို့ ကွဲတော့မှာပဲ။ ဘယ်ကောင်တွေလဲကွ၊ သရက်သီးကို ခဲပစ်နေကြတာ"

ဟု အော်လိုက်သံကြားရသဖြင့် လှည့်ကြည့်လိုက်ကြရာ သူတော်ငတေဖြစ်နေသည်ကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တောထဲက ဆေးမြစ်ရှာ ပြန်လာသည် မသိ။ ဆေးမြစ်တစ်ထွေးကို ကိုင်ပြီး သူတော်ငတေ သရက်ပင်နားက ဖြတ်လာသည်ကို တွေ့ကြရသည်။

"ဟဲ့ကောင်တွေ၊ လမ်းက ရေခပ်သွားတဲ့လူတွေကို ခဲထိတော့မှာပဲ။ ဘာလို့ သရက်ပင်ကို ခဲနဲ့ ဝိုင်းပစ်နေကြတာလဲ"

သူတော်ငတေက မေးသည်။

"သရက်သီး စားချင်ကြလို့ပါ ဘဘ"

"ဟ၊ သရက်သီးစားချင်ရင် သရက်ပင်ပေါ် တက်ခူးစားကြပေါ့ကွ။ ခုတော့ ခဲတွေတုတ်တွေနဲ့ တစ်ယောက်တစ်လက် ဝိုင်းပစ်နေကြတာ ခဲမိုးရွာသလားတောင် ထင်ရတယ်"

"သရက်ပင်ပေါ် တက်လို့မရဘူး ဘဘ"

"ဟင်. . . ဘာဖြစ်လို့"

"သရက်ပင်ပေါ်မှာ ခါချဉ်ကောင်တွေ အားကြီးပဲ ဘဘရယ်။ အပေါ်မှာရော၊ ပင်စည်မှာပါ ပြည့်နေတာ။ တက်တာနဲ့ ဝိုင်းကိုက်ကြတာပဲ။ ဟိုတစ်နေ့ကတောင် စံလှိုင့်တစ်ကိုယ်လုံး ပြာလူးပြီး တက်တာ ခါချဉ်တွေကိုက်လွန်းလို့ သရက်ပင်ပေါ်ကတောင် လိမ့်ကျတယ်"

"သေရော့လား၊ သေသံလည်း ငါ မကြားမိပါလား"

"သေတော့ မသေဘူး ဘဘ။ တစ်ကိုယ်လုံးတော့ အဖုအပိမ့်တွေ ခုထိတောင် မပျောက်သေးဘူး"

"ဒီခါချဉ်ကောင်တွေ တခြား ပြောင်းသွားကြအောင် မင်းတို့ မလုပ်တတ်ကြဘူးလား"

"မလုပ်တတ်ကြပါဘူး ဘဘ၊ စွမ်းနိုင်ရင် ဘဘ လုပ်ပေးစမ်းပါ။ ဒီအပင်က စောစောမှည့်တတ်တယ်။ အချိုလည်း သိပ်လေးတာ"

သူတော်ငတေက သရက်ပင်ပေါ် တစ်ချက် မော့ကြည့်သည်။

သရက်ပင်ပေါ်တွင် ထွေးခဲလုံး၊ အုန်းသီးလုံးလောက်ရှိသော ခါချဉ်ထုပ်တွေက တစ်ဆယ့်ကိုးထုပ် ရှိနေသည်။ ခါချဉ်ကောင်များမှာ ဥတုသုံးပါးစလုံး၌ ဤသရက်ပင်ပေါ်မှာပင် အိမ်တည်နေကြသည်။

"အေး၊ ငါလုပ်ပေးမယ်။ မင်းတို့ ပြောင်းပင်တစ်ပင် ဘယ်မှာရနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြမလဲ”

“ပြောင်းပင်က ယာထဲကိုင်းထဲ ပေါပါတယ် ဘဘ”

“အေး၊ ဒါဆို သွားနုတ်ကြ။ ပြောင်းပင်ကို မကျိုးမကြေစေနဲ့။ ပင်ပျိုဆို ပိုကောင်းတယ်”

“ဟုတ်. . . ဟုတ်ကဲ့ပါ ဘဘ”

“အမြစ်ပါ. . . ပါပါစေ”

“ဟုတ်ကဲ့၊ ဟုတ်ကဲ့ ကျွန်တော် ခုချက်ချင်း သွားနုတ်လာပါ့မယ် ဘဘ”

ထွန်းကျော်က ဝမ်းသာအားရ ပြောပြီး ကျောင်းအနောက်ဘက်က ဦးဘအောင်တို့ ယာခင်းထဲ ပြေးထွက်သွားသည်။

သူတော်ငတေက သူ့ကျောင်းအောက်ရှိ ဖိုရုံထဲ ဝင်သွား၏။

မကြာမီမှာပင် ထွန်းကျော် ပြောင်းဖူးပင်တစ်ပင်ကို ကိုင်၍ ပြန်ပြေးလာသည်။

အောင်မြက ပြောင်းဖူးပင် ရလာပြီဖြစ်ကြောင်း သူတော်ငတေကို သွားပြောသည်။ ကျွန်ုပ်တို့ ကျောင်းသားများက သူတော်ငတေ မည်သို့မည်ပုံ အစီအမံလုပ်မည်ကို စောင့်ကြည့်နေကြသည်။

သူတော်ငတေနှင့် အောင်မြတို့ ကျောင်းအောက်မှ အတူထွက်လာကြ၏။

ထွန်းကျော်က သူတော်ငတေလက်ထဲ ပြောင်းဖူးပင်ကို သွားပေး၏။

သူတော်ငတေက ထွန်းကျော်ပေးသော ပြောင်းဖူးပင်ကို သေသေချာချာ ကြည့်သည်။

“သောက်သုံးမကျတဲ့ကောင်”

ဟု ပြောပြီး ပြောင်းဖူးပင်ကို လွှင့်ပစ်လိုက်၏။ ဘာကြောင့်မှန်း မသိသဖြင့် ကျောင်းသားအားလုံးက သူတော်ငတေ၏မျက်နှာကို ငေးကြည့်နေကြသည်။

ခဏကြာတော့မှ သူ့လက်ရင်း အန္တေဝါသိက ဒေါင်းသိန်းက. . .

“ထွန်းကျော်နုတ်လာတာ ပြောင်းဖူးပင်ပဲ၊ ဘာဖြစ်လို့လဲ ဘဘ”

ဟု မဝံ့မရဲ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဒါ ပြောင်းပင်မှ မဟုတ်တာ"

"ဟုတ်ပါတယ် ဘဘ၊ တစ်ခင်းလုံး ပြောင်းချည်းစိုက်ထားတာပါ"

"ခွေးကောင်၊ နင်လည်း အလကားပဲ။ ပြောင်းပင်ဆို ဘာလို့ အဖူး ပါလာတာလဲ။ ဒါ ပြောင်းပင် မဟုတ်ဘူးကွ။ မသေမချင်းမှတ်ထား။ အဲဒါ ပြောင်းဖူးပင်ဟ"

သူတော်ငတေ၏ စကားကြောင့် ကျောင်းသားတွေမှာ ကြောက် သွားကြသည်။

"ဟာ၊ ဟုတ်သားပဲ ဘဘ၊ ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန် တော် သွားပြေးနုတ်လိုက်ပါ့မယ်"

ဟု ပြောပြီး ဒေါင်းသိန်း ပြေးထွက်သွားသည်။

"ထွန်းကျော်"

သူတော်ငတေက ထွန်းကျော်မျက်နှာကို စေ့စေ့ကြည့်၍ ခေါ် လိုက်၏။

ထွန်းကျော်မှာ ကြောက်၍ ကြောင်ပြီး သူတော်ငတေ၏ မျက်နှာ ကိုသာ မျက်လုံး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ငေးကြည့်နေ၏။ နှုတ်မဟရဲ။

"နင့်ကို ငါဘယ်လို မှာလိုက်လဲ"

"ပြောင်းပင်အမြစ်ပါ ပါပါစေလို့ မှာလိုက်ပါတယ် ဘဘ"

"ဒါပဲလား"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ"

"နင့်အမေကလွှားပဲ။ ငါက နင့်ကို ပင်ပျိုဆို ပိုကောင်းတယ်လို့ မှာလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မှာလိုက်ပါတယ် ဘဘ"

"ဒါဆို ဒီအပင်က ပင်ပျိုလား။ ဒီမှာ အဖူးလေးပါလာတာ နင့် မျက်စိက မမြင်ဘူးလား။ အဖူးပါနေမှတော့ ပင်ပျို ဖြစ်နိုင်ပါဦးမလား။ ပြောင်းအိုပင်ပဲ ဖြစ်တော့မပေါ့။ ပြောင်းဖူးပင်ကို သရက်ပင်အောက် သွား စိုက်ရင် ပိုဆိုးတော့မပေါ့။ ငတုံးကောင်ရဲ့"

သူတော်ငတေက ထိုသို့ပြောပြီး သရက်ပင်အောက်ကို ပတ်ကာ နှုတ်ခမ်း လှုပ်စိလှုပ်စိနှင့် ဘာတွေ ရွတ်ဖတ်သရဇ္ဈာယ်နေသည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ကမူ သူတော်ငတေ မန်းမှုတ်နေပြီဟု ထင်နေကြသည်။

ခဏအကြာမှာ ဒေါင်းသိန်း ပြောင်းပင်တစ်ပင်နှင့် ရောက်လာသည်။ ဒေါင်းသိန်းလက်ထဲ ပါလာသော ပြောင်းဖူးပင်မှာ ပင်ပျိုဖြစ်သဖြင့် လူကြီးခါးစောင်းလောက်သာ မြင့်သေးသည်။ သူတော်ငတေ၏ အထာကို သိ၍ အဖူးအပွင့်လည်း လုံးဝ မပါ။ ထွန်းကျော် သွားနုတ်ကတည်းကပင် အမြစ်ပါရမည်ဟု သူတော်ငတေ မှာလိုက်သလို အမြစ်လည်း ပါလာသည်။

"တူးရွင်းတစ်လက် သွားယူလိုက်ကြစမ်း"

အောင်မြက သူတော်ငတေ၏ စကားအဆုံးမှာ ကျောင်းပေါ်ပြေးတက်သွားပြီး ဦးပဉ္စင်းကြီး ငှက်ပျောပင်စိုက်နေကျ တူရွင်းပြားကို ထမ်းချလာသည်။ တူရွင်းပြားသွားယူရင်း အောင်မြ ပြောထားခဲ့သည်ထင်၏။ ကိုရင်နှစ်ပါးနှင့် ဦးပဉ္စင်းကြီးတို့ကလည်း ကျောင်းသားတွေ ဝိုင်းနေသော သရက်ပင်အောက်ကို ကျောင်းပေါ်က လှမ်းကြည့်နေကြသည်။

အောင်မြလက်ထဲက တူးရွင်းပြားကို မြင်တွေ့သောအခါ သူတော်ငတေက ဒေါင်းသိန်း နုတ်လာပေးထားသော ပြောင်းဖူးပင်ကို ကိုင်ကာ သရက်ပင်ရင်းသို့ လျှောက်သွားသည်။ သရက်ပင်ရင်းမှတစ်ခါ ခြေဖဝါးချင်းဆက်ပြီး စကြ္ဝန်ချကာ သရက်ပင်ရင်းမှ တစ်လှမ်းချင်း လျှောက်လာသည်။ ခြေလှမ်းလေးငါးလှမ်းမှာ ရပ်တန့်လိုက်သည်။

"ဒီနေရာမှာ ဒီပြောင်းပင်ကို စိုက်မယ်။ ဒေါင်းသိန်း ကျင်းတူးစမ်း"

သူ့ခြေဖဝါးဦး မြေပြင်တစ်နေရာကို ခြေထောက်နှင့် ထိုးပြ၍ ပြော၏။

ဖေသန်းကိုလည်း ခေါ်သည်။ ဖေသန်းနား နားကိုကပ်၍ သူတော်ငတေ ဘာပြောလိုက်သည် မသိ။ တီးတိုးပြောနေသည်။ ဖေသန်းကတော့ ခေါင်းတညိတ်ညိတ်နှင့်။

ထိုအချိန်တွင် ပြောင်းဖူးပင်စိုက်ရန် ကျင်းတူးနေသော ဒေါင်းသိန်းမှာလည်း ပြောင်းဖူးပင် စိုက်နိုင်လောက်သော ကျင်းအကျယ် အနက်ကို တူးပြီးနေပြီ ဖြစ်သည်။

"ဒီမှာ၊ ဒီမှာဟေ့. . . အမောင်တို့ အားလုံး ကြားကြ သိကြစေ။ ဒီပြောင်းပင်ကို ဘဘ ဒီမှာ စိုက်မယ်။ စိုက်ပြီးလို့ ဘဘက ဒီအပင်

www.burmeseclassic.com

www.burmeseclassic.com



ဘာပင်လဲမေးရင် ဖေသန်းဖြေတာကို နားထောင်ထားကြ။ ငါ ဘယ်အခါ ဘယ်အချိန်မေးမေး ဒီအပင် ဘာပင်လဲမေးရင် ဖေသန်းပြောသလိုပဲ အားလုံး ဖြေတတ်ကြရမယ် ကြားလား"

"ကြားပါတယ် ဘဘ"

"အေး. . . ကောင်းပြီ၊ ရေအိုးလေးတစ်လုံးနဲ့ ရေတစ်အိုးလောက် သွားယူစမ်း"

သူတော်ငတေ၏ စကားအဆုံးမှာ စောလှိုင်က ဘုန်းကြီး ရေချိုးရုံထဲ ဝင်သွားပြီး ရေအိုးလေးတစ်လုံးကို မ,ယူလာသည်။

သူတော်ငတေက သရက်ပင်အောက်တွင် ဒေါင်းသိန်းတူးထားသော ကျင်းထဲ ပြောင်းဖူးပင်အမြစ်ကို ထည့်၍ စိုက်၏။ မြေစာတွေကို လည်း သူကိုယ်တိုင် လက်နှင့် ယက်ဖုံးသည်။ ပြီးတော့ ပြောင်းဖူးပင်ပေါ် လက်နှစ်ဖက်မိုးပြီး. . .

"ကဲ၊ ဟိုအကောင် ဘာငေးနေတာလဲ၊ ရေလာလောင်းပေးစမ်း"

ဟု ရေအိုးမ,၍ စောင့်ကြည့်နေသော စောလှိုင်ကို ခေါ်ပြီး ပြောင်းဖူးပင်ပေါ် လက်ဆေးချသည်။

သူ့လက်ထဲက မြေစာခဲ ရွှံ့တွေ စင်သွားသောအခါ ဖေသန်းဆီ တစ်ချက် မျက်စောင်းထိုးကြည့်သည်။

"ဖေသန်း"

"ဘဘ"

"ဒီအပင် ဘာပင်လဲဟေ့"

"ပြောင်းပင်ပါ ဘဘ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဘဘ၊ ပြောင်းပင်အစစ်ပါ"

"အမောင် ကျောင်းတော်သားတို့၊ ဒီအပင် ဘာပင်ပါလိမ့်"

"ပြောင်းပင်ပါဘဘ"

အားလုံး ကျောင်းသားတွေက သံပြိုင်လိုက်ဖြေကြသည်။

သူတော်ငတေက ကျောင်းသားအားလုံးကို သုံးကြိမ်သုံးခါ မေးပြီးရင်း မေးသည်။ ကျောင်းသားများကလည်း ဖေသန်းဖြေထားသည်ကို နမူနာ

www.burmeseclassic.com

www.burmeseclassic.com



ယူ၍ 'ပြောင်းပင်' ဟုပင် ဖြေကြသည်။ မည်သူတစ်ဦးတစ်ယောက်မျှ 'ပြောင်းဖူးပင်' ဟု မဖြေကြပေ။

"ကဲ. . . ကဲ၊ သွား သွား. . . သွားကြတော့"

ဟု ပြောပြီး သူတော်ဝတေလည်း သူ့ဖိုရုံရှိရာ ကျောင်းအောက်သို့ ဝင်သွားလေသည်။

ကျွန်ုပ်တို့သည် သူတော်ဝတေ စီမံပေးထားခဲ့သော ပြောင်းဖူးပင်၏ အခြေအနေနှင့် သရက်ပင်ပေါ်မှ ခါချဉ်ကောင်များ၏ အခြေအနေကို မသိမသာ စောင့်ကြည့် အကဲခတ်နေကြသည်။

သည်လိုနှင့် ညနေရွာထဲသို့ ထမင်းစားဆင်းကြရန် ကိုရင်သာပြည့်၏ အချက်ပေးတုံးခေါက်သံကို ကြားရသည်။ ထိုအခါ ကျောင်းသားအားလုံး ကျောင်းကြီးပေါ် ပြေးတက်ကြရ၏။ ထုံးစံအတိုင်း ဘုရားကျောင်းရှေ့တွင် ကြီးစဉ်ငယ်လိုက် တန်းစီထိုင်ကြပြီး 'ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ'ဟု သုံးကြိမ်ရွတ်ဆို ရှိခိုးကာ ရွာထဲသို့ ထမင်းစားဆင်းလာကြရသည်။

ကျွန်ုပ်တို့ ထမင်းစားပြီး၍ ညနေ ကျောင်းသို့ ပြန်ရောက်လာကြသောအခါ သရက်ပင်ကြီးနားသွားပြီး မယောင်မလည် အကဲခတ်ကြည့်ကြသည်။ ဘာမှ ထူးထူးခြားခြားတော့ သရက်ပင်အောက်တွင် မမြင်ကြရ။ သည်လိုနှင့် မိုးချုပ်ကြသည်။

ဦးပဉ္စင်းကြီး လသာမှန်အိမ်ထွန်းပြီးသည်နှင့် ဘုရားဝတ်တက်ကြသည်။ ဘုရားဝတ်တက်ပြီးကြသောအခါမှာတော့ သရက်ပင်အောက်ကို မည်သူမျှ မသွားကြတော့။ သရက်ပင်မှာ ကျောင်းတောင်ဘက် တပ်စည်းနားတွင်ရှိနေသဖြင့် ကျောင်းနှင့် နည်းနည်းလှမ်းသည့်အပြင် ယခင်က မည်းနက်မ နေသွားသော မိုးကြိုးခ ပြပင်ကြီးဘက် ဖြစ်နေသည်။ ထို့ကြောင့် ညညတွင် ထိုဘက်ကို ကျောင်းသားကြီးတွေ သွားလေ့သွားထ မရှိကြပေ။

မနက်မိုးလင်း အရုဏ်ဆွမ်းစားပြီးချိန်မှာတော့ အာကျယ်အေးမောင်က. . .

"သရက်ပင်ပေါ်က ခါချဉ်ကောင်တွေ အကုန် ပြောင်းပြေးနေကြတယ်ဗျို့။ လာကြည့်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောသဖြင့် ကျောင်းသားများ သရက်ပင်အောက်ကို ပြေးကြည့်ကြသည်။

အာကျယ်အေးမောင်ကြီး ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ သရက်ပင်ပေါ်၌ နှစ်ပေါင်းများစွာ အသိုက်ဆောက်လုပ် အိမ်တည်ကာ နေလာခဲ့ကြသော ခါချဉ်ကောင်များသည် သရက်ပင်ပေါ်မှ စီတန်းဆင်း၍ ပြောင်းသွားနေကြသည်။ ပြောင်းကြသည်မှ သူတို့ ဥဖြူလွလွတွေကိုပါ ကိုက်ချီ၍ ပြောင်းနေကြ၏။ တချို့ အရွယ်မရောက်ကြသေးသော ခါချဉ်သားပေါက်ကောင် မဖြူမညိုများကလည်း အကောင်ကြီးများနည်းတူ သရက်ပင်ပေါ်မှ လိုက်ဆင်း၍ အကောင်ကြီးတွေနောက် လိုက်ပြောင်းနေကြသည်။

ခါချဉ်ကောင်များ ပြောင်းသွားကြသော လမ်းကြောင်းကိုလည်း ကျွန်ုပ်တို့ ကျောင်းသားများ လိုက်ကြည့်ကြသည်။ ခါချဉ်ကောင်များသည် ကျောင်းတပ်စည်းတောင်ဘက် ချုံတောရှိ သပြေပင်ကြီးသို့ ပြောင်းသွားနေကြ၏။ ထို့ကြောင့် သပြေပင်ကြီးနားထိ လိုက်ကြည့်သူကကြည့်၊ သရက်ပင်ပေါ်က ဥဖြူဖြူ အညိုအနီ အကြီးအသေး အနုအရင့်တွေကို ကိုက်ချီပြောင်းဆင်းလာကြသော ခါချဉ်ကောင်များကို ဝိုင်းကြည့်သူကကြည့်နှင့် သရက်ပင်နား တစ်ဝိုက်တွင် ကျောင်းသားများနှင့် ရှုပ်ယှက်ခတ်နေသည်။ ထိုအထဲတွင် ဘာမဆို ကျောင်းသားများနှင့် အမြဲရင်ပေါင်တန်း ပါလာတတ်သော ကိုရင်သာဖြည့်ပင် ဧကသီတကားကားနှင့် သရက်ပင်အောက် ရောက်လာသည်။

"ဦးသူတော်က တကယ်စွမ်းတာဗျ။ ကြည့်စမ်း၊ ဒီသရက်ပင်မှာ ငါတို့ ငယ်ငယ်ကပင် အိမ်ဖွဲ့နေကြတဲ့ ခါချဉ်ကောင်တွေ ပြောင်းပြေးနေကြတာ အံ့စရာပဲ"

"ဟုတ်တယ်၊ ဘာဘကြီး သူတော်က တကယ်စွမ်းတာနော်"

သည်လိုနှင့် တစ်ယောက်တစ်ပေါက် သရက်ပင်အောက်တွင် ဆူဆူညံညံ ဝေဖန်ပြောဆိုနေကြရာ မကြာပါချေ။ သူတော်ငတေသည် တုတ်တစ်ချောင်းနှင့် ရောက်လာပြီး ကျောင်းသားတွေကို လိုက်ရိုက်လေတော့သည်။ ထိုအခါမှ သရက်ပင်နားတွင် လူရှင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် တစ်ပတ်ခန့်အကြာ သူတော်ငတေက အနင်းအနှိပ်ခိုင်းသော တစ်နေ့မှာ ကျောင်းသားကြီး ထွန်းသာဦးက. . .

"ဘဘက သိပ်စွမ်းတာပဲ။ သရက်ပင်ပေါ်က ခါချဉ်ကောင်တွေကို ပြောင်းသွားအောင် ဘဘက ပြောင်းဖူးပင်ကို ဂါထာမန္တန်တွေနဲ့ မန်းမှုတ်ပြီး စိုက်လိုက်တာ ခါချဉ်ကောင်တွေ အကုန် ပြောင်းကုန်ကြတော့တာပဲ"

ဟု ပြောလိုက်၏။

စိတ်ကြည်လင်နေပုံရသော သူတော်ငတေကလည်း

စိတ်လိုလက်ရ. . .

"ပြောင်းဖူးပင်ကို ဘာမှ မန်းမှုတ်ပြီး စိုက်စရာ မလိုဘူးဟ။ မယုံရင် ခါချဉ်ကောင်တွေရှိတဲ့ သစ်ပင်အောက်မှာ မင်း သွားစိုက်ရင်လည်း တစ်ရက် နှစ်ရက်အတွင်း ခါချဉ်ကောင်တွေ ပြောင်းသွားကြမှာပဲ။ အဲဒါ ငါ စွမ်းတာမှ မဟုတ်တာ။ ပြောင်းဖူးပင်ကကို စွမ်းလို့ပါ"ဟု ဆိုလေသည်။

"ပြောင်းဖူးပင်က ဘယ်လိုစွမ်းလို့လဲ ဘဘ"

"ဒီလောကကြီးကို ဓာတ်ကြီးလေးပါးက အုပ်စိုးထားတယ်။ ခါချဉ်ကောင်တွေရှိနေတဲ့ သစ်ပင်အောက်မှာ ပြောင်းဖူးပင် သွားစိုက်လို့ ခါချဉ်ကောင်တွေ ပြောင်းပြေးသွားကြတာ ဓာတ်သဘောပါ။ မင်း ပြောင်းဖူးပင်ကို နမ်းကြည့်ဖူးလား"

"မကြည့်ဖူးပါဘူးဘဘ"

"အေးလေ၊ မင်း နမ်းကြည့်လို့လည်း သားငါးစားနေတဲ့ နင်တို့ပါးစပ်က၊ နင်တို့ ဗွာရကိုးပေါက်က အနံ့အသက်ဆိုးတွေကြောင့် နင်တို့ နှာခေါင်းပေါက်က သိမ်မွေ့တဲ့အနံ့ကို ရချင်မှ ရမှာပေါ့။ ပြောင်းဖူးပင်က ထွက်တဲ့ အနံ့ကို ခါချဉ်ကောင်တွေက မခံနိုင်ကြဘူးကွ။ အဲဒါကြောင့် ပြောင်းသွားကြတာ။ ဘဘ မှာထားမယ်။ တကယ်လို့ မင်းတို့ တောနား၊ ယာတဲလယ်တဲက နွားရုံတို့၊ တဲတို့မှာ ဒါမှမဟုတ် ရွာထဲက အိမ်မှာ၊ သစ်ပင်တွေမှာ ပျားလာစွဲရင် အဲဒီပျားတွေ ပြောင်းပြေးသွားအောင် ဘယ်လိုလုပ်ရမလဲ မင်းသိလား"

"မသိပါဘဘ"

"မသိရင်မှတ်ထား။ ပျားဟာ ဘာကိုကြိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမွှေးနံ့သာကို ကြိုက်ပါတယ်"

"အေး. . . ဟုတ်ပြီ၊ ငါ့လူ မဆိုးဘူး။ သဘာဝအမွှေးနံ့သာဟာ ဘယ်မှာရှိလဲ"

"ပန်းတွေမှာ ရှိပါတယ် ဘဘ"

"ဟုတ်လိုက်လေကွယ်။ အမွှေးနံ့သာကိုကြိုက်တဲ့ ပန်းဝတ်ရည်တွေကို စုပ်ပြီး အိမ်တည်တတ်တဲ့ ပျားအုံအောက်မှာ တုတ်တစ်ချောင်းကို မစင်(ချေး) လူးပြီး သွားစိုက်ထားကြည့်စမ်း။ မကြာမီ အဲဒီပျားတွေ ပြောင်းပြေးကြမှာပဲ။ ဒါသဘာဝပဲ"

သူတော်ငတေ၏ ထိုအပြောကို မယုံသူ ကျောင်းသားကြီးအချို့သည် မှိုရှာ၊ ထင်းခွေထွက်ကြရင်း ပျားအုံတွေ့သောအခါ သွားစမ်းကြည့်ကြရာ ပျားတွေက ဝါးလုံးကို ချေးသုတ်ပြီး သူတို့ အပင်အောက် လာစိုက်သော ကျောင်းသားများကို ဝိုင်းတုတ်ကြပြီး ထိုနေရာမှ အမှန်တကယ်ပင် ပြောင်းသွားကြသည်ဆို၏။

ကျွန်ုပ်တို့ ကျောင်းသားများသည်လည်း သရင်ပင်မှ သပြေပင်သို့ ပြောင်းသွားကြသော ခါချဉ်ကောင်များအား သပြေသီးမှည့်ချိန်တွင် သပြေပင်အောက်၌ ပြောင်းဖူပင်သွားစိုက်၍ စမ်းသပ်ကြည့်ကြရာ အမှန်ကတယ်ပင် သပြေပင်ကြီးမှ ခါချဉ်ကောင်များ ဇင်ပြွမ်းပင်ကြီးသို့ ပြောင်းသွားကြသည်ကို ကိုယ်တွေ့ကြုံကြရလေသည်။

ဇ ဇ ဇ

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ)*



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ
# ကြက်သူခိုးဖော်ထုတ်နည်း



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ ကြက်သူခိုးဖော်ထုတ်နည်း

ကျွန်ုပ်တို့ ကျောင်းဝင်းထဲတွင် ဗေဒင်ယတြာအရ လည်းကောင်း၊ သက်ကယ်၊ သက်ဆက်၊ ဘေးမဲ့အရ လည်းကောင်း လာလာလွှတ်ထားကြသော ကြက်သုံးလေးကောင် ရှိသည်။ ထိုကြက်သုံးလေးကောင်ထဲတွင် ကြက်ဖကြီးတစ်ကောင်မှာ "ကိုရင်သာပြည့်ကြက်"ဟု အမည်တွင်၏။

ထိုကြက်ဖကြီးကို ရွာသားတစ်ယောက် လာလွှတ်ကတည်းက ကိုရင်သာပြည့်သည် သိတင်းဥပုသ်နေ့မှရသော ဆန်ပန်းပေါက်ပေါက်များကို နေ့စဉ်လိုလို ချကျွေးထားသည်။ ထို့ကြောင့်လည်း 'ကိုရင်သာပြည့်ကြက်ဖကြီး'ဟု ခေါ်ကြခြင်း ဖြစ်၏။ တချို့ကမူ 'သာပြည့်'ဟုပင် ကြက်ဖကို အမည်နာမပေးထားကြသည်။

၎င်းသာပြည့်ကြက်ဖမှာ ကျောင်း၌ အနေကြာသလို အသက်လည်း အကြီးဆုံး ဖြစ်သည်။ ကိုရင်သာပြည့် နေ့စဉ် ဆန်ပန်းပေါက်ပေါက်ကျွေးနေကျ ဖြစ်သဖြင့် လူလည်း ယဉ်ပါးသည်။ ကိုရင်သာပြည့်သာမဟုတ် ကျောင်းသားများကပါ 'သာပြည့်၊ လာ လာ'ဟု ခေါ်လိုက်လျှင် တွန်သံပေးကာ လူနားရောက်လာသည်။ တွန်သံလည်းသာသည်။ တခြား ကြက်နှစ်ကောင် သုံးကောင်မှာမူ လူမယဉ်ပေ။ သူတို့အနား လူလာကပ်သည်နှင့် ရှောင်ဖယ်ရှောင်ဖယ် ပြေးတတ်ကြသည်။

တစ်နေ့ ညနေတွင် ကိုရင်သာပြည့်ကြက်ဖကြီး ပျောက်သွား၏။ ဘယ်အချိန်တုန်းက ပျောက်သွားမှန်း ကိုရင်သာပြည့် မသိ။ ထုံးစံအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သာပြည့် ဆန်ပန်းပေါက်ပေါက် လာကျွေးသောအခါ တခြား ကြက်တွေသာ ရောက်လာကြပြီး ကိုရင်သာပြည့်ကြက်ဖကြီး ပေါ်မလာတော့။ ထိုအခါ ကိုရင်သာပြည့်က သူ့ကြက်ဖကြီးကို အသံပေး၍ ကျောင်းဝင်းတစ်ခုလုံးအနှံ့ လိုက်ရှာနေသည်။

ကိုရင်သာပြည့် ထိုသို့ ကြက်ပျောက်လိုက်ရှာနေစဉ် သူတော်ငတေနှင့်တွေ့ကြ၏။

"ကိုရင်၊ ဘာရှာတာတုန်း"

သူတော်ငတေက မေး၏။

"ကျုပ် ကြက်ဖကြီး ပျောက်သွားလို့ လိုက်ရှာနေတာ"

"တောစိတ်ဝင်ပြီး တောထွက်သွားလားမှ မသိတာ"

"မဖြစ်နိုင်ဘူးဗျ။ ကျုပ် နေ့တိုင်း ဆန်ပန်းပေါက်ပေါက် ကျွေးနေတာ။ ကျုပ် အသံကြားရင် တစ်နေ့ မလာဘဲ မနေဘူး။ ဒီနေ့တော့ လာလည်း မလာ၊ ရှာလည်း မတွေ့ ဖြစ်နေတယ်"

"ကြက်ပဲ ကိုရင်၊ နေမကောင်းလို့ သစ်ပင်ပေါ် တက်အိပ်နေလားမှ မသိတာ"

သူတော်ငတေက ပြောပြန်သည်။

"ဘယ်လောက်ပဲ နေမကောင်းကောင်း ကျုပ် အသံကြားရင် သစ်ပင်ပေါ်က တောင်ပံရိုက်ချက်ပေးပြီး ဆင်းလာတတ်တာ။ ဒီနေ့တော့ ကျုပ် ရှာတာလည်း ဒေါင်းတောက်နေပြီ။ မဟုတ်မှလွဲရော ကျုပ် အထင်တော့ ကျောင်းသားကြီးတွေ ခိုးသွားပြီထင်တယ်။ ဦးသူတော် စွမ်းနိုင်ရင် ကျုပ်ကြက်ဖကြီး ပြန်ရအောင် အစီအမံလုပ်ပေးစမ်းပါ။ အရင်တစ်ခါ လှသန်းဖိနပ် ပျောက်တုန်းက လုပ်သလို လုပ်ပေးပါလား။ ခင်ဗျားဖိုရုံအတွက် ကျုပ် မီးသွေးပေးပါ့မယ်"

"ဟ၊ ဟိုဟာက ဖိနပ်။ ခုဟာက ကြက်။ အသက်ရှိတဲ့ပစ္စည်း ဘယ်ဖြစ်မလဲ"

"ခင်ဗျား အရင်ကပြောတော့ သက်ရှိပစ္စည်းဆို ပိုလွယ်တယ်ဆို။ နည်းလမ်းရှိရင် လုပ်ပေးစမ်းပါဗျာ။ ဒီကြက်ဖကြီးကို ကျုပ်က သိပ်ချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သာပြည့်က သူတော်ငတေကို တောင်းတောင်းပန်ပန် ပြောသည်။

"အဲဒီကြက်ရဲ့ ကြက်မွေးရရင် လုပ်လို့ရတယ်"

"ဟာ ကျုပ်ကြက်ဖကြီးရဲ့ ကြက်မွေး ကျုပ် မှတ်မိပါတယ်။ သူ အိပ်တန်းတက်နေကျ ဉသျှစ်ပင်အောက် သွားရှာလိုက်ရင် ရမှာပါ"

"ဒါဆို သွားရှာလေ။ အဲဒီကြက်မွေး တစ်မျှင် နှစ်မျှင် ရရင် တပည့်တော် လုပ်ကြည့်မယ်"

"ရတယ်၊ ရတယ်၊ ခု ကျုပ် သွားရှာလိုက်မယ်"

ပြောပြောဆိုဆိုနှင့် ကိုရင်သာပြည့် သူ့ကြက်ဖကြီး နေ့စဉ် အိပ်တန်းတက်နေကျ ကျောင်းဌက်ပျောတောနားက ဉသျှစ်ပင်အောက် ထွက်သွားသည်။

ထိုအချိန်မှာ ကျောင်းသားအားလုံး ညနေထမင်းစားရန် ရွာထဲ ဆင်းနေကြသောအချိန် ဖြစ်၏။

မကြာမီမှာပင် ကိုရင်သာပြည့် ကြက်မွေးသုံးလေးပင်နှင့် သူတော်ငတေဆီ ရောက်လာသည်။

"ဒီမှာဗျို့ ဦးသူတော်၊ ကျုပ် ကြက်မွေးရလာခဲ့ပြီ"

သူတော်ငတေ၏ ဖိုရုံဝက ကိုရင်သာပြည့် သူတော်ငတေကို အသံပေး ပြောလိုက်သည်။ သူတော်ငတေမှာ ဖိုရုံထဲ မည်သူ့ကိုမျှ အဝင် မခံသဖြင့် ကိုရင်သာပြည့်က ဖိုရုံဝမှ မတ်တတ်ရပ်ပြောရ၏။

သူတော်ငတေ ဖိုရုံထဲက ထွက်လာသည်။

"ကိုရင့်ကြက်ဖမွေးကော အမှန်ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်။ ကျုပ် ကြက်ဖမွေး ကျုပ် မှတ်မိပါတယ်။ ဒါ ကျုပ် ကြက်ဖရဲ့ လည်ဆံကာအမွေးဗျ"

"ကောင်းပြီ ပေး"

သူတော်ငတေ ကိုရင်သာပြည့်လက်ထဲက ကြက်မွေးသုံးလေးမျှင်ကို ယူသွားသည်။

"ကျုပ် ဘာဆက်လုပ်ရမလဲ ပြောပါဦး"

"ကိုရင် ဘာမှ လုပ်စရာမလိုဘူး။ တပည့်တော် ဆက်လုပ်ပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ညကျရင်သာ ကိုရင်မအိပ်ဘဲ ကျောင်းသားတွေ အခြေအနေကို စောင့်ကြည့်နေ။ ကျောင်းသားတွေသာ အမှန်တကယ် ကိုရင့်ကြက်ဖကို ခိုးသွားတယ်ဆိုရင် ပေါ်ကိုပေါ်လာလိမ့်မယ်”

“ဘယ်လို ပေါ်မှာလဲ”

“ဟာ၊ ဒီကိုရင် စကားရှည်လိုက်တာ။ လူသိလို့ စည်းပေါက်သွားဦးမယ်။ တပည့်တော် စီမံပဲ့မယ်ဆို။ ကိုရင်လုပ်ရမှာက ညကျလို့ ကျောင်းသားတွေ အိပ်ကြတဲ့အခါ ကောင်းကောင်းမအိပ်နိုင်ဘဲ ဘယ်ကောင်တွေ အခြေအနေပျက်နေလဲ။ အဲဒါပဲ မသိမသာ ကြည့်နေ။ တခြား ဘာမှ မလုပ်ရဘူးနော်။ ကျောင်းသားတွေ ထမင်းစား ပြန်တက်လာကြရင်လည်း ကြက်ပျောက်တဲ့အကြောင်း ဘယ်သူ့မှ မပြောနဲ့။ ခါတိုင်းနေသလို မသိကျိုးကျွံပဲနေ။ နောက် ဘာပဲဖြစ်လာဖြစ်လာ ကိုရင် ဝင်မပါရဘူး။ ငါ့ကြက်ခိုးစားတဲ့အကောင်တွေ ဘာညာနဲ့ နင်ပဲငဆ မပြောရ မဆဲဆိုရဘူးနော်။ ကိုရင့်အလုပ်က ဘာပဲဖြစ်နေဖြစ်နေ မသိမသာ ကြည့်နေရုံပဲ။ ကဲ ကွတော့”

သူတော်ငတေကို ရှိန်သဖြင့် ကိုရင်သာပြည့် နောက်ထပ် ဘာမှ မပြောရဲတော့ဘဲ ကျောင်းပေါ်တက်လာ၏။

မကြာမီ ထမင်းစားဆင်းသွားကြသော ကျောင်းသားများ ပြန်ရောက်လာကြ၏။ ထုံးစံအတိုင်း ဘုရားဝတ်တက်၊ စာအံပြီး ညကိုးနာရီကျော်သောအခါ စီတန်း၍ အိပ်ကြသည်။

ကိုရင်သာပြည့်ကမူ သူတော်ငတေ မှာထားသည့်အတိုင်း ဘယ်ကျောင်းသားများ မအိပ်နိုင်ဘဲ အခြေအနေပျက်နေမည်ကိုသာ မသိမသာ အကဲခတ်ကြည့်နေသည်။

သည်လိုနှင့် ကျောင်းသားများ တဖြည်းဖြည်း အိပ်ပျော်သွားကြသည်။ ကိုရင်သာပြည့်ကား မအိပ်နိုင်။ မီးမှိန်ထားသော ဖန်မီးအိမ် အလင်းရောင်အောက်တွင် ဘယ်ကျောင်းသားများ အခြေအနေပျက်နေမည်နည်း ဆိုသည်ကိုသာ စောင့်ကြည့်နေ၏။

သူငယ်ခေါင်းချ ကြက်တွန်ချိန်ရောက်သောအခါ စိန်မောင်နှင့် ရွှေမောင်တို့ ညီအစ်ကိုအရင်းနှစ်ယောက် အိပ်ရာက ထလာကြသည်။ သူတို့နှစ်ယောက် ထလာကြသည်မှာ ရိုးရိုးသားသား ထလာကြပုံ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခု အနှောင့်အယှက်ဖြစ်၍ ထလာကြသလို ပြူးတူးပျာတာ အခြေအနေမျိုးနှင့် ထလာကြခြင်း ဖြစ်၏။

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြောကြသည် မသိ။ လေသံကြားရုံမျှနှင့် တီးတိုးပြောကာ ခါတိုင်း အိပ်နေကျနေရာမှ စောင်နှင့် ခေါင်းအုံးကိုယ်စီကို ယူကာ ကျောင်းသားအုပ်ထဲမှ ထသွားကြသည်။ ပြီး ဘုရားကျောင်းဆောင်ရှိ ထပ်ခိုးအောက်နားတွင် လာအိပ်ကြ၏။

ကိုရင်သာပြည့်နှင့် ဦးပဥ္စင်း၊ ကိုရင်တို့မှာ ဘုရားကျောင်းဆောင် အောက်တည့်တည့်တွင် အိပ်ကြသဖြင့် သူတို့ခြေရင်း လာအိပ်ကြသော စိန်မောင်နှင့် ရွှေမောင်တို့ ညီအစ်ကိုနှစ်ယောက်ကို ကိုရင်သာပြည့်က မျက်လုံးမှေး အိပ်ယောင်ဆောင်ကာ အကဲခတ်ကြည့်နေသည်။

ဆယ်မိနစ်ပင်မကြာချေ။ စိန်မောင်တို့ ညီအစ်ကိုနှစ်ယောက်မှာ ဖျတ်ခနဲ ထထိုင်ပြီး တစ်ယောက်နား တစ်ယောက် ပါးစပ်ကပ်ကာ တီးတိုးပြောကြပြန်သည်။ တစ်ယောက် ပြောသည်ကို တစ်ယောက် ခေါင်းတဆတ်ဆတ်ညိတ်ပြပြီး နှစ်ယောက်စလုံးထကာ တခြားကျောင်းသားများနှင့်အတူ သူတို့ မူလအိပ်နေခဲ့ကြသော နေရာကိုသွားပြီး အိပ်ကြပြန်သည်။

သို့သော် မကြာပါချေ။ နှစ်ယောက်သား လန့်လန့်ဖျပ်ဖျပ် ရုတ်ခနဲ ထထိုင်လိုက်ပြီး တီးတိုးပြောကာ ဘုန်းတော်ကြီးခြေရင်းဘက် ပြောင်းအိပ်ကြပြန်၏။ ဘုန်းတော်ကြီး ခြေရင်းဘက်တွင်လည်း ခဏသာ လှဲနေကြပြီး ပြန်ထလာကြကာ ကိုရင်သာပြည့်တို့ ရှိနေသော ဘုရားကျောင်းဆောင်နား ရောက်လာကြပြန်သည်။ ထိုနေရာ၌လည်း ဆယ်မိနစ်ပင်မကြာ နှစ်ယောက်စလုံး လန့်ဖျပ်ခုန်ထကာ ခေါင်းအုံးနှင့် စောင်ကိုယူပြီး ခေါင်းတက်ဖက်တွင် သွားအိပ်ကြပြန်သည်။

ကိုရင်သာပြည့်ကမူ သူတို့နှစ်ယောက် ဆောက်တည်ရာမရ ဖြစ်နေကြသည်ကို မလှုပ်မယှက် အသာကြည့်ကာ 'ငါ့ကြက်ဖကြီး ခိုးသွားတာ ဒီကောင်နှစ်ကောင်ပဲ ဖြစ်ရမယ်'ဟု တွေးမိနေပြီ။ သို့သော် သူတော်ငတေက 'ကိုရင် ဘာမှ မလုပ်ရဘူးနော်။ ကြည့်ပဲ ကြည့်နေရမယ်'ဟု မှာထားသဖြင့် မလှုပ်မယှက်ပင် မျက်လုံးကို မှေးဖွင့်၍ စိန်မောင်တို့ ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အခြေအနေကို စောင့်ကြည့်နေလေ၏။

အချိန်မှာ သန်းခေါင်နီးလာပြီဖြစ်သဖြင့် တခြားကျောင်းသား၊ ကိုရင်၊ ဦးပဥ္စင်းနှင့် ဘုန်းတော်ကြီးတို့ပါ အိပ်မောကျနေကြပြီ။ အဟောက်ကြီးသော သိန်းအောင်ကြီးဟောက်သံကလည်း ကျောင်းခေါင်းရင်း ပန်းဖွေးပင်ပေါ်က ညညအော်မြည်တတ်သော ဖီးကွက်များနှင့်အတူ သံစုံထွက်နေပြီ။

လှေကားထိပ်ဘက် သွားအိပ်နေကြသော ရွှေမောင်တို့ ညီအစ်ကိုသည် ထိတ်ထိတ်ပျာပျာနှင့် ထလာကြပြီး ဘုန်းတော်ကြီး၏ ခြေရင်းခါးပန်းနားသို့ ပြောင်းအိပ်ရန် ထသွားကြပြန်သည်။

သည်လိုနှင့် မကြာပါချေ။ တဟီးဟီး ထငိုကြတော့၏။

စိန်မောင်တို့ ညီအစ်ကို ထငိုလိုက်ကြသောအခါ ဘုန်းတော်ကြီးပါ လန့်နိုးလာသည်။ လန့်နိုးနိုးချင်း ငိုသံကြားသဖြင့် ဘုန်းတော်ကြီးသည် ပျဉ်ခင်းကို ကြိမ်နှင့် တဖြန်းဖြန်း ရိုက်လိုက်ကာ. . .

"ဟဲ့ ဘယ်သူတုန်း။ ဘာဖြစ်တာတုန်း။ ငိုနေကြတာလား"

ဟု အော်လိုက်သောအခါမှာတော့ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားအားလုံး လန့်နိုးလာကာ ထိတ်ထိတ်ပျာပျာ ထထိုင်ကြသည်။

"ဟဲ့၊ နင်တို့နှစ်ယောက် ဘယ်လိုဖြစ်ပြီး ငိုနေကြတာလဲ"

ပြောရင်းက ကြိမ်ဝင့်ကာ ဆရာတော်သည် စိန်မောင်နှင့် ရွှေမောင်ညီအစ်ကိုနှစ်ယောက်ရှေ့ လာရပ်သည်။ ဦးပဥ္စင်းကြီး သောဘနကလည်း ကပျာကယာ ပြေးလာပြီး မှန်အိမ်ကို မီးစာမြှင့်လိုက်သည်။

"ဟဲ့. . . မေးနေတာ မကြားကြဘူးလား။ ငါတယ် ညကြီးမင်းကြီး နင်တို့နှစ်ယောက် ဘာဖြစ်လို့ ထငိုနေကြတာလဲ။ ပြောစမ်း"

ဘုန်းတော်ကြီးက ညီအစ်ကိုနှစ်ယောက်ကို ကြိမ်ရွယ်၍ မေးနေ၏။ "တပည့်တော်တို့ ဗိုက်ထဲက ကြက်ချည်း ထထတွန်နေလို့ပါဘုရား။ ဟီးဟီး တစ်ညလုံး မ. . မအိပ်ရတော့ပါဘုရား ဟီး"

"ဟယ်"

ဘုန်းတော်ကြီး ငိုင်သွားသည်။ ပြီးမှ. . .

"ကြံကြီးစည်ရာ၊ နင်တို့ ဗိုက်ထဲက ကြက်တွန်ရအောင် နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ခဲ့ကြလို့လဲ။ ငါ့ကို မှန်မှန်ပြောကြစမ်း”

“တ. . တပည့်တော်တို့”

စကားကို ချက်ချင်း မဆက်သေးဘဲ စိန်မောင်နှင့် ရွှေမောင်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

“နင်တို့ ဘာလုပ်ခဲ့ကြလဲ။ ပြောစမ်းပါဆိုနေ. . ငါတယ်”

“တ. . တပည့်တော်တို့ ညနေက ကို. . . ကိုရင်သာပြည့်ကြက်ခိုးသွားပြီး ချက်. . . ချက်စားမိကြ”

“ဖြန်း. . . ဖြန်း”

“ဖြောင်း. . . ဖြောင်း. . . ဖြောင်း”

“ကြောက်ပါပြီဘုရား။ သေပါပြီဘုရား။ နောက်ကို မလုပ်တော့ပါဘူး ဘုရား။ ချမ်းသာပေးပါဘုရား”

ဘုန်းတော်ကြီး၏ ကြိမ်ဆော်သံနှင့် စိန်မောင်တို့ ညီအစ်ကို နှစ်ယောက် အော်ငိုလိုက်သံတို့မှာ တစ်ကျောင်းလုံး ဆူညံသွားသည်။

“ဘာ. . . ခုမှ ကြောက်ပါပြီလဲ။ ဖြောင်း. . . ဖြောင်း၊ ဖြန်း. . . ဖြန်း၊ ဖြန်း. . . ဖြန်း. . . ဖြန်း၊ ရွမ်း. . . ရွမ်း”

“ကြောက်ပါပြီဘုရား။ သေပါပြီဘုရား။ ဘဘ. . . ဘဘကြီး ကယ်ပါကူပါ”

ဟု တအားအော်ပြီး ထပြေးသွားကြသော စိန်မောင်တို့ ညီအစ်ကိုအား ဘုန်းတော်ကြီးက လိုက်ရိုက်သည်။ ရွှေမောင်တို့ညီအစ်ကိုမှာ သူတို့နှင့် ဆွေမျိုးမကင်းသော ဦးပဥ္စင်းကြီး ဦးသောဘနကို ပြေးဖက်ကာ. . .

“ကယ်ပါဦးဘဘ၊ သေရပါတော့မယ်။ ကယ်ပါ”

ဟု အော်ဟစ်ကာ ဦးသောဘနကို ပတ်ပြေးနေကြသည်။

“အဟမ်း. . . ဟမ်း. . . ဘာများဖြစ်ကြလို့လဲဘုရား”

ညကြီးမင်းကြီး တစ်ကျောင်းလုံး ဆူညံနေသဖြင့် ကျောင်းနားစုက ဒကာသုံးလေးယောက် ကျောင်းပေါ် ပြေးတက်လာကြသည်။ ထိုအခါမှ ဘုန်းတော်ကြီး ကြိမ်ချက်လည်း ရပ်သွား၏။

“ဘယ်လိုဖြစ်လို့ပါလဲ ဘုရား”

“ဟိုငထွန်းမောင် သားနှစ်ယောက် ကျောင်းဝင်းထဲက ဘေးမဲ့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထားတဲ့ ကြက်ကို ခိုးဖမ်းချက်စားလာကြတယ် ပြောတယ်။ အဲဒါကြောင့် ကျုပ် ရိုက်ဆုံးမနေရတာ ဦးထွန်းလူ”

စိန်မောင်တို့အဖေ ဦးထွန်းမောင်မှာ ရွာ၌ ကြေးရတတ် လယ်ပိုင်ရှင် ဆွေကြီးမျိုးကြီး၊ ရွာလူကြီး ဖြစ်သည်။ သားသမီးဆို၍လည်း ဤစိန်မောင်နှင့် ရွှေမောင် အမြွှာပူးညီအစ်ကိုနှစ်ယောက်သာ ရှိသည်။ ငယ်ငယ်ကပင် အလိုလိုက်ထားသဖြင့် ပေတေချင်ကြသည်။ နေရာတကာပါပြီး ထောင့်မကျိုးသဖြင့် ကိုရင်သာပြည့်နှင့်လည်း မတည့်ကြ။

“ဟိုခွေးနှစ်ကောင်၊ လာစမ်းဒီကို”

ကျောင်းနားစုမှ ကျောင်းပေါ် ပြေးတက်လာကြသော လူကြီးလေးယောက်ထဲမှ စိန်မောင်တို့၏ ဦးကြီးအရင်း ဦးထွန်းလူက စိန်မောင်နှင့် ရွှေမောင်တို့ကို ခေါ်လိုက်သည်။

စိန်မောင်နှင့် ရွှေမောင်တို့မှာ သူ့ဘကြီးရှေ့ ကျုံ့ကျုံ့ယုံ့ယုံ့ လာထိုင်ကြ၏။ ငိုရှိုက်နေကြသံကမူ မပျောက်သေး။

“ကဲ၊ ကျောင်းမှာ ဘေးမဲ့ပါဆိုပြီး လွှတ်ထားတဲ့ကြက်ကို ဘာလို့ ခိုးစားကြလဲ”

“ကို. . . ကိုရင်သာပြည့်ကြက်ပါ”

“နင့်မေကလွှား၊ ကိုရင်သာပြည့်ကြက်ရမလား။ ကျောင်းဝင်းထဲနေတာ ကျောင်းကြက် မဟုတ်လား။ ငါ ထရိုက်ပြန်ဦးမယ်”

ဘုန်းတော်ကြီးက လှမ်းဟောက်သည်။

“ဒီခွေးနှစ်ကောင်ကို မနက်ဖြန်ကျရင် သဲဒဏ်ရေဒဏ် နာနာကြီး ချီးမြှင့်ပေးတော်မူပါဘုရား။ ငမောင်ကိုလည်း နောက်နောင်မဖြစ်ရအောင် ဆိုဆုံးမဖို့ တပည့်တော် ပြောလိုက်ပါ့မယ်။ ဟဲ့ကောင်တွေ၊ ဆရာတော်ကို ရှိခိုးပြီး ပေးတဲ့အပြစ်ဒဏ် ခံပါ့မယ်ဘုရားလို့ လျှောက်ကြစမ်း”

သူ့ဘကြီးအမိန့်အတိုင်း စိန်မောင်တို့ ညီအစ်ကိုက ဘုန်းကြီးရှေ့ လက်အုပ်ချီသွားပြီး ကြောက်ကြောက်ရွံ့ရွံ့နှင့် လျှောက်ကြ၏။

“တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား”

“အိမ်း အိမ်း၊ သြော်. . . နေ-နေဦး ဒကာကြီး။ ဒီကောင်တွေ ပြောတာ ဆန်းတယ်ဗျ။ ကျုပ်အိပ်ရာက လန့်နိုးပြီး ဒေါသဖြစ်ဖြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထရိုက် မိတာမို့ စုံစုံစေ့စေ့မေးဖို့ မေ့သွားတယ်။ ဟော့ကောင်တွေ ဘာရယ်၊ နင်တို့ ဗိုက်ထဲက ကြက်တွန်သံကြားရတယ်ဆို"

"မှန်လှပါဘုရား၊ တ. . . တပည့်တော်တို့ အိပ်တာနဲ့ ဗိုက်ထဲ ကြက်ထတွန်နေသံကို တစ်ညလုံး ကြားနေရပါတယ်ဘုရား။ တစ်ညလုံး မအိပ်ရပါဘုရား"

"ဟေ"

"ဟင်"

"ဟာ"

အစ်ကိုဖြစ်သူ စိန်မောင်၏ စကားကို အားလုံး အံ့သြမကုန် ဖြစ်သွားကြသည်။

"ဟင်၊ သားကြီး တကယ်လား"

ဦးထွန်းလူကြီးက သူ့တူ စိန်မောင်ကို မယုံသင်္ကာစိတ်နှင့် အံ့အံ့သြသြ မေးလိုက်၏။

"တကယ်ပါဘကြီး။ ကျွန်တော်တို့ အိပ်ပျော်ခါနီးပြီဆိုရင် ဗိုက်ထဲက ကြက်တွန်သံချည်း ကြားလာရပါတယ်။ မယုံရင် ညီလေး မေးကြည့်ပါ"

"သားငယ်၊ တကယ်လား။ ဘကြီးကို ပြောစမ်း"

"ဟုတ်ပါတယ် ဘကြီး။ တစ်ညလုံး ကျွန်တော်တို့ အိပ်မရဖြစ်နေရတယ်"

"ဟေ၊ နင်တို့အဖြစ်က အဆန်းပါလား။ ဒါ ဘယ်လိုဖြစ်တာလဲ"

ဤတစ်ခါတော့ ဘုန်းတော်ကြီးပါ အလွန်အမင်း အံ့သြသွားပုံရသည်။

စိန်မောင်တို့ ညီအစ်ကို မျက်နှာမှာလည်း ကြောက်လန့်၍ ငိုမလို ရယ်မလို ဖြစ်နေကြသည်။

"အံ့သြစရာပဲ။ အမှောင့်ပယောဂများလား မသိဘူးဘုရား။ သားတို့ ဘယ်အချိန်က ဘယ်နေရာမှာ ကြက်သားချက်စားခဲ့ကြလဲ"

"ဦးလေးချစ်လှတို့ နွားရုံထဲမှာပါ"

"ဟာ ဟုတ်ပြီ။ ထောက်ရှာပင်ကွင်းက ချစ်လှကြီးနွားရုံမှာ ဟုတ်လား"

ဦးထွန်းလူနှင့် အတူပါလာသူ ဦးတင်ညွန့်က မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . ဟုတ်ပါတယ် ဦး"

"ဒုက္ခပဲ၊ ထောက်ရှာပင်ကွင်းက သိပ်ကြမ်းတာဘုရား"

ဦးထွန်းလူနှင့် အဖော်ပါလာသူ လူကြီးတစ်ယောက်ကလည်း ဘုန်းတော်ကြီးကို လျှောက်လိုက်သည်။

"မင်းတို့ ကွင်းပိုင်ကြီးကို မမြောက်မပသဘဲ စားကြလို့နေမှာပေါ့"

"အချိန်ကကော၊ ဘယ်အချိန်လဲ"

ဦးထွန်းလူက သူ့တူနှစ်ယောက်ကို မေး၏။

"ညနေက"

"သေချာတာပေါ့ကွာ"

ထိုသို့ ပြောနေကြချိန်မှာပင် လူကြီးနှစ်ယောက် ကျောင်းပေါ် တက်လာကြပြန်သည်။ ဘုရားဒကာ ဦးဖြူသီးနှင့် သူ့ညီအရင်း ဖြူလှတို့ ဖြစ်ကြသည်။ သူတို့နှစ်ယောက်မှာ စိန်မောင်၊ ရွှေမောင်တို့အဖေ ဦးထွန်း မောင်နှင့် အိမ်နီးချင်းများ ဖြစ်ကြသည်။

"ဖြူသီး၊ မင်းတို့ရွာမြောက်ကတောင် ကြားလို့ လိုက်လာကြတာ လား။ မောင်ထွန်းကော မပါဘူးလား။ ဒီမှာ သူ့သားနှစ်ကောင်. . "

"ဟာ ကိုရင်ကလည်း၊ မောင်ထွန်းပါဖို့နေနေသာသာ ခု ကျွန်တော်တို့ မောင်ထွန်းကိစ္စနဲ့ ဝေယံလင်းတို့အဖေက ဦးသူတော်ကို မေးခိုင်းလိုက်လို့ မေးဖို့လာကြတာ။ ကျောင်းပေါ်မှာလည်း မီးတပြောင်ပြောင်နဲ့ စကားပြောနေ ကြသံ ကြားရလို့ တက်လာကြည့်ကြတာဗျ။ ကျောင်းမှာ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ။ ငထွန်းသား နှစ်ယောက်ရယ် ကျောင်းက ကြက်ကိုခိုးပြီး ထောက်ရှာပင်ကွင်းက ငချစ်လှန္တားရုံထဲ မိုးချုပ်နေဝင် သွားချက်စားလာကြတာ ခု သူတို့ အိပ်ပျော်ခါနီးတိုင်း သူတို့ဗိုက်ထဲက ကြက်ချည်း ထထတွန်ပြီး နိုး. . နိုး"

"ဟောဗျာ၊ ဒီသားအဖတွေ ဘယ်လို ဖြစ်ကုန်ကြပါလိမ့်။ ကိုကြီး ထွန်းကလည်း အဲသလို အိပ်ပျော်ခါနီးတိုင်း သူ့ဗိုက်ထဲက ကြက်တွန်သံ ချည်း ကြားနေရပါတယ်ဆိုပြီး ကယောင်ချောက်ချား ပြောနေလို့ ဆေး ဆရာကို ခေါ်ပြကြတယ်။ ဆေးဆရာက ညနေ ဘာဟင်းနဲ့စားလဲ ဘာညာ မေးကြည့်တော့ ထွေထွေထူးထူးလည်း ဘာမှ မစားရပါဘူး။ သူ့သားတွေနဲ့

www.burmeseclassic.com



သူ့နှမ မအေးချမ်း ပေးလိုက်တဲ့ ကြက်သားဟင်းတော့ စားမိတယ် ပြောတယ်။ ဟုတ်လား စိန်မောင်၊ နင့်အရီးလေး ပေးလိုက်တဲ့ ကြက်သားဟင်း နင်တို့ အဖေကို ပေးကျွေးတယ်ဆိုတာ”

ဘုရားဒကာ ဦးဖြူသီးက စိန်မောင်ကို မေးသည်။

“အဲ. . အဲဒါ အရီးလေး ပေးလိုက်တဲ့ ကြက်သား မဟုတ်ပါဘူး ဘဘ။ ကျွန်တော်တို့ ချက်စားကြတာ ကျောင်းက ကိုရင်သာပြည့် ကြက်ဖကြီးသားပါ။ အဖေကြီးသိရင် ဆူနေမှာစိုးလို့ အရီးလေးက ပေးလိုက်ပါတယ်လို့ ကျွန်တော်တို့ တမင်ပြောမိကြတာပါ”

“ကြည့်စမ်း၊ တော်တော် ဉာဏ်များတဲ့ ခွေးနှစ်ကောင်ပါလား။ အားလုံး ဒုက္ခရောက်အောင်လုပ်တာ။ ငါ ထပ်ရိုက်ရင် သေတော့မှာပဲ ဟင်း”

“အဖြစ်က လွန်လွန်းနေလို့ သည်းခံတော်မူပါဘုရား”

စိန်အောင်တို့ဦးကြီး ဦးထွန်းလူက ဘုန်းတော်ကြီးကို လက်အုပ်ချီ၍ တောင်းပန်ထားသည်။

“နင်တို့နှစ်ကောင် ထောက်ရှာပင်ကွင်းက ချစ်လှနွားရုံထဲ ခိုးသွားချက်စားကြတော့ ကွင်းပိုင်တွေ ဘာတွေ မမြောက်မပသလို့ ဖြစ်မယ်”

“မြောက်ပါတယ် ဘဘကြီး။ မြောက်တာမှ လူကြီးတွေလုပ်သလို ခြေထောက်နှစ်ချောင်းရော၊ တောင်ပံနှစ်ဖက်ရော ခေါင်းပါအစုံ မြောက်ပါတယ်”

စိန်မောင် ငိုသံပါကြီးနှင့် ပြော၏။

“ဘာပဲဖြစ်ဖြစ် ထောက်ရှာပင်ကွင်းပိုင်ကြီးပဲ ဖြစ်မယ်။ ဒီအဖြစ် မျိုး ရပ်မှာရွာမှာ တစ်ခါမှ မကြားဘူး၊ မကြုံဘူးကြတော့ ဆေးဆရာ ဝေယံလင်းတို့အဖေက သူလည်း ဘာလုပ်ရမှန်း မသိဘူး။ ကျောင်းက ဦးသူတော်ဆီသွားပြီး အကျိုးအကြောင်း ပြောပြပါဆိုလို့ ကျွန်တော်တို့ လာကြတာ။ ခုကျောင်းမှာ ကိုကြီးထွန်းသားနှစ်ယောက်စလုံးကပါ ဒီလို ဖြစ်နေတော့ ဘယ်လိုလုပ်ကြ. . .”

“ဟဲ့ ကိုရင်သာပြည့်၊ ဦးသူတော်တောင် ရှိရဲ့လား။ ရှိရင် ကြားလောက်ရောပေါ့။ ကျောင်းပေါ်တက်လာ”

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ရှိပါတယ်ဘုရား။ ကြားပါတယ်ဘုရား"

ကိုရင်သာပြည့်အား အခေါ်ခိုင်းရန် အမိန့်ရှိလိုက်သော ဘုန်းကြီး စကားမဆုံးမီပင် သူတော်ငတေ ကျောင်းပေါ် တက်လာသည်။

"ဦးသူတော် ကြားတဲ့မြင်တဲ့အတိုင်းပဲဗျာ။ ခု သန်းခေါင်ကျော်နေပြီ။ မောင်ထွန်းလည်း သူ့ဗိုက်ထဲက ကြက်ချည်း ထထတွန်နေတယ်ဆိုပြီး ကယောင်ချောက်ချား ဖြစ်နေလို့ ဝေယံလင်းအဖေကို ခေါ်ပြကြတော့ သူလည်း မကြားဘူး၊ မကြုံဖူးဘူး ဆိုပြီး ဦးသူတော်ဆီ လွှတ်လိုက်လို့ပါ။ အဲဒါ ဦးသူ. . ."

"ဘာမှ မဟုတ်ပါဘူး ဘုရား။ ဒကာကြီးရာ အလကားပါ"

သူ့အား အကြောင်းကြားရန် လာသော ဦးဖြူသီးကို သူတော်ငတေ က ဘာမှ အရေးမကြီးသလို ပြောသည်။

"ဦးသူတော် အရေးမကြီး မလုပ်နဲ့။ ချစ်လှတို့ ထောက်ရှာပင်ကွင်း . . . ကွင်းပိုင်ကြီးက သူ. . ."

"တော်စမ်းပါဗျာ။ ခင်ဗျားကျောင်းပေါ် လာပြီး ပေါက်တက်ကရ ဘာကွင်းပိုင်မှ မဟုတ်ဘူး။ ကန်တော့ပါရဲ့ဘုရား"

သူတော်ငတေက ဘုရားဒကာ ဦးဖြူသီးနှင့် အတူပါလာသော ဦးဖြူသီးညီ ဖြူလှကို ဟောက်ပြီး သူ့ပါးစပ်ထဲက ဝသီအတိုင်း ကြမ်းကြမ်း တမ်းတမ်း ထွက်သွားမိသည်ကို ဘုန်းတော်ကြီးအား တောင်းပန်လိုက်သည်။

"ဒါဆိုလည်း သင့်တော်သလို စီမံပေးပါ ဦးသူတော်"

စိန်မောင်တို့ ဦးကြီးအရင်း ဦးထွန်းလူက သူတော်ငတေကို ကြားဝင်ပြောလိုက်သည်။

"ဟ၊ ဘုန်းကြီးကျောင်းဝင်းထဲက ကြက်ကိစ္စ၊ ကျုပ် ဘာလုပ်တတ်မှာလဲ။ ကျောင်းဝင်းက ဆရာတော်ပိုင်ပဲ။ ဘုန်းကြီးကို လျှောက်ပေါ့"

"ဒီကျောင်းနဲ့ ကျောင်းအရံအတား ပရိဝုဏ်အားလုံးဟာ သံဃိက ပိုင်ပါ ဦးသူတော်၊ ကျုပ်မပိုင်ပါဘူး။ ဂိုဏ်းဂဏ ဆရာတော်ကြီးတွေက ထားလို့နေရတာပါ"

ကျွန်ုပ်တို့ဆရာတော်မှာ အရိုက်ကြမ်း စိတ်တိုသော်လည်း ဝိနည်းနှင့် ပတ်သက်လျှင်မူ အစွန်းအထင်းမခံတတ်သဖြင့် ကျောင်းနှင့် အရံ

www.burmeseclassic.com



အတွင်း ပရိဝုဏ်ကို သူမပိုင်ဟု အမိန့်ရှိသည်။

"အရှင်ဘုရားလည်း သံဃာပါဘုရား။ တပည့်တော် ခွင့်တောင်းပါတယ်။ တပည့်တော် ခွင့်တောင်းပါတယ်။ ပြစ်မှားမိကြပြီမို့ ခွင့်လွှတ်တော်မူပါဘုရား"

"ကောင်းပြီ၊ ဦးသူတော် ဆောင်ရွက်လိုက်ပါ"

"မှန်ပါ့ဘုရား"

ဘုန်းကြီးကို လျှောက်ပြီး သူတော်ငတေက စိန်မောင်တို့ ညီအစ်ကိုနှစ်ယောက်ကို ခေါ်လိုက်သည်။

"ကိုရင်သာပြည့်လည်း ကြွပါ ဘုရား"

ကိုရင်သာပြည့်က သူတော်ငတေနား လာရပ်၏။

"ဟာ၊ ဒီ ကိုရင်လုပ်ပြီ။ ပင့်ပါတယ်ဆိုမှ သမဏသာရုပ္ပဖြစ်အောင် တင်ပျဉ်ခွေထိုင်မှပေါ့"

ကိုရင်သာပြည့်က ပြုံးဖြီးဖြီးနှင့် သူတော်ငတေနားတွင် စက္ကူခြွေချကာ တင်ပျဉ်ခွေထိုင်ချလိုက်၏။

"နင်တို့နှစ်ကောင် ကိုရင့်ကို ကန်တော့ကြ။ နင်တို့ ခိုးစားတဲ့ကြက်က သာပြည့်၊ အဲ. . . ကိုရင်သာပြည့်ကြက်ဆိုတာ နင်တို့ပါးစပ်က ထွက်တာပဲ"

"ဟုတ်၊ ဟုတ်ကဲ့ပါ ဘဘ"

"ဟုတ်ပါတယ် ဘဘကြီး"

"အေး၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ပါ နောက် ဘယ်တော့မှ ကိုရင်သာပြည့် အဲ. . . အာ. . မဟုတ်သေးပါဘူး။ ဒီကိုရင် သာသနာဘွဲ့ ရှိပါသေးတယ်။ တပည့်တော်တို့ကလည်း ဘုန်းကြီးခေါ်ခေါ်နေသလို နှုတ်ကျိုးနေတော့ ကိုရင့်ဘွဲ့လည်း မသိဘူး။ ကိုရင့်ဘွဲ့က ဘာတဲ့တုန်း"

သူတော်ငတေက ကိုရင်သာပြည့်ကို မေးသည်။

"ခင်ဗျားတို့က သာပြည့်ပဲ ခေါ်ခေါ်နေကြတော့ ကျုပ်လည်း ကျုပ်ဘွဲ့တောင် ကောင်းကောင်း မမှတ်မိသလိုပဲ"

"ကောင်းတယ်၊ ကောင်းတယ် ကိုရင်လည်း ငတေ့လိုပဲ သာပြည့်ပဉ္စင်း၊ သာပြည့်သူတော် ဖြစ်လာဦးမှာပဲ"

သူတော်ငတေ့စကားကို အားလုံး ဝိုင်းရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့၊ နင့်နာမည် နောဒိဉာဏ မဟုတ်ဘူးလားဟဲ့ သာပြည့်ရဲ့။ ရှင်ပြုတုန်းက နင့်ဘွဲ့ ငါပေးထားတာပဲ"

ဘုန်းကြီး၏စကားကို သူတော်ငတေနှင့် အားလုံး ဝိုင်းရယ်ကြသောအခါ ဆရာတော်လည်း ပြုံးသည်။

"ဘုန်းကြီးဘွဲ့က ခက်"

"ကိုရင်က ကြာသပတေး၊ သောကြာ တစ်နေ့နေ့သား မဟုတ်ဘူးလား ဘုရား"

ကိုရင်သာပြည့်စကား မဆုံးလိုက်မီ သူတော်ငတေက ဘုန်းကြီးကို မေး၏။

"မဟုတ်ဘူးတဲ့။ ကျုပ်ကလည်း ဘွဲ့ပေးဖို့ သူ့အဖေကို မေးတော့ စနေသားပါပြောလို့ နောဒိဉာဏလို့ပေးလိုက်တယ်"

"သာပြည့်ဆိုတာ ဘယ်သူပေးပါလိမ့်။ နေ့နံ တခြားစီလားလို့။ ဒီကိုရင်"

"ကျုပ်မှတ်မိတယ် ဦးသူတော်။ သာပြည့်ဆိုတဲ့ နာမည်က ဟိုဆေးဆရာ စာဖတ်တတ်က ပေးတာဗျ။ သူကလည်း တစ်မျိုးပဲ။ သူ့သားနာမည်တောင် ဝေလာဆိုလား၊ ဘာလယံ ဆိုလဲ။ ခု ကျောင်းမှာ ရှိမှာပေါ့"

စိန်မောင်တို့ဦးကြီး ဦးထွန်းလူစကားကြောင့် ကွမ်းနှိပ်မှာ ရှက်၍ မျက်နှာကို အစ်ကိုဝင်းထိန်ကိုယ်နှင့် ကွယ်ထားလိုက်ရသည်။

"ဟော၊ ဒီလူက ပေါက်ကရတော့ လုပ်တော့မယ်။ ဒါကြောင့် ဒီ ကိုရင် ဓာတ်စီးနေလား မသိဘူး။ ကျောင်းလာမှ ဆေးဆရာကို မေးကြည့်ရဦးမယ်။ ဒီကိုရင်က ပေါ်တောတောလို့ ခင်ဗျားတို့ မထင်ကြနဲ့နော်။ ဒီကိုရင်မှာ အစောင့်အရှောက်ရှိတယ်။ ဘာမှတ်လဲ။ ခု ဒီကိုရင့်ကြက်ခိုးစားကြတဲ့ အကောင်တွေသာ ကြည့်လေ။ ဘယ်လိုဖြစ်ကုန်ကြလဲ ဆိုတာ"

"ဟင်. . . ဟုတ်လား ဦးသူတော်၊ ကိုရင်လေးမှာ ဘာ အစောင့်အရှောက်တွေရှိလဲ ပြောပါဦး။ ကျွန်တော်တို့ရော ကျောင်းက ကလေးတွေပါ နောက်တော့ ဆင်ခြင်နိုင်အောင်ပေါ့"

အံ့သြတကြီး ဖြစ်သွားသော ဦးဖြူလှ၏ စကားနှင့်အတူ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အကုန်မှာ သူတော်ငတေ၏ မျက်နှာကိုသာ ဝိုင်းကြည့်နေကြသည်။

"ဘာ အစောင့်အရှောက်လဲဆိုတော့ အရဟတ္တတန်ဆာခေါ်တဲ့ သင်္ကန်းပေါ့ဗျ။ ဒီထက်တန်ခိုးကြီးတဲ့ အစောင့်အရှောက် အဆောင်အယောင်ဆိုတာ ဒီကမ္ဘာမှာ ရှိနိုင်ဦးမလား။ အဲ၊ ကိုရင်သာဖြည့်လေးကို ငယ်ငယ်လေး၊ ပေါတောတောလေး ဆိုပြီး မရိုမသေ မလုပ်ကြနဲ့နော်။ အကုန် ဒုက္ခရောက်ကုန်မယ်။ ခုပဲကြည့် သူ့ကြက်ခိုးစားကြတဲ့ ခွေးနှစ်ကောင်အပြင် သူ့အဖေပါ ဒုက္ခရောက်နေရပြီ"

ပြောပြောဆိုဆိုနှင့်ပင် သူတော်ငတေသည် ဘုရားကျောင်းဆောင်ပေါ် တက်သွားပြီး သောက်တော်ရေ တစ်ခွက်ကို ရိုရိုသေသေ လက်နှစ်ဖက်နှင့် ခေါင်းပေါ်ကိုင်မြှောက်ကာ ပါးစပ်ကလည်း ဘာတွေရွတ်ဖတ်လာသည် မသိ။ နှုတ်ခမ်း တလှုပ်လှုပ် လုပ်လာသည်။

"ရော့၊ ဒီဆေးကို တစ်ယောက်တစ်ဝက်စီ သောက်လိုက်ကြ။ ငတေပေးတဲ့ဆေးလို့ မမှတ်ကြနဲ့။ ဘုရားဆေး၊ တရားဆေး၊ သံဃာတို့ပေးတဲ့ဆေးလို့ အာရုံပြုပြီး သောက်လိုက်ကြ"

သူ့လက်ထဲ ကိုင်လာသော သောက်တော်ရေခွက်ကို စိန်မောင်အား လှမ်းပေးလိုက်ရင်းက ပြော၏။

သူတော်ငတေပေးသော သောက်တော်ရေကို စိန်မောင်နှင့် ရွှေမောင်တို့ တစ်ယောက်တစ်ဝက်စီ သောက်ပြီး ရွှေမောင်က သောက်တော်ရေခွက်ကို ကိုင်ကာ ငိုင်နေသည်။

"ဟဲ့. . . ဘာငိုင်နေတာလဲ။ သောက်ပြီးရင် ဘုရားသောက်တော်ရေခွက်ကို ဘုရားကျောင်းပေါ် ပြန်တင်ထားလိုက်ကြလေ။ သွား. . . သွား၊ သွား. . . အိပ်ကြတော့။ ညဉ့်နက်နေပြီ။ ဒကာကြီးတို့လည်း ပြန်ကြတော့"

"ကို. . . ကိုကြီးထွန်းအတွက်လည်း လုပ်ပေးလိုက်ဦးလေ ဦးသူတော်"

စိန်မောင်တို့အဖေ ဦးထွန်းမောင်ကိစ္စနှင့် ရောက်နေကြသော ဘုရားဒကာ ဦးဖြူသီးညီ ဦးဖြူလှက သူတော်ငတေနား ကပ်သွား၍ ပြော၏။

"သွားစမ်းပါ၊ ခင်ဗျားတို့ ခွေးငထွန်းလည်း ဘာမှ မဖြစ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချ၊ ခွေးကမွေးထားတဲ့ ခွေးလေးနှစ်ကောင်ကိုလည်း ကြပ်ကြပ်အလို လိုက်ပါလို့ မှာလိုက်တယ် ပြောလိုက်"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

"ရွာထဲက ကာလနာလေးတွေ၊ အဲ ကာလသားလေးတွေကိုလည်း ပြောထားကြ။ လူပျိုလှည့်သွားသလိုလိုနဲ့ ရွာမှာ ကြက်ခိုးစားကြရင်တော့ နင်တို့ဖင်မှာ သူတော်ငတေက အခင်တပ်ပေးထားမယ်လို့၊ ကြက်ခိုးစားလို့ကတော့ စားတဲ့အကောင်တွေရဲ့ ဖင်က တစ်ညလုံး ကြက်တွန်နေပြီသာ မှတ်"

ထိုသို့ပြောကာ သူတော်ငတေသည် ကျောင်းအောက်သို့ ဆင်းသွားလေသည်။

ထိုနေ့ ထိုရက်ကပင် ကျွန်ုပ်တို့ရွာထဲရှိ ကာလသားများသည် သူတော်ငတေကို ကြောက်ကာ မည်သူမျှ ကြက်ခိုးမစားရဲကြတော့ပေ။

ꩤ ꩤ ꩤ

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ မေလ)*



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတော

## တူတူပုန်းတမ်း



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေနှင့် တူတူပုန်းတမ်း

ကျွန်ုပ်တို့အရပ်၌ မိုးပေါက်ပြီဆိုလျှင် ဘုန်းကြီးကျောင်းသားများသည် တောတောင်ထဲသွားပြီး မှိုရှာလေ့ရှိကြသည်။ ဦးပဥ္စင်း၊ ကိုရင်ကြီးများကလည်း ထိုကျောင်းသားများကို ထိန်းကျောင်း၍ လိုက်ပါကြရသည်။ သို့မဟုတ်လျှင် ဘုန်းကြီးကျောင်းသားများသည် ရွာသူရွာသားတို့၏ ကြံခင်း၊ အုန်းခင်း၊ သခွားခင်း စသည့် သီးနှံခင်းများ လောလောလတ်လတ် စားသောက် ၍ရသော သီးနှံခင်းများထဲ မှိုရှာသွားရင်း ဝင်ရောက်စားသောက်တတ်ကြ သည်။ ကျောင်းသားများမှာ တစ်ဆယ်၊ နှစ်ဆယ် ဖြစ်သဖြင့် ထိုသို့ ဝင်ရောက်စားသောက်ခြင်း ခံရလျှင် အခင်းရှင်တွေမှာ မျောက်အုပ်ဝင်သကဲ့သို့ပင် ခံကြရသည်။ ထို့ကြောင့်လည်း ဘုန်းတော်ကြီးက အတိုင်အတော မခံရအောင် ကျောင်းသားများကို ထိန်းကွပ်ရန် ဦးပဥ္စင်းနှင့် ကိုရင်ကြီးများပါ ထည့်ပေးထားခြင်း ဖြစ်သည်။

မိုးပေါက်သောကာလ တစ်နေ့တွင် ဦးပဥ္စင်း၊ ကိုရင်များနှင့်ကျောင်းသားကြီးများ အားလုံး နေ့ဆွမ်းစားပြီးကြသည်နှင့် မှိုရှာထွက်သွားကြရာ ကျောင်းတွင် ဘုန်းကြီး၊ သူတော်ငတေနှင့် ကျွန်ုပ်တို့ ကျောင်းသားငယ်လေးငါးယောက်သာ ကျန်နေခဲ့ကြလေသည်။ မှိုရှာသွားကြသော ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားကြီးများမှာ ညနေငါးနာရီလောက်မှ ပြန်ရောက်ကြမည် ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ ကျောင်းသားငယ်များမှာ ခြေတံရှည်ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအောက်တွင် တူတူပုန်းတမ်း ကစားနေကြသည်။ ကျွန်ုပ်တို့ ကျောင်း၏ ကျောင်းတိုင်ကြီးများမှာ လူကြီးတစ်ယောက်ဖက် နီးနီး ရှိသဖြင့် တစ်ယောက်တစ်တိုင်ကျစီ တူတူပုန်းတမ်းကစားနေကြခြင်း ဖြစ်သည်။

ထိုအချိန်မှာ သူတော်ငတေသည် ကျွန်ုပ်တို့အနားသို့ ရောက်လာ၏။

"ဟဲ့ ကောင်နာလေးတွေ၊ ဆူလှချည်လား။ ဘာတွေလုပ်နေကြလဲ"

"ကျွန်တော်တို့ တူတူပုန်းတမ်းကစားနေကြတာပါ ဘဘ"

"ဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဒါဆို ဘဘလည်း ပါမယ်။ ပါလို့ရတယ် မဟုတ်လား"

"ရပါတယ်ဘဘ"

"အေး. . . ဒါဆို မင်းတို့ငါးယောက်ကတစ်ဖက်၊ ဘဘက တစ်ဖက် တူတူပုန်းတမ်း ကစားကြရအောင်။ ကဲ၊ မင်းတို့ငါးယောက် အရင် ပုန်းကြ။ ဘဘ ဒီမှာ ဟိုဘက်လှည့်ပြီး မျက်စိမှိတ်ထားမယ်။ ကဲ. . . ပုန်း ကြတော့"

သူတော်ငတေသည် ပြောပြောဆိုဆိုနှင့်ပင် တစ်ဖက်သို့ မျက်နှာ လှည့်သွားသည်။ အစကမူ ကျွန်ုပ်တို့ကျောင်းသားငယ်များအား ဆူပူအော် ဟစ်နေကြရမည်လားဟု မာန်မဲတော့မည်အထင်နှင့် ရွံ့သွားကြရာ ယခု သူတော်ငတေက သူလည်း ကျွန်ုပ်တို့နှင့်အတူ ဝင်ပါပြီး တူတူပုန်းတမ်း ကစားမည် ဆိုသောအခါ ကျွန်ုပ်တို့အားလုံးမှာလည်း ပျော်သွားကြသည်။

ထို့ကြောင့် သူတော်ငတေ နောက်ခိုင်းသွားသည်နှင့် တိုင်အလုံး နှစ်ဆယ်၊ သုံးဆယ်ရှိသော ကျောင်းတိုင်များ အထူးသဖြင့် ထောင့်စွန်းကျသော ကျောင်းတိုင်များရှိရာ ပြေးသွားကြကာ တစ်ယောက်တစ်လုံး ဝင်ပုန်းပြီး 'တူ. . တူ. . ဘဘ'ဟု အော်လိုက်ကြကာ ဝင်ပုန်းလိုက်ကြသည်။

ကျွန်ုပ်တို့ 'တူ. . တူ' အသံဆုံးသွားသည်နှင့် သူတော်ငတေက လည်း ကျွန်ုပ်တို့ကို လိုက်ရှာလေသည်။ သူ့လက်ထဲ ပါလာသော တုတ် တစ်ချောင်းနှင့် 'ဟော့. . . ဒီမှာ တစ်ယောက်၊ ဒီတိုင်မှာလည်း တစ်ယောက် ဟ၊ အမယ်. . ဒီတိုင်မှာပုန်းနေတဲ့ ကောင်လေး ထွက်စမ်း'ဟု သူ့လက်ထဲ ပါလာသော တုတ်တိုတစ်ခုနှင့် ကျွန်ုပ်တို့ ပုန်းနေကြသော တိုင်ရှေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး တိုင်ကို တစ်ဖက်က တုတ်နှင့်ခေါက်ကာ ထွက်လာစေသည်။

သို့နှင့် ကျွန်ုပ်တို့ ကျောင်းသားငယ် ငါးယောက်စလုံးကို သူတော်ငတေ မိသွားလေသည်။ ထိုအခါ သူတော်ငတေ ပုန်းလှည့်သို့ ရောက်လာ၏။

"ကဲ. . . ဘဘ၊ ပုန်းလှည့်ရောက်ပြီ။ မင်းတို့ငါးယောက် ဟိုလက်လှည့်ကြ။ ငါပုန်း. . . "

"ကျွန်တော်တို့ လေးယောက်နဲ့ ဘဘနဲ့ ပုန်းကြရမယ်။ ရှာရမယ့်လူအလှည့်က ထွန်းမောင်တစ်ယောက်တည်းရယ်"

ကျွန်ုပ်တို့ထဲတွင် အကြီးဆုံးဖြစ်သူ ဉာဏ်သိမ်းက လူတတ်ကြီးလုပ်ပြီး သူတော်ငတေကို ပြော၏။

"ဟာ. . . နင်တို့ဟာ မဟုတ်သေးပါဘူး။ ငါတို့ လူငါးယောက်သွားပုန်းနေကြတာ တစ်ယောက်တည်း လိုက်ရှာလို့ ဘယ်တော့မိမှာလဲ။ အစကတည်းက ဘဘ မင်းတို့ကို ပြောသားပဲ။ မင်းတို့ ငါးယောက်က တစ်ဖက်၊ ဘဘက တစ်ဖက်ပါဆို။ ကဲ. . . စကားမရှည်ကြနဲ့။ မင်းတို့ ငါးယောက်စလုံး ဟိုဘက်လှည့်ထားကြ။ ဘဘအလှည့်၊ ဘဘပုန်းမယ်။ ကဲ. . . မျက်နှာလှည့်ကြလေ"

သူတော်ငတေကို နောက်ထပ် မပြောရဲကြတော့ဖြင့် သူတော်ငတေ အမိန့်ပေးလိုက်သလိုပင် ကျွန်ုပ်တို့ငါးယောက် သူတော်ငတေကို နောက်ခိုင်းကာ ရပ်နေလိုက်ကြသည်။

"တူ. . . တူ"

သူတော်ငတေ၏ အသံဆုံးသွားသည်နှင့် ကျွန်ုပ်တို့ငါးယောက် စောစောက သူတော်ငတေ အသံကြားရာကို မှန်းပြီး ကျောင်းတိုင်ကြီးများကို လူစုခွဲရှာကြသည်။ ကျောင်းတိုင်ရှိသမျှသာ ပတ်စေ့သွားသည်။ သူတော်ငတေကို ရှာမရကြ။

"သူ့ဖိုရုံထဲများ ဝင်ပုန်းနေလား မသိဘူး။ ထွန်းသာအေး သွားကြည့်ကွာ"

ဉာဏ်သိမ်းက ထွန်းသာအေးကို ကြည့်ခိုင်းလိုက်သည်။

ထွန်းသာအေး ချက်ချင်း ပြေးကြည့်ပြီး ပြန်လာပြော၏။

"ဖိုရုံက တံခါးရော ကဲလားတွေရော ဖွင့်ထားပါတယ်ဗျ။ သူတော်

www.burmeseclassic.com

www.burmeseclassic.com



င. . . အဲ. . အင်း. . . ဘဘကို သူ့ဖိုရုံထဲမှာ မတွေ့ဘူး"

"ဒါဆို ဘယ်နေရာ သွားပုန်းနေလဲ မသိဘူး။ တူ. . တူ ပြန်ခေါ် ကြည့်ရအောင်ကွာ။ မောင်ထွန်း တူ. . တူ အော်ကွာ"

"ဘဘရေ၊ ကျွန်တော်တို့ ဘဘကို ရှာမတွေ့ဘူးဗျို့။ တူ. . တူ. . ခေါ်ပါဦး"

ညဏ်သိမ်းခိုင်းသည့်အတိုင်း မောင်ထွန်းက တူ. . တူ ခေါ်လိုက်ရာ 'တူ. . တူ"ဟူသော သူတော်ငတေ ထူးသံကို ကျောင်းခေါင်းရင်းတိုင်မှ ကြားလိုက်ကြရသဖြင့် မျက်ရိပ်မျက်ခြည်ပြကာ ကျောင်းခေါင်းရင်းတိုင်များ ရှိရာဆီ ကျွန်ုပ်တို့ ကျောင်းသားငါးယောက် ပြေးလိုက်ရှာကြသည်။ သူတော်ငတေကို မတွေ့။ ထိုအခါ ကျောင်းခေါင်းရင်းဘက်မှ တူ. . တူ ပြန်ခေါ်ကြပြန်သည်။ သူတော်ငတေ၏ တူ. . . တူ ထူးသံကို တောင်ဘက်ကျောင်းတိုင်များဆီမှ ကြားရပြန်သည်။ ကျွန်ုပ်တို့လည်း တောင်လက်ရှိ ကျောင်းတိုင်များရှိရာဆီ ပြေးလိုက်၍ ရှာကြပြန်သည်။ တောင်ဘက်ရှိ ကျောင်းတိုင်များဆီ၌လည်း သူတော်ငတေကို မတွေ့။ ထိုအခါ တူ. . . တူ ပြန်ခေါ်ကြပြန်သည်။

ဤတစ်ခါတော့ သူ့ဖိုရုံနားရှိ သင်ပုန်းကြီးများထားရာ သင်ပုန်းစင်ပေါ်က သူတော်ငတေ ထူးသံကို ကြားရပြန်သည်။

ထိုခေတ်က ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းသားများမှာ မီးသွေးအစာတင် သစ်သားသင်ပုန်းကို ကံ့ကူဆံနှင့် စာသင်ရေးကြရရာ ကျောင်းသားနှစ်ဆယ်ကျော် သုံးဆယ်နီးပါးတို့၏ ပျဉ်သင်ပုန်းချပ်များကို ဘုန်းကြီးကျောင်းအောက်၌ စင်လုပ်၍ တင်ထားကြရသည်။ သင်ပုန်းအချပ်တွေမှာလည်း ကျောင်းသားတစ်ယောက်လျှင် ဆိုသင်ပုန်း၊ ရေးသင်ပုန်းဟုနှစ်ချပ်စီ ရှိကြရာ စင်ပေါ်၌ ကျောင်းသားသုံးဆယ်နီးပါးတို့၏ သင်ပုန်းတွေမှာ လေးငါးဆယ် ရှိနေသည်။ ယခု ထိုသင်ပုန်းစင်ပေါ်မှ သူတော်ငတေထူးသံကို ကြားကြရသောအခါ သင်ပုန်းစင်နားသို့ ပြေးသွား၍ သူတောင်ငတေကို ရှာကြပြန်သည်။ သို့သော် သူတော်ငတေကို သင်ပုန်းစင်ပေါ်၌လည်း မတွေ့ကြရပြန်။

ဤသို့နှင့် တစ်ခါထပ်ပြီး တူ. . တူ ခေါ်ကြည့်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အားလုံး ဇဝေဇဝါ ဖြစ်သွားကြသည်။ သူတော်ငတေ၏ ဤတစ်ခါ ထူးလိုက်သံမှာ ကျွန်ုပ်တို့ တက်ရှာနေကြသော သင်ပုန်းစင်အောက်က လိုလို ကျွန်ုပ်တို့ ဖင်အောက်ကပဲလိုလိုနှင့် နားဝေတိမ်တောင် ဖြစ်သွားကြသည်။ သင်ပုန်းစင်အောက်မှာမူ လူတစ်ရပ်နီးပါး အမြင့်ရှိသဖြင့် အကယ်၍ သူတော်ငတေသာ သင်ပုန်းစင်အောက်ကို ရောက်နေလျှင် အထင်းသား အားလုံး မြင်ကြရမည်။ ယခုမူ ထူးသံသာ ကြားလိုက်ရပြီး သင်ပုန်းစင် ပေါ်မှာလည်း မတွေ့၊ အောက်မှာလည်း မတွေ့သောအခါ ပို၍ အံ့သြ သွားကြပြန်သည်။

"ကဲ. . . ဒီလို လုပ်ကြမယ်ကွာ။ လှရွှေ မင်း ဟိုဘက်ကိုသွား၊ အဲဒီကနေပြီး ဘဘရေ ကျွန်တော်တို့ ရှာမတွေ့သေးဘူး။ တူတူရေ လုပ်ပါဦးဆိုပြီး မင်း အဲဒီကခေါ်၊ သူ ဘယ်နေရာက ထူးနေလဲဆိုတာ ငါတို့ တိတ်တိတ်ပုန်း သွားပြီးရှာကြမယ်"

ဤအကြံကိုတော့ ထွန်းသာက ပေး၏။ ကျောင်းသားကြီး မဟုတ် သော်လည်း ကျွန်ုပ်တို့ထဲတွင် အကြီးဆုံးဖြစ်သူ ဉာဏ်သိမ်းကပါ 'ထွန်းသာ ပြောတာ ဟုတ်တယ်။ အဲသလိုရှာမှ မိတော့မယ်'ဟု ဆိုသဖြင့် လှရွှေကို ကျောင်းခေါင်းရင်းဘက် သွားခိုင်းပြီး တူတူခေါ်ခိုင်းလိုက်ကြသည်။

"ဘဘရေ၊ ကျွန်တော်တို့ ရှာမတွေ့သေးဘူး။ တူတူ အသံပေးပါဦး"

"တူ. . တူ"

လှရွှေအသံ ဆုံးသွားသည်နှင့် သူတော်ငတေ၏ အသံကို သင် ပုန်းစင်အောက်ကလိုလို အပေါ်ကလိုလို ကြားကြရပြန်သည်။ သို့သော် ဘယ်နေရာကဟု မခန့်မှန်းတတ်ကြ။ ထို့ကြောင့် ဉာဏ်သိမ်းက ဆက်ခေါ် ရန် လှရွှေကို လက်နှင့် အချက်ပြသည်။

"ဘဘရေ၊ မတွေ့သေးဘူးဗျို့။ တူ. . . တူ ထပ်စိန်ခေါ်ပါဦး"

"တူ. . ."

သူတော်ငတေ၏အသံကို ကြားရပြန်သည်။ သင်ပုန်းစင်ကတော့ သေချာ၏။ သို့သော် ယခုထိ ဘယ်နေရာက ထူးနေမှန်း မသိ။ အကယ်၍ သင်ပုန်းစင်ပေါ်တွင် သူတော်ငတေရှိနေပါက တက်ကြည့်ရန်ပင် မလို၊ မြင်နိုင်၏။ အောက်မှာမူ ကျွန်ုပ်တို့ ကျောင်းသားငယ်လေးယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသဖြင့် ဘယ်လိုမှ သူတော်ငတေ ပုန်းနေ၍ မရ။ ထိုသို့ဆိုလျှင် ယခု သူတော်ငတေ ဘယ်နေရာက စိန်ခေါ်ထူးနေပါလိမ့်။ ကျွန်ုပ်တို့မှာ ဘယ်လိုမှ တွေးမရကြ။ ထို့ကြောင့် ဉာဏ်သိမ်းက လှရွှေကို အဆက်မပြတ် ခေါ်အော်ပေးထားရန် လက်ပြသည်။ ဉာဏ်သိမ်းလက်ပြသည်ကို လှရွှေကလည်း သဘောပေါက်သဖြင့်. . .

"ဘာဘရေ ကျွန်တော်တို့ ရှာမတွေ့သေးဘူး။ တူ. . . တူ ခေါ်ပါ ဦး" ဟု အဆက်မပြတ် အော်ပြောနေ၏။

လှရွှေက အဆက်မပြတ်အော်နေသလို သူတော်ငတေကလည်း 'တူ. . တူ. . တူ. . တူ'ဟု ခဏလေးသာခြားပြီး အဆက်မပြတ် စိန်ခေါ်ထူးနေသည်။

ကျွန်ုပ်တို့ ကျောင်းသားငယ်လေးယောက်က နားစွင့်ပြီး အသံကြားရာကို တိတ်တိတ် လိုက်ရှာကြည့်ကြရာ အားလုံး အံ့ဩသွားကြသည်။ သူတော်ငတေက ထူးသံပေးနေသည်မှာ သင်ပုန်းစင်ကြမ်းခင်း ဝါးလုံးတစ်လုံး၏ အခေါင်းထဲမှ ဖြစ်လေသည်။

ကျွန်ုပ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာဆက်လုပ်ကြရမှန်း မသိ ဖြစ်သွားကြသည်။ သူတော်ငတေ၏ အသံမှာ ဝါးလုံးခေါင်းထဲက ချက်ကျကျမှန်မှန်ပင် 'တူ. . တူ. . 'ဟု မြည်နေ၏။

ဉာဏ်သိမ်းက ဝါးလုံးပေါက်က နားကပ်ထောင်ကာ 'ဒီအထဲက စိန်ခေါ်ထူးနေတာ အမှန်ပဲ' ဟူသော သဘောနှင့် ဝါးလုံးခေါင်းထဲ လက်နှင့် တဆဆ ထိုးပြ၏။ ဤသည်ကို ကျွန်ုပ်က ဝါးလုံးခေါင်းထဲ တုတ်နှင့် ထိုးကြည့်ရန် ဉာဏ်သိမ်းပြောသည်ထင်သဖြင့် ဝါးခြမ်းပြားတစ်ခုကို လှမ်းဆွဲပြီး ဝါးလုံးခေါင်းထဲ တုတ်နှင့် မွှေထိုးလိုက်သည်။ ထိုအချိန်ကျမှ ဝါးလုံးခေါင်းထဲက စိန်ခေါ်ထူးနေသံ ပျောက်သွားသည်။ သို့သော် သူတော်ငတေ၏အသံ ချက်ချင်းပေါ်လာသောအခါ ကျွန်ုပ်မှာ လန့်သွားပြီး ချက်ချင်း လက်ရုပ်လိုက်မိသည်။

"ဘယ်ကောင်လဲကွ၊ ဝါးလုံးခေါင်းထဲ တုတ်နဲ့ တအားမွှေထိုးတာ။ မတော်တရော်နေရာနဲ့ မျက်စိ၊ မျက်ဆန်တွေ ထိုးမိရင် ဘယ့်နှယ်လုပ်မလဲ။ တော်တော် အဆန်းတတ်တဲ့ အကောင်တွေ။ တူတူပုန်းတမ်း ကစားကြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဆို၊ မင်းတို့ကို ဘယ်သူက တုတ်နဲ့ ထိုးခိုင်းလို့လဲ”

သူ့ဖိုရုံထဲမှ ကိုယ်ရုံဖိုသီဖတ်သီနှင့် အော်ထွက်လာသော သူတော်ငတေကို မြင်လိုက်ကြရသောအခါ ကျွန်ုပ်တို့ ကျောင်းသားငယ်များမှာ လန့်ဖျပ်သွားကြသည်။ ဝါးလုံးခေါင်းထဲက ထူးသံကြားနေရသော ငတေသည် ဘယ်လိုလုပ် သူ့ဖိုရုံထဲကို ရောက်သွားပါလိမ့်။ တူတူပုန်းတမ်းကစားစဉ်က သူတော်ငတေကို ရှာမတွေ့သဖြင့် ထွန်းသာအေးအား ဉာဏ်သိမ်းက ကြည့်ခိုင်းရာ ထွန်းသာအေး သွားကြည့်ထားပြီးပြီ။ သူတော်ငတေ ဖိုရုံထဲမရှိဟု ပြော၏။ ယခု သူတော်ငတေ ဖိုရုံထဲက ထွက်လာသည်ကို အားလုံး မြင်ကြရသည်။ တစ်ခုတော့ ရှိ၏။ သင်ပုန်းစင်၏ ကြမ်းခင်းမှာ သူတော်ငတေ၏ ဖိုရုံနှင့်တော့ ဆက်နေသည်။ ကြမ်းခင်းဝါးလုံးများထဲမှ တစ်လုံးသောဝါးကို အဆစ်ဖောက် ထုတ်ချင်းခပ်လုပ်ထားပြီး ဖိုရုံထဲရှိ ဝါးလုံးတစ်ဖက်အဆုံးမှ ထူးသံပေးသည်ဟု ထင်ရအောင်ကလည်း စောစောက ကျွန်ုပ် တုတ်နှင့် ထိုးမွှေကြည့်ရာ ထိုဝါးလုံးထဲကို ဝါးခြမ်းပြားက အဆစ်အဆုံး တစ်တောင်လောက်သာ ဝင်ပြီး တစ်နေသည်။ ဘယ်က ဘယ်လိုလုပ်ပြီး သူတော်ငတေ ဖိုရုံထဲက ထွက်လာသည်ကို တွေးမရဖြစ်ပြီး ငေးနေကြစဉ် သူတော်ငတေက ကျွန်ုပ်တို့အနား မတ်တတ်လာရပ်လေသည်။

“ဘယ်သူလဲကွ၊ ဝါးလုံးခေါင်းထဲ တုတ်နဲ့ထိုးတာ”

“ကျွန်. . . ကျွန်တော် မဟုတ်ပါဘူး ဘဘ။ ဝေ. . . ဝေယံလင်း ထိုးတာ”

ကျောင်းသားအုပ်စုထဲတွင် အရပ်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သော ဉာဏ်သိမ်းကို စေ့စေ့ကြည့်၍ သူတော်ငတေက မေးလိုက်ရာ လူကောင်သာကြီးသော်လည်း အလွန် ကြောက်တတ်သော ဉာဏ်သိမ်းက အမှန်အတိုင်း ကျွန်ုပ်ထိုးသည်ဟု ပြောလိုက်၏။

“ဝေယံလင်း ဟုတ်လား”

“ဟုတ်ကဲ့ ဘဘ၊ သူ ထိုးတာ”

စောစောက အဆက်မပြတ် တူ. . . တူခေါ်ခဲ့ရသော လှရွှေကလည်း ကြောက်ရွံ့ပြီး ကျွန်ုပ်ကို တရားခံထိုးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနာမည် ငါ ကြားဖူးသလိုပဲ။ ဘယ်သူ့သားတုန်း"

"ဆေးဆရာသား ဘဘ"

"အဲဒါကြောင့် အဆန်းတတ်တာ"

ဉာဏ်သိမ်းအပါအဝင် ကျောင်းသားငယ် လေးယောက်က ကျွန်ုပ်ကို တရားခံ ဖော်ထုတ်ပြောဆိုနေကြသော်လည်း ကျွန်ုပ်ကမူ ကြောက်ကြောက်နှင့် ယခုထိ သူတော်ငတေကို တစ်ခွန်းမှ ပြန်မပြောဝံ့သေး။ သူတော်ငတေ ငါ့ကိုတော့ အပြစ်တစ်ခုခု ပေးတော့မှာပဲဟုသာ စိုးရိမ်နေသည်။

"ဟေ့ကောင်၊ ဆေးဆရာသား"

"ဘုရား"

ကျွန်ုပ်က ရှို့ရှို့နှင့် ထူးလိုက်၏။

"နင် ဘယ်နေ့သားတုန်း"

"တနင်္ဂနွေသားပါ ဘဘ"

"ဟ. . . တနင်္ဂနွေသားကို ဘယ့်နှယ်. . . ဘယ့်နှယ် ဓမ္မာသောကချည်း မှည့်ထားပါလိမ့်။ အာကာလင်းဆို နေ့နံလည်းသင့်သားနဲ့၊ မင်းအဖေ. . ."

သူတော်ငတေနှင့် တစ်ခါက ဂမ္ဘီရသချာ အတူတွက်ထားကြသည့်အပြင် ယခု ဆေးဆရာသားဟု သိသွားလျှင် ရိုက်ပုတ်ခြင်းတော့ လုပ်မည် မဟုတ်ဟူသော ယုံကြည်ချက်နှင့် ကျွန်ုပ်ကလည်း အဖေ ခဏခဏ ပြောပြဖူးသည်ကို သတိရ၍ ချက်ချင်းပင် အကြောက်ပြေကာ သူတော်ငတေကို ပြန်ပြောလိုက်သည်။

"ဆေးဆရာသားဆိုတော့ နေ့သင့်နံသင့်မှည့်ထားရင် လောကီပညာသည်တွေ၊ စုန်းမတွေ ပြုစားမှာစိုးလို့ တမင်ကို ဓမ္မာသောကအမည် ထည့်ပေးထားတာလို့ ဖေဖေက ပြောပါတယ်ဘဘ"

သူတော်ငတေ ခဏတွေသွားပြီး. . .

"ဒါလည်း ဟုတ်နိုင်တာပဲကွ။ နို့. . . ဒါနဲ့ နင်က ဝါးလုံးခေါင်းထဲ ဘာလို့ တုတ်နဲ့ ထိုးရတာတုန်း"

ဟု ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီး မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ဟိုလေ အဘ၊ ဝါးလုံးခေါင်းထဲက ကြွက်မည်သံကြားလို့ပါ"

ဘဘထူးနေသံကြားလို့ဟု ပြောလိုက်လျှင်. . .

"ဟင်. . . နင်က ငါ့ကို သေပါစေလို့ ထိုးတာပေါ့"

ဆိုပြီး ရိုက်မှာစိုးသဖြင့် ကျွန်ုပ်က လှီးလွှဲပြောလိုက်၏။

"မင်းပြောတာ ဟုတ်တယ်။ ညညကျရင် သင်ပုန်းစင် ဝါးလုံးခေါင်းထဲက ကြွက်မြည်သံ ဘဘလည်း ကြားတယ်။ အဲဒါကြောင့် ဘဘစိုးရိမ်နေတာက သူတို့နေတဲ့ အခေါင်းထဲ မင်းက တုတ်နဲ့ သွားထိုးတော့ ကြွက်က စိတ်ဆိုးပြီး မင်းဝှေးစေ့တစ်လုံး ဖြတ်ကိုက်သွားပြီထင်တယ်။ မင်း ဝှေးစေ့နှစ်လုံးရှိသေးလား ကိုင်ကြည့်စမ်းပါဦး"

"ရှိပါတယ် ဘဘ၊ ကြွက်လာကိုက်ရင်. . . "

"တကယ်ရှိ၊ မရှိ ကိုင်ကြည့်စမ်းပါဦးဆို"

ကျွန်ုပ်စကားမဆုံးမီ သူတော်ငတေက ကိုင်ကြည့်စမ်းပါ ဆိုသော်လည်း ကျွန်ုပ်မှာ ရှက်ရှက်နှင့် ပြုံးပြီး သူတော်ငတေ အတည်ပေါက်နောက်နေသည်ကိုသာ ငေးကြည့်၍ ပြုံးနေလိုက်၏။

"ကိုင်ကြည့်စမ်းပါဦးဆို။ ဘဘပြောတာ မင်း မယုံလို့လား။ မင်း ဝှေးစေ့တစ်လုံး ရှိကို မရှိတော့ဘူး"

သူတော်ငတေ အတည်ပေါက်နှင့် ပြောနေသောအခါ ကျွန်ုပ်မှာလည်း တကယ်များလားဟူသော သံသယနှင့် ပုဆိုးပေါ်ကစမ်းပြီး ကျွန်ုပ်ဝှေးစေ့နှစ်လုံးကို စမ်းကိုင်ကြည့်လိုက်သည်။ ကျွန်ုပ်လန့်သွား၏။ အမှန်တကယ်ပင် ကျွန်ုပ်ဝှေးစေ့တစ်လုံး မရှိတော့။

"ဟာ. . ဘဘ၊ ကျွန်တော့်ဝှေးစေ့တစ်လုံး တကယ် မရှိတော့ဘူးဗျ။ တကယ် မရှိတော့ဘူး။ တစ်လုံးပဲရှိတော့တယ်"

ကျွန်ုပ်က ကျန်ဝှေးစေ့တစ်လုံးကို ပုဆိုးနှင့် အုပ်ကိုင်ပြီး နောက်တစ်လုံးကို စမ်းရှာကြည့်ရင်း အထိတ်တလန့် အော်ပြောလိုက်သည်။

"ကြုံကြုံဖန်ဖန် မဖြစ်နိုင်တာကွာ။ ဘဘက မင်းကို တမင်နောက်ပြောတာပါဟ"

"ဘဘ နောက်ပြောတာ မဟုတ်ဘူး။ တကယ် မရှိတော့ဘူးဗျ။ ဘယ်ရောက်သွားလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏စကားကြောင့် ကျန်ကျောင်းသားများလည်း အံ့ဩသွားကြကာ 'ဟုတ်မှ ဟုတ်ရဲ့လားကွာ၊ မဖြစ်နိုင်တာ'ဟူသော အကြည့်များနှင့် ကျွန်ုပ်ကို ဝိုင်းကြည့်နေကြသည်။

"မဟုတ်တာ၊ လူတိုင်း နှစ်လုံးရှိတာပဲကွ။ မင်းမှာလည်း နှစ်လုံးရှိရမှာပေါ့"

"မရှိဘူးဗျ၊ ခု တကယ့်ကို မရှိတော့တာ"

ကျွန်ုပ်မှာ ပိုလန့်သွားပြီး ငိုသံပါကြီးနှင့် ပြောလိုက်၏။

"ဒီကောင် သက်သက်ပြောနေတာ။ ဟေ့ကောင်လေး၊ ဟုတ်လား။ ဝေယံလင်းဝေ့းစေ့ ကိုင်ကြည့်လိုက်စမ်းကွာ"

သူတော်ငတေက ဉာဏ်သိမ်းအား ကျွန်ုပ်ဝှေးစေ့ကို ကိုင်ကြည့်ခိုင်းသည်။ ကျွန်ုပ်ပြောသည်ကို မယုံသော ဉာဏ်သိမ်းကလည်း ချက်ချင်းပင် ကျွန်ုပ်ဝှေးစေ့ကို လာကိုင်ကြည့်သည်။

"အလကားပြောတာ ဘဘ၊ ကျွန်တော် ကိုင်ကြည့်တော့ နှစ်လုံးရှိတာပဲ"

ဉာဏ်သိမ်းက ချက်ချင်း ပြန်ပြော၏။ ကျွန်ုပ်မှာ အံ့ဩရပြန်သည်။ စောစောက ကပ်ပယ်အိတ်ကို စမ်းလျှောက်ရှာကြည့်နေရာ တစ်လုံးကို တကယ်ပင် ရှာမတွေ့။ ယခု ဉာဏ်သိမ်းလာကိုင်တော့ နှစ်လုံးရှိသည် ဆိုသဖြင့် ကျွန်ုပ် ထပ်ကိုင်ကြည့်လိုက်ရာ အမှန်ပင် နှစ်လုံးပြန်ရှိနေပြန်သည်။ ကျွန်ုပ် ပို၍ အံ့ဩသွား၏။ ထိုအချိန်မှာပင် သူတော်ငတေစကားက ပေါ်လာပြန်သည်။

"ဆေးဆရာသား၊ အလကားကောင်။ ကိုယ့်ဝှေးစေ့ကိုယ် ဘယ်နှစ်လုံးရှိမှန်းတောင် မသိတဲ့အကောင်။ ဝှေးက လူတိုင်းမှာ နှစ်လုံးစီရှိကြတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

စောစောက ကျွန်ုပ်အား လာကိုင်ကြည့်သော ဉာဏ်သိမ်းက ပြောလိုက်၏။

"မင်းမှာလည်း နှစ်လုံးရှိတယ် မဟုတ်လား"

ဉာဏ်သိမ်းကို သူတော်ငတေက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဘဘ၊ နှစ်လုံးရှိပါတယ်"

"သေချာရဲ့လား ငါ့လူ၊ ကိုင်ကြည့်စမ်းပါဦး။ ခု ကိုင်ကြည့်စမ်းပါဦး"

ဉာဏ်သိမ်းသည် ပုဆိုးပေါ်က သူ့ဥ‌ေးစေ့ကို အုပ်ကိုင်ကြည့်နေ၏။

"ဟာ. . . ဘဘ၊ ကျွန်တော့်မှာလည်း တစ်လုံးမရှိတော့ပြန်ဘူးဗျ"

"မဟုတ်တာ၊ လုပ်ပြန်ပြီတစ်ကောင်"

"ဟုတ်ပါတယ် ဘဘ၊ တကယ် မရှိတော့ဘူးဗျ"

ဉာဏ်သိမ်းမှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် သူ့ဥ‌ေးစေ့တစ်လုံး တကယ် မရှိတော့ဘူးဟု စမ်းကိုင်ရှာရင်း ပြောနေ၏။

"မုသာဝါဒတွေ ပြောမနေစမ်းပါနဲ့ကွာ။ ဘဘက လိမ်တာညာတာ မကြိုက်ဘူးဆိုတာ မောင်တို့ သိတယ် မဟုတ်လား"

"လိမ်ပြောတာ မဟုတ်ဘူးဘဘ၊ တကယ်မရှိတော့တာဗျ"

"ဟား. . . ဟား. . . ဟား"

သူတော်ငတေက ရယ်သည်။ ကျွန်ုပ်တို့မှာမူ ရယ်ရမလို ငိုရမလို နှင့် ဉာဏ်သိမ်းကိုကြည့်ကာ ကြောင်နေကြသည်။

"မဖြစ်နိုင်တာကွာ။ ကဲ. . . ဒီသားလေး သွားကိုင်ကြည့်စမ်းကွာ။ ဒီကောင် ဘဘကို တမင်လိမ်ပြောနေတာ နေမှာပေါ့"

သူ့အနားက လှရွှေကို သွားကိုင်ကြည့်ခိုင်းသည်။ လှရွှေက ဆိုးဆိုး ဆတ်ဆတ်နှင့် ဉာဏ်သိမ်းဥ‌ေးစေ့ကို သွားကိုင်ကြည့်သည်။

"အလကား ညာတာဘဘ၊ နှစ်လုံးရှိပါတယ်"

"ဟင်. . ."ဟုဆိုကာ ဉာဏ်သိမ်းက သူ့ကိုသူ ပြန်ကိုင်ကြည့်သည်။

"ဟုတ်တယ်ဟ၊ ခုမှ ဘယ်ကပြန်ရောက်လာလဲ မသိဘူး။ ငါကိုင် ကြည့်တုန်းက တစ်လုံး ပျောက်ကို ပျောက်နေတယ်"

"ဟား. . . ဟား. . . ဟား"

သူတော်ငတေက ရယ်နေပြန်သည်။

"မင်းမှာကော"

သူတော်ငတေက လှရွှေကို မေးနေပြန်သည်။

"နှစ်လုံးရှိမှာပေါ့ဘဘ၊ လူတိုင်းရှိတာပဲ"

"ဟုတ်လား၊ ကိုင်ကြည့်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



လှရွှေက ရယ်ဖြဲဖြဲနှင့် သူ့ဟာသူ စမ်းကိုင်ကြည့်သည်။

"ဟာ. . ဘဘ၊ ကျွန်တော့်မှာလည်း တစ်လုံးမရှိပြန်တော့ဘူး။ ဘယ်ရောက်သွားပြန်လဲ မသိဘူး"

"ဟဲ. . ဟဲ၊ ကြွက်ချီသွားတာ နေမှာပေါ့ကွ။ ဟုတ်လား၊ ကလေးလေး သွားကိုင်ကြည့်စမ်းကွာ"

သူတော်ငတေက အငယ်ဆုံးလေး ထွန်းသာအေးကို သွားကိုင်ကြည့်ခိုင်းပြန်၏။

"ဟာ. . . ကျွန်တော် မကိုင်ရဲဘူး ဘဘ"

ထွန်းသာအေးက ကြောက်ကြောက်နှင့် ငြင်း၏။

"ဒီအထဲ မင်းက ပညာရှိလေးပါလား။ အေး မကိုင်နဲ့၊ အတော်ကြာ မင်းတစ်လုံးပါ ပျောက်သွားဦးမယ်။ ဟဲ. . . ဟဲ. . . ဟဲ. . . "

သူတော်ငတေက ရယ်နေပြန်သည်။

"အဲဒါ ဘယ်လိုဖြစ်တာလဲဘဘ"

ပထမဦးဆုံး ခံလိုက်ရသော ကျွန်ုပ်က သူတော်ငတေကို မဝံ့မရဲ မေး၏။

"ဘယ်လိုမှ မဖြစ်ဘူး။ မင်းတို့ တူတူပုန်းတမ်းကစားကြရင် နောက်ကို သိပ်မဆူကြနဲ့။ ဘဘရော ဘုန်းဘုန်းပါ သမာဓိပျက်တယ်။ နင်တို့ကို နောက်ပြောမရရင် အကုန် ဌေးစေ့တစ်ယောက်တစ်လုံးစီနဲ့ ထားပေးမယ်။ ကြားကြလား"

"ကြားပါတယ်ဘဘ"

"အေး. . အေး၊ ကစားကြ"

ဟု ပြောကာ သူတော်ငတေ သူ့ဖိုရုံထဲ ဝင်သွားလေသည်။

နောက်ဆုံး ဌေးတစ်လုံး အနုတ်ခံထားရသော လှရွှေကမူ သူ့ဌေးသူစမ်းကိုင်ကာ သွေးမရှိသောမျက်နှာနှင့် သူတော်ငတေကို လှမ်းကြည့်နေစဉ်. . .

"ဟ. . . ငါ့ဌေးတစ်လုံး ပြန်ရောက်လာပြီ"

ဟု ဝမ်းသာအားရ အော်လိုက်လေသည်။

(စာကြွင်း။ ။ ဤသည်ကို ကျွန်ုပ်က ညနေ ရွာထဲ ထမင်းစားဆင်းသော



www.burmeseclassic.com

www.burmeseclassic.com



အခါ အဖေ ဆေးဆရာအား ပြောပြ၏။ အဖေက. . .

"သားကို အဖေက မွှာသောက အမည်ပေးထားတယ်ဆိုလို့ အဖွေကို သူတော်ငတေက သက်သက်နောက်တာပါ။ ဘာမှ မဟုတ်ပါဘူး"ဟု ဆိုလေသည်။)

ဏ ဏ ဏ

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ)*



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ ၏
# အစွဲချွတ်နည်း



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ အစွဲချွတ်နည်း

တစ်နေ့ညနေတွင် ကျွန်ုပ်တို့ကျောင်းသို့ အသက်လေးဆယ်ကျော် အရွယ် အာဂန္တုဧည့်သည်တစ်ယောက် ရောက်လာသည်။ သူ့တွင် ဆေးရွက်ကြီးတစ်စည်း၊ ငှက်ပျောသီးနှစ်ဖီးနှင့် ကြံသကာတစ်ထုပ် ပါလာသည်။

ထိုအာဂန္တုဧည့်သည်က သူတော်ငတေကိုမေးသဖြင့် သူတော်ငတေရှိရာ ကျောင်းအောက်ဖိုရုံသို့ လိုက်ပို့ကြသည်။ ဧည့်သည်က ဖိုရုံထဲခေါင်းပြူကြည့်သောအခါ သူတော်ငတေ၏ လက်ရင်းတပည့် နေဆန်းနှင့် ငထီးတို့က. . .

"ခင်ဗျား အထဲမဝင်ပါနဲ့၊ အပြင်ကစောင့်ပါ"

ဆိုသဖြင့် ဧည့်သည်က ဖိုရုံရှေ့ကွပ်ပျစ်တွင် ထိုင်စောင့်နေသည်။

သူ့တပည့်နှစ်ယောက်၏ အသံကိုကြားသဖြင့် ခဏအကြာမှာပင် သူတော်ငတေက သူ့ဖိုရုံထဲက ထွက်လာသည်။

"ဘာကိစ္စလဲ"

ဟု မတ်တတ်ပင် မေး၏။

"ဒီလိုပါ၊ ဦးသူတော် ခင်ဗျား၊ ကျွန်တော့်အမျိုးသမီးဗျာ ခဏခဏ နတ်ဝင်ပူးတတ်လို့ အဲဒါ. . "

"ခဏခဏဆိုတော့ တစ်နေ့ ဘယ်နှစ်ခါလောက်ပူးလဲ"

"ဩော်. . ခဏခဏဆိုတာ ဒီလိုပါခင်ဗျာ။ တစ်လတစ်ခါ၊ နှစ်လ တစ်ခါလောက်ကို ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခဏခဏမှ မဟုတ်တာကြီးပဲဗျ"

"မှန်ပါတယ်ခင်ဗျား၊ စောစောက ကျွန်. . ကျွန်တော် စကားပြော လောသွားလို့ပါ။ ခွင့်လွှတ်ပါ"

"လွှတ်ပါတယ်၊ လွှတ်ပါတယ်။ ခင်ဗျားမိန်းမ နတ်ဝင်ပူးတဲ့ကိစ္စပဲ ပြောစမ်းပါ။ ဘယ်လိုဖြစ်လို့ တစ်လတစ်ခါ၊ နှစ်လတစ်ခါ ခင်ဗျားမိန်းမကို နတ်က ဝင်ဝင်ပူးရတာတုန်း"

"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်တော်လည်း မပြောပြတတ်လောက် အောင်ပါပဲခင်ဗျား။ သူ နတ်ပူးပြီဆိုရင် မသက်သာလှပါဘူး။ တစ်ပတ် လောက်ကို အိပ်ရာထဲလဲနေတော့ အိမ်အလုပ် ယာအလုပ်တွေလည်း ပျက်ပါတယ်။ ကျွန်တော်တို့မှာ ကိုယ်ခွဲကလည်း မရှိတော့ ထမင်းချက်၊ ဟင်းချက်ကအစ သူ့ဝေယျာဝစ္စ ကျွန်တော်ပဲ ကုန်းရုန်းလုပ်ရပါတယ်။ သူ နတ်ဝင်ပူးပြီး တောင်းတဲ့အစားအစာကလည်း ကျွန်တော်တို့ တောစာ တွေ မဟုတ်ဘူး ဦးသူတော်။ လက်ဖက်ရည်နဲ့ မြို့က စက်လုပ်မုန့်မျိုးစုံ ဆိုတော့ ကျွန်တော့်မှာ သူ နတ်ပူးရင် ပသကျွေးမွေးဖို့ အဆင်သင့်ဖြစ် အောင်ဆိုပြီး နို့ဆီ၊ သကြားနဲ့ စက်လုပ်မုန့်မျိုးစုံကို အိမ်မှာ မပြတ်တမ်း ဝယ်ထားရပါတယ်။ ခု မင်းရွာကို လာတဲ့ကိစ္စကလည်း မြို့မဆင်းအားတော့ နို့ဆီ၊ သကြား၊ စက်လုပ်မုန့်ဝယ်ဖို့ လာတာပါပဲ။ နွားနို့နဲ့ဖျော်တဲ့ လက်ဖက် ရည်ကိုတောင် နတ်က မကြိုက်လို့ သွန်ပစ်တာ သုံးလေးခါ ခံထားရတော့ သူ နတ်ပူးရင် အဆင်သင့်ဖြစ်အောင် အိမ်မှာ နို့ဆီ၊ သကြား အမြဲလိုလို ဝယ်ထားရပါတယ်။ အဲဒါ မင်းရွာကိုရောက်တော့ ကြီးတော်လှမြတ်သာတို့ အိမ် အလည်ဝင်ရင်း ကြီးတော်လှမြတ်သာက နင့်ဒုက္ခလည်း မသက်သာ လှပါလား။ နင့်မိန်းမ ဒီလောက်တောင် တစ်လတစ်ခါ၊ နှစ်လတစ်ခါ နတ်ဝင်ပူးတတ်တယ်ဆိုတော့ တို့အရပ်က ဦးသူတော်နဲ့ ပြကြည့်၊ တိုင်ပင် ကြည့်ပါလား။ အစွဲအလမ်း၊ အမှောင့် ပယောဂဆို ဆရာကြီး. . အဲ. . ဦးသူတော်က သိပ်စွမ်းတယ်။ စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ မှင်စာ၊ မာတြာ ရက္ခိုုက် ချွတ်တဲ့နေရာမှာ သူမတူအောင် တစ်နယ်လုံး ကျော်စောကိတ္တိ ဖြစ်နေတာ နင်တို့မှ မကြားတာ အံ့ပါရဲ့။ ဘာဆရာ ညာဆရာမှ ပင့်နေ၊ ခေါ်မနေနဲ့။ ဦးသူတော်နဲ့သာ ပြစမ်းပါလို့ ညွှန်းလိုက်တာနဲ့ ဆရာ၊ အဲ. .



www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော်နဲ့ ပြကြည့်ချင်လို့ပါ ခင်ဗျာ”

ဧည့်သည်လူကြီး ပြောသည်ကို ပြုံးပြုံးဖြဲဖြဲနှင့် နားထောင်နေသော သူတော်ငတေက. .

“ခင်ဗျားက ဘယ်အရပ်ကမို့လဲ”

“ကျွန်တော် အတွင်းပိုင်း ဇီးချိန်ရွာကပါ”

“ဇီးချိန်ကဆိုတော့ မင်းရွာကို တစ်ရက်ခရီးနီးပါးပါလား”

“မှန်ပါတယ်ခင်ဗျာ၊ ခရီးကတော့ နည်းနည်းလှမ်းပါတယ်။ ဦးသူတော် ကြွမယ်ဆို. . .”

သူတော်ငတေက ထိုသူကို လက်ကာပြလိုက်သဖြင့် သူ့စကားရပ်သွားသည်။

“ကျုပ်က ပယောဂလိုက်ကုနေတဲ့ သူတော် မဟုတ်ဘူးဗျ”

“ဟုတ်ကဲ့၊ ကျွန်တော် မသိလို့ပါ။ ဒီကို ခေါ်လာပါ့မယ်”

“ဘာလုပ်ဖို့လဲ”

သူတော်ငတေက ဘုဘောက်ချည်း ပြောနေသောအခါ ထိုသူမှာ ကြောင်အမ်းအမ်းဖြစ်သွားပြီး. . .

“ဘယ်လိုမှ မအောက်မေ့ပါနဲ့ ခင်ဗျာ။ ကျွန်တော် မသိလို့ပါ။ ကျွန်တော့်မိန်းမ နတ်အစွဲ ကျွတ်သွားအောင် ဘယ်လို လုပ်ရမလဲဆိုတာကို ဦးသူတော်သနားသဖြင့် ညွှန်ကြားပေးပါ ခင်ဗျာ”

ထိုသူမှာ စောစောက သူ စကားပြော မှားသွားသည်ကို မလုံမလဲဖြစ်ကာ လက်ပူးပြီး ဦးသူတော်ကို ဦးတစ်ချက်ချလိုက်သည်။ ပြီးတော့ လက်ပူးပြီး သူတော်ငတေ ဘာများ ပြောမည်နည်းဟူသော အနေနှင့် သူတော်ငတေ၏ မျက်နှာကို မဝံ့မရဲ ငေးကြည့်နေ၏။

“ညောင်းမှာပေ့ါ၊ ခင်ဗျားလက်ကြီး ချထားစမ်းပါ”

“ဟုတ်ကဲ့”

“ခင်ဗျားအမျိုးသမီးက အသက်ဘယ်လောက်ရှိပြီလဲ”

“လေးဆယ်ကျော်ပါခင်ဗျာ”

“လေးဆယ်ကျော်ဆိုတော့ ဘယ်လောက်ကျော်တာလဲ။ ငါးဆယ်နီးပါးလား”

www.burmeseclassic.com

www.burmeseclassic.com



"မ. . မဟုတ်ပါဘူး ခင်ဗျာ။ ဒီလောက် မကြီးသေးပါဘူး။ လေးဆယ့်သုံးနှစ်ပါ"

"ကလေးရှိလား"

"မရှိပါဘူးခင်ဗျာ။ ဒါလည်း နတ်ကြောင့်လို့ ပြောကြပါတယ်"

"နတ်ကြောင့်. . ."

သူတော်ငတေက ရေရွတ်သည်။

"မှန်ပါ၊ သူက နတ်ယဉ်လို့ ကလေးမရတာလို့လည်း ပြောကြပါတယ်။ ကျွန်တော်တို့က ကလေးလိုချင်ပါတယ်။ အဲဒါလည်း ကလေးရအောင် ဦးသူတော်. . ."

"ဟော့လူ၊ ဟော့လူ ကလေးရအောင်က ခင်ဗျားကိစ္စပဲ ဘယ့်နှယ် ကျုပ်ကိုလာပြီးတော့ ဟဲ. . ဟဲ"

ဟု သူတော်ငတေ ရယ်ပြီး နောက်လိုက်တော့ ထိုသူလည်း ပြုံးလာသည်။ ပြီးမှ သူတော်ငတေက ဆက်ပြီး. . .

"ခင်ဗျားနဲ့သူ အိမ်ထောင်ကျတာ ကြာပြီလား"

"ဆယ်နှစ်လောက်ရှိပါပြီ"

"ခင်ဗျားတို့ ရွာသူလား"

"မဟုတ်ပါဘူးခင်ဗျ။ သူက မြို့ကပါ"

"ဟော. . မြို့သူမလား"

"အစကတော့ မြို့သူမ မဟုတ်ဘူးခင်ဗျာ။ မြို့က ဈေးရောင်းတဲ့ အပျိုကြီးတစ်ယောက်က သူ့ကို ခေါ်မွေးစားထားတာ"

"ခင်ဗျားနဲ့ ဘယ်လိုလုပ်တွေ့ကြလဲ"

"ကျွန်တော်လည်း ကျွန်တော်တို့ရွာမှာ ကာလသားခေါင်းဆိုတော့ ပွဲပြင်ကန္နား အလှူအတန်းကိစ္စတွေရှိရင် မြို့ဆင်းပြီး သူတို့ဆိုင်မှာ ပစ္စည်းဝယ်ရင်း တွေ့ကြတာပါ။ သူ့မွေးစားအမေကတော့ ကျွန်တော်နဲ့ သဘောမတူပါဘူး။ သူ့ကို ဈေးထဲက ကောင်လေးတစ်ယောက်နဲ့ ပေးစားတော့ မယ့်ဆဲဆဲမှာ ကျွန်တော့်ကို သူကပြောတာနဲ့ သူ့ကို ကျွန်တော် ခိုးပြေးလာတာပါ"

သူတော်ငတေ ရယ်ဖြဲဖြဲလုပ်နေသဖြင့် ဧည့်သည်ကလည်း ယခုမှ

www.burmeseclassic.com

www.burmeseclassic.com



ရဲရဲဝံ့ဝံ့ သူ့ဇာတ်ကြောင်းကိုပါ ပြန်ပြောပြနေသည်။

"ခင်ဗျားမိန်းမ ခုလို နတ်ပူးတတ်တာ ဘယ်နှစ်နှစ်လောက် ရှိပြီလဲ"

"လေးငါးနှစ်ရှိပါပြီ ခင်ဗျာ"

"ခင်ဗျားမိန်းမကို ဝင်ပူးတဲ့နတ်က ဘယ်က နတ်လဲ"

"ဟုတ်ကဲ့၊ အဲဒါ စောစောက ဦးသူတော်ကိုပြောဖို့ ကျွန်တော် မေ့သွားပါတယ်။ သူ့ အဲ. . . ကျွန်တော့်မိန်းမကို ဝင်ပူးတဲ့နတ်က အရင် သူ့မြို့မှာနေတုန်းက သူ့မွေးစားအမေလို့ ပြောပါတယ်"

"ဟင်. . . အဲဒီ သူ့မွေးစားအမေနတ် ဆိုတော့ ဘယ်လိုလဲ။ ခင်ဗျားဟာ ကျုပ် နားမရှင်းပါဘူး"

"ဟုတ်ကဲ့၊ ဒီလိုပါ ခင်ဗျာ။ သူ့ကို ကျွန်တော် ခိုးပြေးလာတော့ သူ့မွေးစားအမေက သဘောမတူလို့ အစက ခွဲပါသေးတယ်။ နောက် ခွဲမရတော့မှ သဘောတူလိုက်ရတယ် ဆိုပါတော့။ နောက်တစ်ကြောင်း ကလည်း ကျွန်တော်က ကာလသားခေါင်း၊ ရွာနီးချုပ်စပ် ရွာတွေမှာလည်း အသိအကျွမ်း ခင်မင်သူ ပေါပါတယ်။ ဒီတော့ ကျွန်တော့်တို့နယ်မှာ ကထိန်ပွဲ၊ ဘုန်းကြီးပျံ၊ ရဟန်းခံရှင်ပြုကအစ လိုသမျှပစ္စည်း မြို့ဆင်းပြီး ကျွန်တော့်မျက်နှာနဲ့ချည်း ဝယ်ကြတော့ ဖောက်သည်ပျက်မှာလည်း စိုးတာ နဲ့ နောက်တော့မှ သူနဲ့ကျွန်တော့်ကို သဘောတူတာ။ တစ်နှစ်ကို တစ်ခါ၊ နှစ်ခါ ကျွန်တော်တို့ရွာကို လာလည်တတ်ပါတယ်။ ဖြစ်ချင်တော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကျွန်တော်တို့ဆီ လာလည်ရင်း မြစ်ထဲမှာ လေပြင်းမိပြီး လှေမှောက်လို့ သူ သေသွားပါတယ်။ အဲဒါ ကျွန်တော့်မိန်းမစိတ်နဲ့ နတ်စိမ်း ဖြစ်နေတယ်။ ကျွန်တော်တို့ကို ကလေးမရအောင်လည်း သူလုပ် ထားတယ်ဆိုတာ ကျွန်တော့်မိန်းမ နတ်ပူးရင် သူ့ပါးစပ်က ထွက်တာ။ ကျွန်တော်တို့မှာ ကလေးရှိလာရင် သူ့ကို ကျွန်တော့်မိန်းမက မချစ်တော့ မှာစိုးလို့ ဘာဘာညာညာ ကျွန်တော့်ကိုလည်း ဆဲဆိုပြော. . ."

"နို့. . နေစမ်းပါဦး၊ အဲဒီ သူ့မွေးစားအမေ အပျိုကြီးသေပြီး နတ် စိမ်းဖြစ်နေတာက ငါးနှစ်ပဲရှိသေးတာ။ ခင်ဗျားတို့ အိမ်ထောင်သက်က ဆယ်နှစ်ဆိုတော့ ကလေးမရတဲ့ကိစ္စ သူနဲ့ မဆိုင်ပါဘူးဗျ။ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်က ကျွန်တော့်မိန်းမ နတ်ပူးတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကို ဦးသူတော်ကို ပြောပြတာပါ။ ဆိုင်၊ မဆိုင်တော့ ကျွန်တော် လည်း မဝေခွဲတတ်ပါ”

“နို့. . . ကျုပ် တစ်ခုမေးပါဦးမယ်။ ခင်ဗျားမိန်းမရဲ့ မွေးစားအမေ ခင်ဗျားတို့ဆီလာရင်း လှေနစ်သေတော့ ခင်ဗျားမိန်းမ အမွေတွေ ဘာတွေ မရလိုက်ဘူးလား”

“မွေးစားအမေဆိုတာ သူ့ပါးစပ်ပြောပဲ ရှိပါတယ် ခင်ဗျာ။ အမှန် ကတော့ တောသူမလေးကို ခိုင်းကောင်းအောင် မြှောက်ပြောထားတာပါ”

“ကဲ. . ခိုင်းတာ၊ မခိုင်းတာထား။ စောစောက ခင်ဗျားပြောတော့ အဲဒီ ဆိုင်ပိုင်ရှင် အပျိုကြီးသေတော့ ခင်ဗျားမိန်းမ ရသင့်တာပေါ့။ တခြား ဘယ်သူတွေရှိသေးလို့လဲ”

“အပျိုကြီးဒေါ်သန်းမှာ ညီအစ်ကိုမောင်နှမ သုံးလေးယောက် ရှိပါ သေးတယ်။ သူသေတော့ ညီအစ်ကိုမောင်နှမတွေပဲ ယူကြပါတယ်။ ခုဆို သူ့တူမကြီးတစ်ယောက်က သူ့ဆိုင်မှာ ဈေးရောင်းတုန်းပါပဲ။ ကျွန်တော် တို့လည်း ပွဲပြင်ကန္နားရှိရင် မြို့ဆင်းတိုင်း သူ့တူမ အမွေဆက်ခံထားတဲ့ ဆိုင်မှာပဲ ခုထိ ဝယ်ကြတုန်း၊ ဝယ်နေကျပါ။ ဒေါ်သန်းသေလို့ သူများတွေ အမွေရကြပေမယ့် မွေးစားသမီးဆိုပြီး မြှောက်ခိုင်းခဲ့တဲ့ ကျွန်တော့်မိန်းမ မှာတော့ ခု နတ်မွေပဲ ရလိုက်ပြီး သူ ဝင်ဝင်ပူးတိုင်း သူက မြို့သူမ နတ်စိမ်း ဆိုတော့ လက်ဖက်ရည်၊ စက်လုပ်မုန့်တွေနဲ့ ကျွေးမွေးပသနေရပါတယ်။ ဘာအမွေမှ မရလိုက်တဲ့ ကျွန်တော်တို့ကို သနားပြီး ဆရာကြီး အဲ. . . ဦးသူတော် ကုသပေးပါ ခင်ဗျာ။ ဒီလိုသာ တစ်လ တစ်ခါ၊ နှစ်လတစ်ခါ သူ လာလာပြီး ကျွန်တော့် မိန်းမကို ပူးနေရင် ကြာတော့ လက်ဖက်ရည်ဖိုး တတ်နိုင်မှာ မဟုတ်တော့လို့ပါ”

ဧည့်သည်က ခံစားချက်အပြည့်နှင့် ငိုသံပင် ပါချင်လာသလို ပြောပြ နေသည်ကို သူတော်ငတေကမူ တခစ်ခစ် ရယ်ရင်း ခေါင်းညိတ်နေသည်။

“ကျွန်တော့်မိန်းမကို နတ်စိမ်းချွတ်ပေးပါ ဦးသူတော်ခင်ဗျာ။ ကျွန်တော်တို့ ကျေးဇူးမမေ့ပါဘူး။ နို့မို့ ဒီနတ်စိမ်းမနဲ့ လုပ်စားကိုင်စား လည်း မဖြောင့်ပါဘူးခင်ဗျာ။ ခုဆို သူများတွေ တလင်းထွင်နေကြပြီ။ ဒီနတ်စိမ်းမ အပူးခံလိုက်ရတာနဲ့ ကျွန်တော်တို့လင်မယားမှာ ခုထိ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်ကြသေးပါဘူး”

“သိပ်လည်း စိုးရိမ်မနေပါနဲ့။ ကျုပ်လည်း ကျုပ် တတ်သလောက် ခင်ဗျားကို နတ်စိမ်းချွတ်နည်း ပေးလိုက်ပါ့မယ်။ ဟော့ကောင်လေးတွေ သွားကြစမ်း၊ ဘာ လာဝိုင်းနေကြတာလဲ။ သွား. . . သွားကြစမ်း”

ဦးသူတော် တစ်ခုခု လုပ်တိုင်း ထူးထူးဆန်းဆန်း တစ်ခုခုကိုတော့ ကြုံရ၊ တွေ့ရတတ်စမြဲမို့ အာဂန္တုဧည့်သည်နှင့် သူတော်ငတေတို့ နတ်ကိစ္စ ပြောကြကတည်းက ဝိုင်းနေ၊ ရောက်နေကြသော ကျွန်တော်တို့အား သူတော်ငတေက မောင်းလွှတ်လိုက်သည်။

သည်လိုနှင့် ကျွန်ုပ်တို့သည် နတ်ဝင်သည် မိန်းမလည်း ပါမလာဘဲ သူတော်ငတေ မည်သို့ နတ်စိမ်းချွတ်မည်ကို သိလိုကြသဖြင့် မနီးမဝေးက ရစ်သီရစ်သီနှင့် အကဲခတ် ကြည့်နေကြသည်။ သူတော်ငတေကား ဧည့်သည် ထိုလူကြီးကလွဲ၍ သူ့အနားတွင် မည်သူ့ကိုမျှ မနေရ။ လက်တိုလက်တောင်း အမြဲခိုင်းပြီး သူ့အနားတွင် အမြဲနေနေရသော နေဆန်းနှင့် ငထီးတို့ကိုပင် ဤတစ်ခါ သူ့အနားက နှင်ထုတ်လိုက်လေသည်။

သူတော်ငတေနှင့် ဧည့်သည်တို့ တီးတိုးတီးတိုးနှင့် ဘာတွေတိုင်ပင်နေကြသည် မသိ။ ဆယ်မိနစ်လောက်ကြာတော့ ဧည့်သည်က မတ်တတ်ထသည်။ ဧည့်သည်နည်းတူ သူတော်ငတေလည်း လိုက်ထ၏။ ဧည့်သည်ကို သူတော်ငတေက ကျောင်းအောက်တစ်ဝက်လောက်ထိ လိုက်ပို့ရာ ပြန်ခါနီးမှာ ဧည့်သည်က. . .

“ဦးသူတော်၊ တကယ်တော့ ဖြစ်ပါ့မလားနော်။ မတော်လို့. . .”

“ဟာ. . . ခင်ဗျားကလည်း ဖြစ်ပါတယ်ဆို။ ကျုပ်ပြောပြီးပါရောလား၊ ဘာမန္တန်၊ လက်ဖွဲ့၊ အင်း၊ အိုင်မှ ယူသွားစရာ မလိုဘူး။ နတ်စိမ်းမနှင်နည်းဟာ အဲဒီနည်း အကောင်းဆုံးပဲ။ သွား. . . သွား။ တကယ်လို့ အချိန်မီရင် ကျုပ်ပြောတဲ့နည်းပဲလုပ်စမ်းပါ။ ဘယ်ဆရာမှ သွားပင့်မနေနဲ့”

ဧည့်သည်က ငိုမလို ရယ်မလို မျက်နှာနှင့် တွန့်ဆုတ်တွန့်ဆုတ်လျှောက်နေသည်ကို သူတော်ငတေက မျက်နှာတည် မျက်နှာထားနှင့်. . .

“ခင်ဗျားကို မဟုတ်ဘဲနဲ့တော့ ကျုပ် ပြောမလားဗျ”

ဟု ထပ်ပြောကာ သူ့ဖိုရှုံထဲ ပြန်ဝင်သွားသည်။ ဧည့်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းထဲမှ ရွာဘက် ပြန်သွားလေ၏။

ဧည့်သည်အား သူတော်ငတေ မည်သို့သော နတ်စိမ်းနှင်နည်း ပေးလိုက်သည်ကို ကျွန်ုပ်တို့ မည်သူမျှ မသိကြ။ သိချင်၍ သူ့တပည့်ရင်းနေဆန်းနှင့် ငထီးတို့အား မေးခိုင်းကြရာ. . .

"မင်းအမေကို နတ်စိမ်းဝင်ပူးနေလို့လား။ မင်းအမေကို ဝင်ပူးရင်ငါပြောမယ်"

ဟု ဘုတောသည်ဟု ဆို၏။ ထို့ကြောင့် ထိုကိစ္စကို နောက် မည်သူကမျှ သူတော်ငတေကို မမေးဝံ့ကြတော့ပေ။

သည်လိုနှင့် ခြောက်လခန့်ကြာသွားသောအခါ ထိုဧည့်သည် ဇီးချိုင်ရွာသားဆိုသူ ရောက်လာပြန်သည်။ ဤတစ်ခါ ဆေးရွက်ကြီး၊ ငှက်ပျောသီး၊ ကြံသကာအပြင် ဦးသူတော်အတွက် ဝတ်စုံတစ်စုံပင် ပါလာ၏။ သို့သော် သူ ရောက်လာချိန်တွင် သူတော်ငတေကား ကျောင်း၌ မရှိ။ ဒေါင်းသိန်းနှင့် တောထဲကို ဆေးမြစ်ရှာထွက်နေကြသည်။

ထိုအခါ ဧည့်သည်က. . .

"ဦးသူတော်ကို ကန်တော့ဖို့လာတာ မောင်တို့ရယ်၊ ဒီပစ္စည်းတွေကို ဦးသူတော်အခန်းထဲ သွင်းထားပေးကြပါ။ ဦးသူတော်ပြန်လာရင် ညနေကျမှ ဦး လာကန်တော့ပါ့မယ်ပြောလိုက်"ဟု ဆို၏။

ဤမျှဆိုလျှင် ကျွန်ုပ်တို့လည်း သဘောပေါက်လိုက်ကြပြီ။ သူတော်ငတေ အမိန့်ရှိလိုက်သည့်အတိုင်း ဆောင်ရွက်လိုက်၍ ဤပုဂ္ဂိုလ်၏မိန်းမ နတ်စိမ်းကျွတ်သွားလေပြီ။

သူ ပထမတစ်ခေါက် လာတုန်းကပင် သူတော်ငတေ၏ နတ်စိမ်းချွတ်နည်းကို သိချင်နေကြသော ကျွန်ုပ်တို့ ကျောင်းသားတွေမှာ သူတော်ငတေကိုလည်း မေးမရသဖြင့်. . .

"ဦးလေး၊ ဦးလေးမိန်းမ နတ်စိမ်းခဏခဏ ဝင်ပူးတတ်တာ အခုကျွန်တော်တို့ ဦးသူတော်နည်းနဲ့ ကျွတ်သွားပြီပေါ့နော်။ အဲဒါ ဘယ်လိုနည်းလဲ ဦးလေး။ ကျွန်တော်တို့လည်း သိချင်ကြလို့ပါ ခင်ဗျာ"

ဟု ထိုဧည့်သည်လူကြီးကို ဝိုင်းမေးကြ၏။

အစ တစ်ယောက်မေးစဉ်က ဧည့်သည်လူကြီး ရယ်ဖြဲဖြဲလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တော့ ကျောင်းသားလေးများ သာမက သူတော်ငတေ၏ လက်ရင်းတပည့် ငထီးကပါ. . .

"ဦးလေး အရင်တစ်ခါလာတုန်းက ကျွန်တော့် မှတ်မိမှာပါ။ ကျွန်တော် ဦးသူတော်ကြီးရဲ့ လက်ရင်းတပည့်ကြီးပါ။ ဦးလေးကို ကျွန်တော်တို့ဆရာ ဦးသူတော် ပေးလိုက်တဲ့ နတ်စိမ်းချွတ်နည်းကို ကျွန်တော်လည်း သိချင်လို့ပါခင်ဗျာ။ ပြောစမ်းပါ"

ဟု ဆိုလိုက်သောအခါ ဧည့်သည်က ငထီးကို သေသေချာချာ ကြည့်ပြီး. . .

"အေး. . မင်းကို ဦး မှတ်မိပါတယ်။ မင်းဆရာ ဦးသူတော်ကို မေးပေါ့ကွယ်"

ဟု ရယ်ကျဲကျဲနှင့် ဆိုသည်။

"ဟာ. . . ဦးကလည်း၊ ကျွန်တော်တို့က ဦးသူတော်ကို မမေးရဲလို့ ပေါ့ဗျ"

ဟု ခပ်ဆတ်ဆတ် ပြောလိုက်၏။

"ဟဲ. . ဟဲ. . ဟီး. . ဟီး. . မောင်တို့ဆရာ ဦးသူတော် ပေးလိုက်တဲ့ နတ်စိမ်းချွတ်နည်းက စွမ်းတာတော့ တကယ်ပဲ မောင်တို့ရယ်။ ဦးကလည်း မောင်တို့ဆရာ ဦးသူတော် ပေးလိုက်တဲ့နည်း မှတ်ထားတယ်လေ။ ဦး ဒီကလည်း ပြန်သွားရော ဘာမှ မကြာဘူး။ တစ်လမပြည့်မီမှာ ဦး မိန်းမကို ထုံးစံအတိုင်း နတ်စိမ်းမက ဝင်ပူးပါလေရော။ အဲဒီနေ့က ဦး ကိုင်းထဲ ဆင်းနေလို့ အိမ်မှာ မရှိဘူး။ ညနေ ကိုင်းထဲက ပြန်လာရော ဦးအိမ်မှာ လူကြီး၊ ကလေးတစ်အုပ်ကြီးနဲ့ ဦးရဲ့မိန်းမ နတ်စိမ်းဝင်ပူး နေတာကို နှာနှပ်သူ၊ ယပ်ခတ်သူ၊ ဝိုင်းကြည့်သူ၊ ဦးလည်း မရှိတော့ နတ်ကတော် သွားပင့်ဖို့ တိုင်ပင်သူတွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ ဒါနဲ့ ဦးကလည်း ဒီနတ်စိမ်းမ ဒီလောက်တောင် ငါ့မိန်းမကို တစ်လ တစ်ခါ၊ နှစ်လ တစ်ခါ ဝင်ဝင်ပူးရမလားဆိုပြီး စိတ်ပေါက်ပေါက်နဲ့ မောင်တို့ဆရာ ဦးသူတော်ကြီး ပေးလိုက်တဲ့နည်းလည်း သုံးလိုက်ရော တကယ်ပဲ နတ်စိမ်းမကြီး ဘယ်က ဘယ်လို ထွက်ပြေးသွားမှန်းတောင် မသိလိုက်ဘူး။ ခုထိ တစ်ခါမှ ပြန်ပေါ် မလာရဲတော့ဘူး။ ဟိုတုန်းကဆို တစ်လတစ်ခါ၊ နှစ်လ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ လာပူးတတ်တဲ့ နတ်စိမ်းမ ခုဆို ငါးလတောင် ကျော်လာပြီ။ မောင်တို့ဆရာ ဦးသူတော်နည်းက တကယ်စွမ်းတာ။ အဲဒါကြောင့် ခု ဦးသူတော်ကို ကန်တော့ရအောင် လာတာလေ"

"ဟာ. . . ဦးကလည်း၊ ကျွန်တော်တို့က နည်းသိချင်လို့ မေးနေကြတာဗျ။ ဦးပြောတဲ့အထဲမှာ စွမ်းတာချည်းပါတယ်။ နတ်စိမ်းမကို ဘယ်လို ချွတ်ရတယ်ဆိုတဲ့နည်းမှ မပါသေးတာ"

ငထီးက စိတ်တိုလာသလို ပြောလိုက်၏။

"ဟဲ. . ဟဲ. . လွယ်လွယ်လေးကွ။ ဦး ယာထဲက ပြန်လာတော့ ဦးရဲ့မိန်းမ နတ်စိမ်းမ ဝင်ပူးနေလို့ လူတွေ ဝိုင်းနေကြတာ။ ဦးသူတော် နည်းပေးလိုက်သလို အကုန်မောင်းလွှတ်လိုက်တယ်။ ပြီးတော့ တံခါးပိတ်၊ ဦးသူတော်ပြောလိုက်တဲ့နည်းနဲ့ မိန်းမကို အတင်း နသားပါယားလည်း လုပ်လိုက်ရော နတ်စိမ်းမ ဘယ်က ထွက်ပြေးသွားမှန်းတောင် မသိလိုက်ဘူး။ ဟား. . . ဟား. . . ဟား"

အာဂန္တုဧည့်သည်၏ စကားအဆုံးမှာ ကျွန်ုပ်တို့ကျောင်းသားများ၏ ဝိုင်းရယ်လိုက်ကြသံက ဧည့်သည်၏ ရယ်သံကိုပါ ဖုံးလွှမ်းသွားလေသည်။

ꩻ ꩻ ꩻ

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ)*


www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငဝေ

## လူမည်းသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေနှင့် လူမည်းသုံးယောက်

တစ်နေ့သ၌ ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းသို့ ပင်လယ်ပိုင်းမှ အာဂန္တုဧည့်သည်နှစ်ယောက် ရောက်လာကြသည်။ သူတို့ ရောက်လာကြသည့်ကိစ္စကို မေးမြန်းရာ သူတော်ငတေနှင့် တွေ့လိုကြောင်း ပြောသဖြင့် သူတော်ငတေ၏ ဖိုရုံစခန်းသို့ လွှတ်လိုက်ကြ၏။ ထိုနေ့တွင် သူတော်ငတေကလည်း ဆေးမြစ်ရှာ၊ ဆေးမြစ်တူး မထွက်သဖြင့် အခန့်သင့်ပင် ထိုဧည့်သည်နှစ်ယောက်နှင့် သူတော်ငတေတို့ တွေ့ကြလေသည်။

"ခင်ဗျားတို့ ဘယ်ကလဲ"

"ပင်လယ်ပိုင်းကပါ ဦးသူတော်"

သူတော်ငတေ၏ အမေးကို အသက်လေးဆယ်အရွယ် ဧည့်သည်လူကြီးတစ်ယောက်က ရည်ရည်မွန်မွန် ဖြေသည်။ ကျန်လူငယ်တစ်ယောက်ကမူ သူတော်ငတေကိုသာ အကဲခတ်ကြည့်နေ၏။

"ပင်လယ်ပိုင်းကဆိုတော့ နေ့ဝက်ခရီးပဲ။ လာရင်းကိစ္စကို ပြောပါဦး"

"လာရင်းကိစ္စက ဒီလိုပါခင်ဗျာ။ ကျွန်တော်က ဓနိခင်းနဲ့ ဥယျာဉ်ခြံမြေနဲ့ ပင်လယ်နားနေပါတယ်။ လောလောဆယ်တော့ ခြံထဲ၊ ဥယျာဉ်ထဲ မနေရဲတော့တာနဲ့ ရွာထဲ ပြောင်းနေရပါတယ်"

"ဘာဖြစ်လို့လဲ၊ ဓားပြကြောက်လို့လား"

"ဓားပြတန်ထက် ကြောက်ရတဲ့အကောင်တွေ ခြံထဲရောက်နေကြလို့ပါ ဦးသူတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ခါးပြတန္တထက်တောင် ကြောက်ရတဲ့အကောင်တွေဆိုတော့ ဘာကောင်တွေလဲဗျ။ လင်းစမ်းပါဦး"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့ကလည်း ဦးသူတော်သတင်းကို ကြားလို့ အားကိုးတကြီးနဲ့ လာတာမို့ အကြောင်းစုံတော့ ပြောပြပါရ. . ."

"အေးပါ၊ ပြောမှာသာ ပြောစမ်းပါ။ နိဒါန်းတွေ၊ အချီးတွေ လုပ်မနေစမ်းပါနဲ့။ ကျုပ်လည်း အလုပ် ရှိသေးတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ အဖြစ်က ဒီလို. ."

"ဒီလိုဟိုလို ပြောမနေနဲ့တော့ဗျာ။ တိုတိုနဲ့ လိုရင်းပဲ ပြောစမ်းပါ"

သူတော်ငတေက သူ့ထုံးစံအတိုင်း ခပ်တည်တည် ပြောလိုက်သဖြင့် ဧည့်သည်လူကြီးမှာ ရုတ်တရက် လန့်သွားပုံရသည်။ ပြီးမှ. . .

"မှန်ပါ့"

ဟုဆိုကာ အဖြစ်အပျက်ကို ပြောပြလေသည်။

ယခု သူတော်ငတေဆီ ရောက်နေသော အာဂန္တုဧည့်သည်လူကြီးမှာ သဲတောရွာက ဦးသန်းမြ ဖြစ်သည်။ သူတို့ သဲတောရွာသည် ပင်လယ်နှင့် နီးသည်။ ဦးသန်းမြ၏ ခြံကမူ ပင်လယ်နှင့် ပိုနီးပြီး ရွာမှ တစ်ခေါ်သာသာ ဝေးသည်။ ဤခြံမြေ၌ ဦးသန်းမြတို့ ဘိုးစဉ်ဘောင်ဆက် နေလာခဲ့ကြသည်မှာ ယခု ဦးသန်းမြလက်ထက်ထိ ဖြစ်သည်။ ထို့ကြောင့် ဤခြံသည် မြေကြမ်းသည်။ ခြံဝင်းထဲတွင် သရဲတစ္ဆေခြောက်သည် ဟူသော ပြောသံဆိုသံများကို တစ်ကြိမ်တစ်ခါမှ မကြားစဖူးပေ။ ဓနိခင်း ပင်လယ်ကမ်းစပ်နှင့်နီးသော ခြံထဲတွင် အုန်း၊ ကွမ်းသီး၊ ငှက်ပျော၊ သရက်၊ မာလကာအစ သီးပင်စားပင် အစုံရှိသည်။ ထို့ကြောင့်လည်း ဦးသန်းမြတို့ မိသားစုမှာ ရွာထဲရှိ တခြားလူများလို လယ်ယာပင် မလုပ်ဘဲ ခြံထွက်သီးနှံများ၊ ဓနိရောင်းရငွေများနှင့်ပင် ဖူဖူလုံလုံ အေးအေးချမ်းချမ်း နေထိုင်နေကြသော မိသားစု ဖြစ်လေသည်။

သို့သော် လဆန်းရက် တစ်ညသ၌မူ သူတို့မိသားစု ခြံထဲသို့ မမျှော်လင့်ဘဲ ကြမ္မာဆိုးတစ်ခု ရောက်ရှိလာလေသည်။ ထိုကြမ္မာဆိုးမှာ လူမည်းကြီးသုံးယောက်ပင်။

လဆန်းည၏ လရောင်အောက်တွင် ဥယျာဉ်ခြံကျယ်ကြီးထဲရှိ



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမြတို့မိသားစု အိပ်မောကျနေကြသည်။ ထိုသို့ အိပ်ပျော်နေကြစဉ် ဦးသန်းမြသည် ခြံထဲမှ လူသုံးလေးယောက် ပြေးလွှားကြသံကို ကြားသဖြင့် လန့်နိုးလာ၏။ တစ်ခါတစ်ခါတွင် ရွာထဲမှ ကာလသားပေါက်များသည် အပြောင်အပြက် သဘောမျိုး လက်မထိုး အရည်သောက် အုန်းသီးများကို လည်း လာခိုးတတ်ကြလေ့ရှိရာ ဦးသန်းမြက ကာလသားများ ထင်၍ အိပ်ရာက မထသေး၊ သူတို့ယူနိုင်လျှင် ငါးလုံး၊ ခြောက်လုံးခန့်သာ ဖြစ်သဖြင့် ဤခြံကြီးထဲ၌ ဤမျှ အုန်းသီးမှာ ခိုးသည်ဟုပင် သူတို့မိသားစုက မစွပ်စွဲကြ။ ကာလသားများ အပြောင်အပြက်သဘော အုန်းသီးလာတက်စားကြသည်ဟုသာ သဘောထားကြသည်။ ထို့ကြောင့်လည်း ဦးသန်းမြမှာ အိပ်ရာကပင် ထမကြည့်ဘဲ နေနေလိုက်၏။

သို့သော် ကာလသားများကား အပြောင်အပြက် အုန်းသီးလာခိုးကြသည့်အပြင် ခြံရှင်၊ အိမ်ရှင်တို့ကိုပင် မထီမဲ့မြင် စော်ကားသလို ခြံဝင်းထဲ ပတ်ပြေးနေကြရာ ဦးသန်းမြမှာ မထဘဲနေ၍ မရတော့။

"အဟမ်း. . ဟမ်း. . ဟမ်း"

ဟု အိမ်ရှင်အသံကို ပေးကာ ပြတင်းတံခါးကိုဟပြီး ခြေသံကြားရာသို့ ချောင်းကြည့်လိုက်သည်။

ရုတ်တရက်မူ ဦးမြသန်း လန့်ဖျပ်သွား၏။ သူတို့ဒေသ၊ သူတို့အရပ်တွင် တစ်ကြိမ်တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးသော လူမည်းကြီးသုံးယောက်သည် ခြံဝင်းထဲ လှည့်ပတ်ပြေးနေကြသည်ကို မမျှော်လင့်ဘဲ မြင်လိုက်ရ၏။ အစကမူ သူ့မျက်စိပင် သူ မယုံဖြစ်သွားသည်။ ထို့ကြောင့် ပြတင်းပေါက်ကို လက်နှင့် မသိမသာ ဖွင့်ဟကာ သေသေချာချာ ထပ်ကြည့်သည်။ သူတို့အရပ်ဒေသတွင် တစ်ကြိမ်မှ မမြင်ဘူး၊ မတွေ့ဘူးသော လူမည်းကြီးသုံးယောက်မှ လူမည်းကြီးသုံးယောက် အစစ်။ ကိုယ်လုံးကြီးသလို အရပ်ကြီးတွေကလည်း အမြင့်ကြီးတွေမို့ ဦးသန်းမြမှာ လူမည်းကြီးသုံးယောက်ကို ကြည့်ငေးနေရင်း ကြက်သီးမွေးညင်းတွေပင် ထလာသည်။

ဤခြံကြီးထဲတွင် ဘိုးစဉ်ဘောင်ဆက် တစ်ခါမှ မကြားဘူး၊ မကြုံဘူးသော လူမည်းကြီးသုံးယောက် ခြံဝင်းထဲ လှည့်ပတ်ပြေးလွှားနေကြသည်ကို ငေးကြည့်နေသေးသည်။ လရောင် ပြိုးပြိုးပြက်ပြက်ကျနေသော



www.burmeseclassic.com

www.burmeseclassic.com



ခြံထောင့်တစ်နေရာသို့ အရောက်တွင် လူမည်းကြီးသုံးယောက်မှာ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။ ထိုအခါမှ ဦးသန်းမြသည် ရှည်လျားသော သက်မကို အကြိမ်ကြိမ်ချကာ ပြတင်းတံခါးကို ပိတ်လိုက်ပြီး သူ့အိပ်ရာသို့ တွေတွေဝေဝေနှင့် ပြန်လာလေသည်။ သို့သော် အိပ်၍ကား မပျော်တော့။

မနက်မိုးလင်းတော့ သူ့မိန်းမက "ကိုသန်း၊ ညက ကာလသားတွေ အုန်းရည်သောက် လာခူးကြတယ်ထင်တယ်။ ကျွန်မ ခြေသံကြားလိုက်သလိုပဲ။ ဘယ်နှစ်လုံးခူးသွားကြလဲ"ဟု မေးသည်။

ရုတ်တရက်မူ ဦးသန်းမြမှာ ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွား၏။ လူမည်းကြီးသုံးယောက် အကြောင်းကို ပြောမိလျှင် သူ့မိန်းမ ကြောက်မှာစိုးသလို. . .

"တစ်ခါမှ မကြားဘူး၊ မမြင်ဖူးပါဘူးတော်။ တော်ပဲ မြင်တတ်တယ်"

ဟုပင် သူ့ကို ပြက်ရယ်ပြုလေဦးမည်လား။ ထို့ကြောင့် ရုတ်တရက် သတိရကာ. . .

"ငါထပြီး ချောင်းဟန့်လိုက်လို့ထင်တယ်ကွ၊ ခွေးကောင်လေးတွေ ချက်ချင်း ခြံထဲက ထွက်ပြေးသွားကြတယ်"

ဟုသာ ပြီးစလွယ် လိမ်ဖြေလိုက်ရသည်။

ဤသည်ကို အမျိုးချစ်မ သူ့မိန်းမက. .

"ရှင်ကလည်း အစ်မကြီးကလေးတွေလည်း ကာလသားပေါက်လေးတွေ ဖြစ်နေကြပြီ။ မောင်ငယ်တို့ ပါချင်ပါမှာ။ ဘာလို့ ချောင်းဟန့်ပြီး နိုးနေမှန်းသိအောင် လုပ်ရတာလဲ။ သူတို့ ခူးစားလို့ ကျုပ်တို့ခြံက အုန်းသီးတွေ ဘယ်နှစ်လုံးကုန်မှာမို့လဲ"

ဟုပင် ပြောလာသေးသည်။

ဦးသန်းမြကမူ တစ်ခါမှ မကြုံဖူး၊ မမြင်ဖူးဘူးသော လူမည်းသုံးယောက်သည် ထူးထူးခြားခြား ဤနေ့ညမှ ဘာကြောင့် လာကြပါလိမ့်ဆိုသည်ကိုသာ တွေးမဆုံး ဖြစ်နေသည်။ ထို့ကြောင့်လည်း သူ့မိန်းမကို စကား အဖက်လုပ် မပြောခဲ့ဘဲ ခြံထဲသို့သာ ဆင်းလာလေ၏။

ခြံထဲရှိ သဲတောမြေတွင် ခြေရာရှာကြည့်သည်။ မတွေ့။ အုန်းသီး ခူးသွားကြသော ခြေရာလက်ရာများ တွေ့လေမလားဟု အုန်းပင်ခြေရင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို ပတ်ကြည့်သည်။ ဘာခြေရာ၊ လက်ရာမှ မတွေ့။ ညက ခြံထောင့်တွင် လူမည်းသုံးယောက် ပျောက်သွားသောနေရာကို သွား၍ ကြည့်ပြန်သည်။ ဘာမှ ခြေရာလက်ရာ ရှာမတွေ့ပြန်။ ဧကန္တ ညက ငါ့ကို သရဲခြောက်ပြီဟု ဦးသန်းမြ အတပ်တွေးတော့သည်။

သည်လိုနှင့် နောက်တစ်နေ့ညသို့ ရောက်လာပြန်၏။ မနေ့ညက ကြားရသော အချိန်ထက်ပင် စော၍ ခြေသံကြားရပြန်ပြီ။ ဦးသန်းမြ ချက်ချင်း သိလိုက်ပြီ။ ညက လူမည်းသုံးယောက်ပင်။ ခြံထဲ လျှောက်ပြေးနေကြပြန်ပြီ။ သူ့မိန်းမနှင့် ကလေးများသာသိလျှင် အထိတ်တလန့်ဖြစ်ကုန်ကြမှာစိုး၍ ဦးသန်းမြ အသာလေးထ၏။ ကြောက်ကြောက်နှင့်ထရ၍ သူ့မိန်းမကို တိုက်မိသွားရာ သူ့မိန်းမ နိုးသွားသည်။

"ကိုသန်း၊ ခနိတောဘက်ခြံအဝက ခြေသံတွေ ကြားပါလား။ ကာလသားပေါက်လေးတွေ အုန်းသီးလာခူးကြပြန်ပြီလား။ နေ့တိုင်းဆိုတော့ လွန်တာပေါ့တော်။ ထကြည့်ပြီး မောင်းလွှတ်လိုက်ပါဦးလား"

ဟု အိပ်မှုန်စုံမွှားနှင့် ပြောလာသည်။

"အေး. . အေး"

ဟုပြောကာ ဦးသန်းမြ ချက်ချင်း ထသည်။ သို့သော် ပြတင်းပေါက်နားသို့ ရုတ်တရက် မသွားရဲသေး။ တစ်နေ့ညက လူမည်းကြီးသုံးယောက်ကို သူ့မျက်စိထဲ ယခုထိ မြင်နေသေးသဖြင့် ပြတင်းဖွင့်ကြည့်ရမှာပင် လန့်နေသည်။

ဦးမြသန်းမှာ သူ့မိန်းမ သိသွားမှာစိုး၍ မည်သို့မည်ပုံ လုပ်ရလျှင် ကောင်းမည်နည်းဟု တွေးပြီး ပြတင်းပေါက်နား လျှောက်လာနေသည်။ ထိုအချိန်တွင် ခြံထဲမှ လူမည်းသုံးယောက်၏ ခြေသံများက ပိုကျယ် လာရာ သူ့မိန်းမပါ ထလာပြီး. .

"ဒီသေနာကောင်လေးတွေ ဒီအထိဆိုတော့ လွန်လာပြီ။ ဘယ့်နှယ်တော်။ မင်းမဲ့စိုးမဲ့တိုင်းပြည် မှတ်နေကြလားမသိ"

ဟူသော သူ့မိန်းမ စကားမဆုံးမီပင် ဦးမြသန်းမှာ သူ့မိန်းမ အနားခြေဖော့ပြေးလာပြီး သူ့မိန်းမပါးစပ်ကို လက်နှင့် ပိတ်လိုက်ရသည်။

"ဘာလဲတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့မိန်းမ၏ အပြောကို ဦးသန်းမြက. . .

"တိုးတိုးပြော၊ ကာလသားပေါက်တွေ မဟုတ်ဘူး။ မင်းကို ငါပြမယ်၊ လာ. ."

ဟု တီးတိုးပြောပြီး ပြတင်းပေါက်နား လက်ဆွဲခေါ်လာသည်။ ပြီး ခြံကျယ်ကြီးထဲ လိုက်တမ်းပြေးတမ်း ကစားနေကြသော လူမည်းကြီးသုံးယောက်ကို ပြလိုက်ရာ ဦးသန်းမြမိန်းမမှာလည်း ချက်ချင်း လန့်ဖျပ်ကာ ပါးစပ်အဟောင်းသားနှင့် ဦးသန်းမြကို တအားဖက်ထားလိုက်ရသည်။

ဦးသန်းမြတို့ လင်မယားနှစ်ယောက်မှာ ဤပြဿနာကို ကလေးတွေ မသိအောင် တိုးတိုးတိတ်တိတ်တိုင်ပင်ပြီး နောက်တစ်ည လင်မယားနှစ်ယောက် စောင့်ကြည့်ကြပြန်သည်။ ထိုညမှာလည်း ထိုနည်းလည်းကောင်းပင်၊ လူမည်းကြီးသုံးယောက်သည် ယခင် နှစ်ညကကဲ့သို့ မြူးထူးပျော်ရွှင်စွာ ပြေးလွှားဆော့ကစားနေကြပြန်သည်။ ပို၍ ထူးခြားလာသည်မှာ ဤညတွင် လူမည်းသုံးယောက်၏ ရယ်သံ၊ တစ်ယောက်နှင့် တစ်ယောက် စကားပြောသံများကို ကြားလာရခြင်းပင်။

ဦးသန်းမြတို့ လင်မယားမှာ မိုးလင်းသည်နှင့် ရွာထဲဝင်လာကြပြီး ဘကြီးတော်သူ ဦးပန်းအောင်နှင့် တိုင်ပင်ကြရတော့သည်။ ဦးပန်းအောင်၏ တိုးတိုးတိတ်တိတ် အကြံပေးချက်အရ သူတို့နယ်၌ နာမည်ကြီးနေသော နတ်ဆရာ၊ မှော်ဆရာဆီ သွားပြီး အကူအညီတောင်းကြသည်။ မှော်ဆရာငနီက ဆန်မန်းပေါက်ပေါက် မန်းပေးလိုက်သည်။ ဤဆန်မန်းပေါက်ပေါက်ကို ခြံဝင်းထဲ ထောင့်များထိ ကြဲလိုက်လျှင် ထိုလူမည်းကြီးမိစ္ဆာသုံးယောက် သူတို့ခြံက ထွက်ပြေးသွားကြလိမ့်မည်ဟု ဦးသန်းမြတို့လင်မယားနှင့် ဦးပန်းအောင်တို့ကို မှာလိုက်သည်။

မှော်ဆရာငနီ မှာလိုက်သလို ဆန်မန်းပေါက်ပေါက်တွေကို ကြဲကြသော ညမှာတော့ လူမည်းသုံးယောက်က ဦးသန်းမြတို့ခြံထဲက ထွက်မပြေး ကြသည့်အပြင် ဦးသန်းမြတို့အိမ်ကို ခဲတွေနှင့် ဝိုင်းပေါက် ကြရာ ဦးသန်းမြ တို့မိသားစုနှင့် ဦးပန်းအောင် အပါအဝင် လာစောင့်ပေးကြသော ဆွေမျိုး လူကြီးနှစ်ယောက်တို့ပါ ညကြီးမင်းကြီးတွင် ခြံထဲက ထွက်ပြေး ကြရသော အခြေအနေသို့ ရောက်သွားလေသည်။ တစ်ရွာလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



အုတ်အော် သောင်းတင်း ဖြစ်ကုန်ကြ၏။

ယခင်က သူတို့ခြံထဲ၌ လူမည်းကြီးသုံးယောက် ရောက်နေသည်ကို လူသိမှာစိုး၍ တိုးတိုးတိတ်တိတ် လုပ်မိကြရာမှ ယခုအခါတော့ လူမည်းသုံးယောက် အကြောင်းကို တစ်ရွာလုံး သိကုန်ကြသည်။ ထိုအခါ ရွာသူရွာသားတွေမှာလည်း ရပ်ရွာတွင် အလှူအတန်း၌ ရှေ့တန်းက ပါနေကြသော ဦးသန်းမြတို့မိသားစုကိစ္စကို ကူညီနိုင်ရန် ဗေဒင်မေး၊ နတ်မေး၊ မှော်ဆရာနှင့် အလုပ်များကုန်ကြတော့သည်။ သို့နှင့် တစ်လလောက်အတွင်းမှာ မှော်ဆရာ၊ နတ်ဆရာ သုံးလေးဦးသာ ပြောင်းသွားသည်။ ဦးသန်းမြတို့ ခြံက လူမည်းကြီးသုံးယောက်ကား ထွက်မပြေးကြသေး။

ရွာမှ မကြောက်ရွံ့တတ်သူ ကာလသားများ၊ လူကြီးလူငယ်များသည် ဦးသန်းမြတို့ခြံထဲ စောင့်အိပ်ရန် သွားကြရာ ခြံထဲဝင်သည်နှင့် နေဝင်ဖျိုးဖျမှာပင် ခဲနှင့်ပေါက်၊ သဲနှင့်ပက် ခံကြရသဖြင့် နောက်တော့ နေညိုသည်နှင့် ဦးသန်းမြတို့ခြံဘက် မည်သူမျှ မသွားရဲလောက်အောင် ဖြစ်ကုန်ကြသည်။ ခြံထဲဝင်သွားသည်နှင့် ဝင်လာသူ၏ ခြေရင်းသို့ ခဲများကျလာသည်။ သဲအဆုပ်အဆုပ် ဖြန့်ကျလာသည်။ တစ်စုံတစ်ဦးကိုမှ ထိခိုက်မှု မရှိသော်လည်း နောက်တော့ မည်သူ တစ်ဦးတစ်ယောက်မျှ ဦးသန်းမြတို့ခြံဘက် ခြေဦးပင် မလှည့်ဝံ့အောင် ဖြစ်ကုန်ကြတော့သည်။

သည်လိုနှင့် ဆရာစုံစမ်းရင်း နောက်ဆုံးမှာ ကျွန်ုပ်တို့ ရွာဘုန်းကြီးကျောင်းအောက်ရှိ သူတော်ငတေဆီသို့ ဦးသန်းမြနှင့် သူ့တူတို့ ရောက်လာကြခြင်း ဖြစ်လေသည်။

ပင်လယ်သားကြီးဦးသန်းမြက သူ့အဖြစ်သနစ်ကို ပြောပြသောအခါ သူတော်ငတေက. . .

"ဟုတ်ပြီ၊ ခင်ဗျားက ပင်လယ်နားနေတယ်ဆိုတော့ ကျုပ် တစ်ခုမေးမယ်"ဟု ဆို၏။

"ဟုတ်ကဲ့၊ မေးပါ ဦးသူတော်"

"ခင်ဗျား ပင်လယ်နားက ရေမျောကမ်းတင် ပစ္စည်းတစ်ခုခုများ ယူလာတာ၊ ယူထားတာရှိလား"

"ဘယ်လို ရေမျောကမ်းတင်ပစ္စည်းဆိုတာ ကျွန်တော် သဘော



www.burmeseclassic.com

www.burmeseclassic.com



မပေါက်. . .”

“အိုဗျာ၊ ပင်လယ်နားနေပြီး ခင်ဗျား ရေမျောကမ်းတင်ပစ္စည်းဆိုတာတောင် သဘောမပေါက်ဘူးလား။ ပင်လယ်လှိုင်းပုတ်ပြီး ကမ်းပါးလာတင်နေတဲ့ ဥပမာ. . . ပျဉ်ချပ်တို့ တိုင်တို့ နောက်ဆုံး ခင်ဗျား ထင်းဆိုက်ဖို့ သစ်တိုသစ်စ သစ်ပင်တို့ ဘာညာတို့ပေါ့ဗျာ။ ပင်လယ်နားက ယူလာပြီး ခင်ဗျား ခြံထဲယူထားတာများ ရှိသလားလို့ ကျုပ်မေးတာ”

“ဟာ. . . ရှိပါတယ် ဦးသူတော်။ ရှိဆို ဒီလိုဗျ။ တစ်နေ့ ပင်လယ်ကမ်းခြေက ဖြတ်လာရင်း စက်လှေရွက်တိုင်ကျိုးလိုလို၊ ပေါင်တန်းလိုလို တိုင်ကျိုးတစ်ခုကို တွေ့တာနဲ့ ကျွန်တော်ကလည်း ခြံထောင့်တစ်နေရာမှာ ခြံတိုင်တစ်လုံး ကျိုးနေတာ သတိရလို့ အဲဒီတိုင်ပိုင်းကျိုးကို ကောက်ထမ်းလာပြီး ခြံထောင့်မှာ ကျိုးနေတဲ့တိုင်နဲ့ လဲစိုက်ထားမိပါတယ်”

“အေး. . . အဲဒါနေမှာပေါ့ဗျာ။ အမှန်က သဘော်ပျက်လို့ ရမိရရာတွယ်ကပ်ပြီး နေနေကြရတဲ့ လူမည်းကြီးသုံးယောက်ဟာ ခု ခင်ဗျားက ခြံထဲခေါ်လာတော့. . .”

“ကျွန်. . . ကျွန်တော် မခေါ်လာရပါဘူး ဦးသူတော်ရယ်။ ဘုရားပေးပေး၊ ကျမ်းပေးပေးပါ”

သူတော်ငတေ၏ စကားကို ဦးသန်းမြက အထိတ်တလန့်နှင့် ပြန်ပြော၏။

“သူတို့နေနေကြတဲ့တိုင်ကို ခင်ဗျားကောက်ထမ်းလာတော့ ခေါ်လာသလိုပေါ့ဗျာ။ အဲဒီတော့ ပင်လယ်ထဲ ကျဉ်းကျဉ်းကျပ်ကျပ် နေနေခဲ့ကြရတဲ့ လူမည်းကြီးသုံးယောက်က ခင်ဗျားရဲ့ ကျယ်ကျယ်ဝန်းဝန်း ခြံထဲရောက်လာတော့ ပျော်ပြီးဆော့ပြေးနေကြတာ ဖြစ်မှာပေါ့။ အမှန်က သူတို့ကို ခင်ဗျားခြံထဲ အစောင့်သဘောမျိုးတောင် ထားဖို့ကောင်းတာ။ ခုကတော့ ဆန်မန်းပေါက်ပေါက်တွေကြဲ ဘာတွေကြဲလုပ်ပြီး ခင်ဗျားက သူတို့ကို နှင်ထုတ်တော့ သူတို့ကလည်း သောင်းကျန်းကြတော့တာပေါ့။ သူတို့ကို နေ့တိုင်း မေတ္တာပို့ပြီး ခြံစောင့်ထားလိုက်ပေါ့ဗျာ။ ပိုမကောင်းဘူးလား”

“ဟာ. . . မဖြစ်နိုင်တာဗျာ။ သူတို့ရှိနေရင် ကျွန်တော်တို့ ဘယ်လိုလုပ်စားဖြစ်တော့မလဲဗျ။ ခုဆို ခြံထဲဝင်တာနဲ့ ခဲနဲ့ပေါက်၊ သဲနဲ့ပက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေ ကြတော့ ကျွန်တော်တို့ မိသားစုတောင် ကိုယ့်အိမ်၊ ကိုယ့်ခြံထဲ မဝင်ရဲ၊ မနေရဲ ဖြစ်နေကြတာ”

“အဲဒီတော့ ခင်ဗျားက ဘယ်လိုဖြစ်စေချင်လဲ”

“ဒီ လူမည်းကြီးသုံးယောက်ကို ခြံထဲက နှင်ထုတ်လိုက်မှ ဖြစ်တော့မပေ့ါဗျာ”

“ဒါဆိုလည်း လွယ်လွယ်လေးပါ။ ကျုပ်ပြောမယ်”

“ဟုတ်ကဲ့ပါ ဦးသူတော်၊ အမိန့်ရှိပေးပါ။ ဦးသူတော် လိုက်ကြည့်မယ်ဆိုလည်း လိုက်ကြည့်ပေးဖို့ ကျွန်တော် တောင်းပန်. . . ”

“ကျုပ် လိုက်ကြည့်စရာ မလိုပါဘူးဗျာ။ ခင်ဗျား ပင်လယ်နားက ယူလာတဲ့ အဲဒီတိုင်ကျိုးကို ခင်ဗျားယူလာတဲ့နေရာမှာ ပြန်ထားပေးလိုက်ပါ။ သူတို့ဘာသာသူတို့ လွတ်လွတ်လပ်လပ် သွားချင်ရာသွား၊ မျောချင်ရာ မျောကြပါစေပေ့ါဗျာ။ သဗ္ဗေသတ္တာ ကမ္မသကာပေ့ါနော်”

သူတော်ငတေ ပြောလိုက်သည့်အတိုင်း ဦးသန်းမြသည် သူ့ခြံထောင့်ရှိ ရေမျောကမ်းတင် တိုင်ကျိုးကို ပြန်နုတ်ပြီး သူ မူလရရှိခဲ့သော ပင်လယ်ကမ်းစပ်နား သွားထားလေသည်။ ထိုနေ့ကစ၍ သူ့ခြံထဲ သုံးလနီးပါး ပြေးလွှားသောင်းကျန်းနေကြသော လူမည်းကြီးသုံးယောက်လည်း ပျောက်သွားလေသည်။

၆ ၆ ၆

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

# သူတော်ငတေ၏ တံပူပျံ

ကျွန်ုပ်တို့ တိုက်နယ်တွင် ရွာပေါင်း ဆယ်ရွာ ရှိသည်။ ကထိန်ရာသီဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်းလသို့ရောက်လျှင် တိုက်နယ်ရှိ ရွာပေါင်းဆယ်ရွာမှ ဘုန်းတော်ကြီးကျောင်း ဆယ်ကျောင်းကို တစ်နှစ်တစ်ကျောင်း အလှည့်ချ၍ ကထိန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

အလှည့်ကျသော ရွာကို ကျန်ရွာများမှ တန်ဆောင်မုန်းလပြည့်နေ့ နေ့ဆွမ်း တစ်အိမ်ထောင် တစ်အုပ်ကျ နှစ်စဉ် ပို့ကြရသည်။ ထို့အပြင် သင်္ကန်း၊ သပိတ်၊ ထီး၊ ဖိနပ်မှ စ၍ ငွေသားပဒေသာပင်တစ်ပင်ကိုလည်း ရွာတိုင်း အကအခုန် အတီးအမှုတ်တွေနှင့် သွားပို့ကြရသော ဂါမစည်းကမ်း အစဉ်အလာ ရှိသည်။

တိုက်နယ်အတွင်းရှိ ရွာများမှ ဆွမ်းအုပ်၊ ပဒေသာပင် လာပို့ကြသူများသည် ကထိန်ပွဲတော်ကြီး၌ မနက်ပိုင်း ကာလသားများ၏ ဒိုးပတ်ပြိုင်ပွဲ၊ နေ့လယ် လက်ဝှေ့ပွဲ၊ ည၌ အငြိမ့်ပွဲကြည့်ပြီးမှ မိမိရွာသို့ ပြန်ကြတော့မည်ဖြစ်ရာ ကထိန်ပွဲတော်ကြီး၊ ဆွမ်းတော်ကြီးလောင်းပွဲကြီး၊ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကြီးမှာ ကြက်ပျံမကျ စည်ကားလှလေသည်။

ယခုနှစ်တွင် ကျွန်ုပ်တို့ရွာ၌ ကထိန်ပွဲတော်ကြီး အလှည့်ကျပေရာ ရွာသူရွာသားတွေမှာ သီတင်းမကျွတ်မီကပင် မိမိရွာ၌ ကထိန်ပွဲတော်ကြီး အလှည့်ကျလုပ်ရမည်ကို ဂုဏ်ယူမဆုံး၊ ပြောဆိုတိုင်ပင်မဆုံး ဖြစ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွာသူကြီးနှင့် အရပ်လူကြီးတွေမှာ သီတင်းကျွတ်လ မရောက်မီကပင် လှုပ်လှုပ်ရှားရှား တိုင်ပင်ညှိနှိုင်း ဆွေးနွေးပွဲများကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီး တက်တက်ကြွကြွ ရှိနေကြလေသည်။

ရွာကြီးကလည်း ရွာကြီးအလိုက်၊ ရွာငယ်ကလည်း ရွာငယ်အလိုက် အပြိုင်အဆိုင်များလည်း ရှိကြလေရာ ယခုနှစ် ကျွန်ုပ်တို့ရွာတွင် အလှည့်ကျသော ကထိန်ပွဲတော်ကြီးမှာ ကာလသားတို့၏ ဒိုးပတ်ဝိုင်းဆိုလျှင်လည်း တခြား ရွာထက်မသာတောင် တန်းတူရည်တူ လိုက်နိုင်ရန် တော်သလင်းလလောက်ကပင် ကာလသားများက ဒိုးပတ်အတီးအမှုတ် လေ့ကျင့်ကြရသလို ရွာတွင် လက်စလက်နရှိသော လက်ဖွဲ့သမားလူငယ်များကလည်း မြေခံရေခံကောင်းသော မိမိတို့ရွာပွဲတွင် ရွှေမောင်း၊ ငွေမောင်းတို့ ရယူပိုင်ဆိုင်ရန် နေ့စဉ်နေ့တိုင်း အစမ်းလေ့ကျင့်လျက် ရှိနေကြလေသည်။

သည်လိုနှင့် တန်ဆောင်မုန်းလပြည့်နေ့ ကထိန်ပွဲတော်ကြီးရက်ကို ရောက်လာလေသည်။ တိုက်နယ်တစ်ခုလုံးရှိ ရွာဆယ်ရွာမှ ကျောင်းထိုင်ဆရာတော်ကြီးများ၊ ပင့်သံဃာများမှာလည်း ကျွန်ုပ်တို့ကျောင်းသို့ ကြွလာကြသည်။ ရပ်ဝေးမှ ဆရာတော်ကြီးများက တန်ဆောင်မုန်းလဆန်း (၁၄) ရက်နေ့ ညကပင် ကြွလာကြသလို တိုက်နယ်အတွင်းရှိ ရွာနီးနား၊ ကျောင်းနီးနား ဆရာတော်များကမူ သူတို့ရွာ ဒကာ၊ ဒကာမများနှင့်အတူ တန်ဆောင်မုန်းလပြည့်နေ့ မနက်ကျမှ ကြွလာကြ၏။

သည်လိုနှင့် တစ်ရွာပြီးတစ်ရွာ ကျွန်ုပ်တို့ရွာသို့ ဧည့်ပရိသတ်များ ရောက်လာကြရာ ဆွမ်းပို့ပြီး၊ ပဒေသာပင်လှည့်ပြီးသော ရွာများမှ ဧည့်ပရိသတ်များသည် ကျောင်းရှေ့ရှိ မဏ္ဍပ်ထဲ၌ ကိုယ့်ရွာနှင့်ကိုယ်၊ ကိုယ့်အစုနှင့်ကိုယ် တစ်ရွာပြီးတစ်ရွာ၊ တစ်စုပြီးတစ်စု နေရာယူကြရသည်။ ထိုအထဲတွင် အရင်ရောက်နှင့်နေကြသော ရွာမှ ကာလသားဒိုးပတ်ဝိုင်းများကလည်း ဒိုးသံတညံညံ၊ သံချပ်သံတညံညံနှင့် မဏ္ဍပ်ကြီးထဲတွင် တီးမှုတ် ကခုန်ကာ ဟန်ရေးပြလျက် ရှိကြသည်။

မနက်ပိုင်း ပျော်ပွဲရွှင်ပွဲဖြစ်သော ကာလသားတို့၏ ဒိုးပတ်ဝိုင်းမှာ ကာလသမီးများကလည်း အရေးအထားဆုံး၊ အလေးအပေးဆုံး ဝိုင်း ဖြစ်သည်။ ဒိုးပတ်ဝိုင်း၌ မိမိတို့၏ ကြိုက်သူ၊ ချစ်သူများ ပါလာကြသလို

www.burmeseclassic.com

www.burmeseclassic.com



မချစ်မကြိုက်ကြရသေးသော်လည်း ဤပွဲတွင် သူတို့၏ အလှအပကိုပြကာ ချစ်သူကြိုက်သူများကိုလည်း ရွေးနိုင်ကြသော ပွဲဖြစ်သဖြင့် ကာလသမီးများ၏ မျက်လုံးအစုံမှာ လျှပ်စစ်တပြက်ပြက် လက်နေကြသည်။ မိုးချုန်းသံတမျှ မြည်ဟည်းနေသော ဒိုးပတ်သံများနှင့်အတူ ကာလသမီးတို့၏ လျှပ်စီးမျက်လုံးများကလည်း မဏ္ဍပ်ကြီးထဲတွင် တဖျတ်ဖျတ် ရှိနေကြသည်။

ဒိုးတီးကောင်း၊ အကကောင်း ကာလသားများကလည်း သူတို့၏ ချစ်သူများကို အစွမ်းပြ ကပြနေကြရာ ချစ်သူမရှိသူများမှာလည်း တစ်ထောင့်ထောင့် တစ်နေရာရာတွင် မျက်လုံးချင်း၊ အကြည့်ချင်း၊ အပြုံးချင်း ထိမိ၊ တွေ့မိ၊ ဆုံမိမည့် ကာလသမီးပျိုများနား သွား၍ ကခုန်ပြုံးပြ၊ ပြောင်ပြ၊ လျှာထုတ်ပြ၊ မျက်စိမှိတ်ပြလျက် ချစ်သူအသစ်ကို ရှာဖွေလျက်ရှိနေကြသည်။

လူငယ်လူရွယ် ကာလသား ကာလသမီးများက ထိုသို့ ကိုယ့်ကိစ္စကိုယ် ဆောင်ရွက်နေကြချိန်တွင် လူကြီးများ၊ အထူးသဖြင့် သမီးရှင်၊ သားရှင်များကလည်း ဤပွဲတွင် သူ့သား၊ သူ့သမီးများ မည်သူမည်ဝါ သားသမီးများနှင့် ငြိမိ၊ တွေ့မိလာကြသည်ကို နားစွင့်ကြရသလို ဤနှစ်တွင် မည်သည့်ရွာက မည်သူ၊ မည်သူ့သမီး အလှဆုံးသရဖူကို ဆွတ်ယူသွားကြောင်း ကာလသားတို့၏ ပါးစပ်မောင်းခတ်သံကိုလည်း နားစွင့်လျက်ရှိနေကြသည်။

သည်လိုနှင့် ဘုန်းကြီးကျောင်းဝင်းကျယ်ကြီးရှိ မဏ္ဍပ်ကြီးရှေ့တွင် ကာလသားများ ဒိုးပတ်အစွမ်းပြကြရင်း မင်းရွာကာလသား မောင်ရွှေဖိုးဦးနှင့် ကျွန်းပိတ်ရွာက ကာလသား မောင်အောင်ကျော်ထွန်း၊ အောင်ကျော်ချမ်းတို့ ညီအစ်ကို ရန်ဖြစ်ကြရာ ဒိုးပတ်ပွဲမှာ ချက်ချင်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

ဖြစ်ကြရသည့် အကြောင်းရင်းမှာ မင်းရွာကာလသား မောင်ရွှေဖိုးဦးသည် ဒိုးတီးကခုန်ကာ ဟန်ရေးပြပြီး ရွာခံ မောင်အောင်ကျော်ထွန်းတို့၏နှမ အောင်မေဖြူကို ထိကပါးရိကပါး အကြိမ်များစွာ လှည့်ပတ်ကခုန်ပြီး စရာ၊ နောက်ရာမှ စဖြစ်ကြသည်။ ရွာခံကာလသား ဒိုးပတ်ဝိုင်းထဲတွင် ဝါးလက်ခုပ်တီးသော အောင်ကျော်ထွန်းနှင့် လင်းကွင်းတီးသော အောင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ချမ်းတို့ကလည်း မြင်ကြသည်။ သို့သော် ရွာခံဖြစ်နေသဖြင့် သူ့နှမကို သူတို့ရှေ့တွင် အမူအရာအမျိုးမျိုးနှင့် ဣန္ဒြေပျက်လောက်အောင် သွားစနေသည်ကို မြင်သော်လည်း စောစောက သည်းခံနေကြသည်။

မင်းရွာမှာ ရွာကြီးဖြစ်ပြီး ကာလသားအုပ်ကလည်း တောင့်သည့်အပြင် စက်ချုပ်၊ ပန်းပဲ၊ ပန်းထိမ်၊ ဈေးဆိုင်ကန္တားနှင့် ဆေးမှော်၊ စုန်းကဝေထိ ရှိသော ရွာဖြစ်သဖြင့် ပတ်ဝန်းကျင်ရှိ ရွာများအားလုံးမှာ မင်းရွာကို မသွားဘဲ၊ မလာဘဲ ကြဉ်ရှောင်ထား၍ မရကြ။ သစ်သားမီးခြစ်လေးတစ်လုံး၊ ဖယောင်းတိုင်လေးတစ်တိုင်က အစ အလိုရှိလျှင် မင်းရွာ၌သာ သွား၍ဝယ်ကြရသည်။ မင်းရွာမှာ အဘက်ဘက်၌ အစဉ်အလာ နာမည်ကြီးသည်။ ပညာသည်တွေ စုံသည်။ လူချမ်းသာပေါသည်။ ဘုန်းတော်ကြီးက အစ မင်းရွာဆရာတော်ဆိုလျှင် စာတတ်ပေတတ် လောကီ၊ လောကုတ္တရာစုံမှ၊ တတ်မှ မင်းရွာကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံး၍ရသည်။ သို့မဟုတ်လျှင် မင်းရွာသားတွေ စာမေးတာနှင့် ပညာပြတာနှင့် မကြာမီ ဘုန်းကြီးမှာ ပြောင်းပြေးရသည်က များလေသည်။

ဤသည်တို့ကြောင့်လည်း မင်းရွာမှာ ကျောင်းသား၊ ကာလသား၊ လူကြီး၊ လူငယ်မကျန် ပွဲတစ်ပွဲပွဲဖြစ်တိုင်း အစအန တစ်ခုခုတော့ ပေါ်တတ်ကြသည်။ ယခုလည်း ကျွန်ုပ်တို့ ရွာသူ၊ ရွာ၌ ကွမ်းတောင် ပန်းတောင်ကိုင် အောင်မေဖြူကို မင်းရွာကာလသား မောင်ရွှေဇံဦး စရာက အောင်မေဖြူ၏ အစ်ကိုနှစ်ယောက်နှင့် စပြီကြသည်။

အောင်မေဖြူ၏ အစ်ကိုနှစ်ယောက်မှာ ဆင်းဆင်းရဲရဲ သားသမီးတွေထဲကလည်း မဟုတ်ကြ၊ လူချမ်းသာ ကြေးရတတ်စာရင်းထဲ မပါသော်လည်း ရွာတွင် လယ်ပိုင်ယာပိုင်နှင့် လူလတ်တန်းစား ဖြစ်သည်။ မောင်ရွှေဇံဦး၏ မိဘများမှာတော့ မင်းရွာ၏ လူချမ်းသာစာရင်းထဲ ပါသူ ဖြစ်သည်။ ပြီး. . . သားကလည်း တစ်ယောက်တည်းသောသားမို့ ငယ်စဉ်ကပင် မိဘဘိုးဘွားများက အလိုလိုက်ထားသူဖြစ်ရာ ပွဲတိုင်းလိုလိုမှာ သတ်ကြပုတ်ကြ အဆင့်မရောက်သော်လည်း အစအနထွက်တတ်သူ ကာလသားတစ်ယောက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာခံဖြစ်သော အောင်ကျော်ထွန်းတို့ညီအစ်ကိုက သည်းခံနေခဲ့ကြရသည်မှာ ရပ်ဓလေ့၊ ရွာဓလေ့ အပျိုကို လူပျိုက စပိုင်ခွင့်ရှိသလို အောင်ကျော်ထွန်း၏ ချစ်သူမှာလည်း မင်းရွာက ကာလသမီးအုပ်ထဲတွင် ပါနေသဖြင့် မင်းရွာတွင် အသွားအလာ မလုပ်ဘဲနေ၍ ရသူ မဟုတ်။ ထို့ကြောင့် အကြောင်းကြောင်းကို ထောက်ကာ သူ့နှမအား ထိကပါး ရိကပါး စရုံတင် စနေသော ရွှေဇံဦးကို မသိလိုက်မသိဘာသာ နေနေကြသေးသည်။ ရပ်ဓလေ့ ရွာဓလေ့အရလည်း တချို့ အနောက်သန်၊ အပြောင်သန်တတ်ကြသော ကာလသားများမှာ ဤလိုပွဲမျိုး၌ ဒိုးတီးကခုန်ရင်း မိမိက မကြိုက်ဘဲ မိန်းကလေးက တစ်ဖက်သတ် ကြိုက်နေမှန်းသိလျှင် ဒိုးတီးက ခုန်ရင်း မိန်းကလေး ထိုင်ငေး၊ ထိုင်ကြည့်နေရာသို့ ဟန်နှင့်ပန်နှင့် သွားကာ မိန်းကလေးမျက်နှာနား လေလည်ထားခဲ့ကြသည် အထိပင် နောက်နိုင်သော ပွဲတော် ဖြစ်သည်။

သို့သော် ယခုမူ ရွှေဇံဦးသည် အောင်မေဖြူအား ဤသို့ ပညာသားပါပါ ချစ်ကြောင်းကြိုက်ကြောင်း စရာမရောက်ဘဲ ရုပ်ပျက်ဆင်းပျက် ကန္တြေမရ အောင်မေဖြူနားချည်း သွားသွားပြီး ဒိုးတီးပျက်၊ စည်းပျက် ဖြစ်လာသောအခါ အောင်မေဖြူမှာ အစ်ကိုနှစ်ယောက်ရှေ့ ဖြစ်နေသဖြင့် မျက်နှာပျက်ပြီး ထပြန်ရတော့မည့် အခြေအနေတွင် ရွှေဇံဦးနှင့် သူ့အစ်ကိုနှစ်ယောက်တို့ စဖြစ်ကြသည်။

မင်းရွာကာလသားများကလည်း ရွှေဇံဦးဘက်က ဝင်ပြောငြင်းခုံလာကြသလို ရွာခံကို လာစော်ကားသည်ဟု ကျွန်းပ်တို့ရွာ ကာလသားများကလည်း ပါလာကြရာ အောင်မေဖြူ၏အစ်ကို ဝါးလက်ခုပ်တီးသူ အောင်ကျော်ထွန်းက ရွှေဇံဦးကို ဝါးလက်ခုပ်နှင့် ရိုက်တော့သည်။ သည်လိုနှင့် ဟိုဘက်သည်ဘက် ဆွဲကြ၊ လွဲကြ၊ ဝင်ပါကြနှင့် ကထိန်ပွဲမဏ္ဍပ်တွင်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ ထပြေးသူများ ပြေးကြသလို ဖျန်ဖြေသူ၊ ဆွဲသူ၊ တားသူ၊ ပါဝင်သူများနှင့် အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြတော့သည်။

ထိုအခါ ကျွန်ုပ်တို့ကျောင်းအောက်၌နေသော သူတော်ငတေ ကမန်းကတန်း ပြေးထွက်လာလေ၏။ သူတော်ငတေ၏ လက်ထဲတွင် သူ နေ့စဉ် သွားတိုက်၊ သွားကြားထိုး၊ လျှာချေးခြစ်လုပ်ထားသော တမာသား

www.burmeseclassic.com

www.burmeseclassic.com



တံပူ သုံးလေးချောင်း ပါလာသည်။ ဤတမာသား၊ တမာခက် တံပူများမှာ "တမာတစ်ခက်၊ သွားတစ်သက်"ဟူသော ရှေးစာဆိုများနှင့်အညီ သူတော်ငတေ၏ နေ့စဉ် သွားတိုက်၊ လျှာခြစ်၊ သွားကြားထိုးတံလုပ်သော တံပူများ ဖြစ်သည်။ တစ်ဖက်တွင် သွားတိုက်ရန် ထုထားသလို ကျန်တစ်ဖက်ကိုမူ သွားကြားထိုးရန် ချွန်ထား၏။ အလယ်သားကိုမူ လျှာချေးခြစ်ရန် နှီးပြားလို ခပ်ပါးပါးအရွယ် သတ်ထားသော တံပူများပင်။

မဏ္ဍပ်ထဲဝင်လာသော သူတော်ငတေက. . .

"ဘာဖြစ်ကြတာလဲ"

ဟု ဟိုဟိုသည်သည် ကြည့်၍မေး၏။ ရွာသားတစ်ဦးက လက်ရှိ ဆွဲလား၊ တားလား၊ ထိုးလား၊ ကြိတ်လား ဖြစ်နေကြသည်ကို. . .

"ဦးသူတော်မြင်တဲ့ အတိုင်းပဲ"

ဟု ပြောလိုက်စဉ် သူတော်ငတေသည် သူ့လက်ထဲပါလာသော တံပူသုံးလေးချောင်းကို ရန်ဖြစ်နေကြသော ကာလသားများဆီ ပစ်ပေါက်လိုက်သည်။ ပါးစပ်ကလည်း "မိမဆုံးမ ဖမဆုံးမတွေ၊ သူများတွေက တစ်နှစ်မှာတစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ တစ်ကျောင်းပဲ လှူရတန်းရတဲ့ ကထိန်အလှူပွဲတော်ကြီးမှာ ရန်လာဖြစ်ရတယ်လို့။ ခွေး တိရစ္ဆာန်တွေ"

ဟု ရေရွတ်ဆဲဆိုနေသည်။

ထိုအချိန်မှာ ရန်ဖြစ်နေကြသော ရွှေဖုံဦးအပါအဝင် မင်းရွာကာလသားများကို သူတော်ငတေပစ်လိုက်သော တံပူသုံးလေးချောင်းက ပျားပိတုန်းများ တုပ်သလို လိုက်တုပ်၊ လိုက်ထိုးနေကြရာ ရန်ဖြစ်နေကြသူ ကာလသားများမှာ အချင်းချင်း ရန်ဆက်ဖြစ်ကြရန် သတိမရနိုင်ကြတော့ဘဲ အောင်မယ်လေး၊ အဘလေး ခေါ်ကာ မဏ္ဍပ်ထဲမှ ချက်ချင်း ထွက်ပြေးကြရတော့သည်။

သူတော်ငတေ ပစ်လွှတ်လိုက်သော တံပူပုံများသည် မဏ္ဍပ်ထဲမှ ထွက်ပြေးကြသော ကာလသား ရန်ဖြစ်ကြသူများကို ကျောင်းတပ်ဝထိ လိုက်ထိုး၊ လိုက်တုပ်ကြရာ မင်းရွာကာလသား ရွှေဖုံဦးနှင့် အပေါင်းပါတို့မှာ ကျောင်းဝင်းထဲ၌ပင် ခြေမတန့်ဝံ့ခဲ့ကြဘဲ မင်းရွာအရောက် ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားကြလေသည်။

*(**စာကြွင်း**။ ထိုအမှုကိစ္စတွင် ကထိန်ပွဲပြီးသော နောက်တစ်နေ့ ညနေ၌ မင်းရွာဆရာတော်ကြီးနှင့် မင်းရွာသူကြီး အပါအဝင် ဆရာတော်များ၊ သူကြီးများ၊ ရွာလူကြီးများ၏ စုံညီဆုံးဖြတ်ချက်အရ မင်းရွာကာလသား ရွှေဖိုးဦးနှင့် ဝါးလက်ခုပ်နှင့် ခေါင်းကွဲအောင် စတင်ရိုက်နှက်သူ ကျွန်းပိတ်တို့ ရွာကာလသား အောင်ကျော်ထွန်းတို့နှစ်ယောက်သည် ကျွန်းပိတ်တို့ရွာ ကျောင်းနှင့် မိုင်ဝက်ခန့်ဝေးသော ရေကန်မှ ရေအလုံးငါးဆယ်ကို ကျွန်းပိတ်တို့ ကျောင်းသို့ ခပ်ပို့ကြရသည်။ ထိုနေ့၌ ကျွန်းပိတ်တို့မှာ ရေခပ်ရ သက်သာသွားသလို ကန်ကိုသွားပြီး ရေချိုးရန် မလိုဘဲ ကိုရင်သာပြည့်တို့ကအစ ဦးပဥ္စင်း၊ ကိုရင်များပါ သက်သောင့်သက်သာ ရေချိုးကြရသဖြင့် မကြာမီ လာလတ္တံ့သော တပို့တွဲ ထမင်းနဲပွဲ၌လည်း ထမင်းနဲထိုးရင်း ကာလသားများ ရန်ဖြစ်ကြပါစေဟု ဆုတောင်းနေကြသည်။*

*သို့သော် နောက်ထပ် ဘယ်ရွာ ဘယ်ပွဲမှာမှ ကာလသားများကား ရန်မဖြစ်ရဲကြတော့ပေ။ လူကြီးများကလည်း ပွဲမဝင်မီ တစ်ရက်၊ နှစ်ရက် အလိုကပင် သူတော်ငတေဆီက တံပူပျံများကို သွားရောက်တောင်းယူ ထားကြပြီးဖြစ်ကြောင်း ရွာဆော်ကြီးဦးရွှေပြား ရွာဆော်မောင်းခတ်ရာ၌ပင် ထည့်သွင်းကြေညာထားသဖြင့် ဖြစ်လေသည်။)*

ၐ ၐ ၐ

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှိန်းဆာယာပိုမောက် ချီပေါက်တဲ့ငတေ

တစ်နေ့ ညကိုးနာရီကျော် ဆယ်နာရီခန့်တွင် သူတော်ငတေသည် ငထီးအား လာခေါ်သည်။ သူတော်ငတေသည် ငထီးအား သူ့ဖိုရုံခန်းထဲ ခေါ်သွား၏။

"ငထီး၊ ဘဘ မရှိတုန်း ငါ့တပည့် ဘဘနေရာမှာ စောင့်အိပ်ပေး ရမယ်နော်။ မင်းတို့သုံးယောက်ကလွဲပြီး ဘဘ မရှိတုန်း အခန်းထဲကို ဘယ်သူမှ မဝင်စေနဲ့။ ဘဘညောင်စောင်းမှာလည်း မင်းကလွဲပြီး ဘယ် သူမှ တက်မအိပ်ရဘူးနော်"

"မှန်ပါ ဘဘ၊ စိတ်ချပါ"

"အေး. . . ငါ ပြန်မလာမချင်းနော်"

"ဟုတ်ကဲ့ပါ ဘဘ"

"အေး. . ကောင်းပြီ၊ ငါ့တပည့် မင်းမကြောက်တတ်ပါဘူးနော်"

"မကြောက်ပါဘူး ဘဘ"

သူတော်ငတေက သက်မတစ်ချက်ကို ပြင်းပြင်းချလိုက်သည်။

"အဲဒါကြောင့်လည်း မင်းကို ငါ ရွေးခေါ်တာ။ ငါ့တပည့် သုံး ယောက်ထဲမှာ ဟိုကောင် နှစ်ကောင်ကတော့ ဆေးဆရာ၊ မျက်လှည့် ဆရာပဲ လုပ်ချင်ကြတယ်ဆိုတော့ စိတ်မချရဘူး။ နေဆန်းနဲ့ ဒေါင်းသိန်း တို့က တကယ်တမ်းကျတော့ ကြောက်တတ်ကြတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘဘ မင်းတို့နဲ့ မခွဲခွာမီ ဒီအရပ်မှာ လောကီတက္ကသိုလ်ကြီး တစ်ခု တည်ထောင်ချင်သေးတယ်ကွယ်။ အဲဒါ. . . ဘဘ ပါရမီကို ဖြည့်နိုင်မယ့်သူတွေကလည်း မင်းတို့သုံးယောက်ပဲ ဘဘ မြင်တယ်"

"ဟုတ်ကဲ့"

"မင်းက မှော်ဆရာလုပ်ချင်တဲ့ လူဆိုတော့ ကြောက်တတ်လို့ ဘယ် ဖြစ်မလဲနော်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် မကြောက်တတ်ပါဘူး ဘဘ၊ စိတ်ချပါ"

"အေး. . . ငါ့တပည့်ကို ဘဘ စိတ်ချပါတယ်။ ဒီမှာ ဘဘ ပြမယ်။ ဘဘနေရာမှာပဲ ဘဘပြန်မလာမချင်း မင်းအိပ်။ ဘဘရဲ့ ဒီကိုယ်ရံ အဝတ်ထုပ်ကို ဒီမှာ ထားခဲ့မယ်။ တကယ်လို့ ဘဘမရှိတုန်း ညတစ်ညမှာ ဘဘအခန်းထဲကို ဘာကောင်တွေ ဘယ်လို ပုံသဏ္ဌာန်မျိုးနဲ့ ဝင်လာလာ ဒီဘဘအဝတ်ထုပ်နဲ့ ပစ်သာပေါက်လိုက်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ဘုန်းကြီးမေးမေး၊ လူမေးမေး၊ တစ်ရပ်တစ်ကျေးက ဆေးတောင်း ပယောဂပြဖို့လာကြတဲ့ လူတွေကိုလည်း ဘဘ နက္ခတ်နဲ့ယှဉ်ပြီး ဆေးဖော် စရာရှိလို့ တောဝင်သွားတယ်ပြောလိုက်။ ဘယ်လောက်ကြာမလဲ၊ ဘယ်တော့ ပြန်လာမလဲမေးရင် မသိဘူး။ ပြောမထားခဲ့ဘူးပဲပြော။ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ဒါဆို ဘဘမှာတာတွေ အားလုံး မှတ်မိပါတယ်နော်"

"ဟုတ်ကဲ့၊ မှတ်မိပါတယ်ဘဘ"

"ကဲ. . . ဒါဆို ဘဘသွားပြီ"

ထိုသို့ပြောပြီး သူတော်ငတေ သူ့အခန်းထဲက ထွက်သွားလေသည်။

ထိုညသည် တပေါင်းလကွယ်နေ့ည ဖြစ်၏။

သူတော်ငတေ၏ အခန်းကို ငထီး စောင့်အိပ်ပေးနေရသော သုံးရက်မြောက်ညတွင် အိပ်မက်ရှည်ကြီး အထူးအဆန်းတစ်ခုကို မြင်မက်လေသည်။

သူတော်ငတေသည် သူအိပ်နေသောကျောင်းပေါ် ညကြီးမင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တက်လာပြီး သူ့ကို တိတ်တိတ်လာနှိုးသည်။ သူ စိတ်အချရဆုံး ဆေးဆရာကြီးဖြစ်လာမည့် ဒေါင်းသိန်းနှင့် မျက်လှည့်ဆရာကြီး ဖြစ်လာကြမည့် နေဆန်းတို့ကိုပင် အသိမပေးဘဲ သူ့ကို လာခေါ်၏။ သည်လိုနှင့် တောကြီးတစ်ခုထဲ ခေါ်သွားသည်။ မှောင်လိုက်သည်မှာ ပိန်းပိန်းပိတ်နေ၏။ မိမိ၏လက်ညှိုးကို ထောင်၍ ကြည့်မိရာ မိမိလက်ညှိုးပင် မမြင်ရ။ ရှေ့က သွားနေသော သူတော်ငတေကိုလည်း မည်မည်းအရိပ်တစ်ခုပမာသာ မြင်နေရသည်။ ထိုအခါ ငထီး ကြောက်စိတ်ဝင်လာ၏။ ထို့ကြောင့် . . .

"မှောင်လိုက်တာ ဘဘ"

ဟု နှုတ်က ထွက်သွားမိသည်။

"သိပ်မှောင်တယ်လို့ ငါ့တပည့်ထင်သလား"

"ဟုတ်ကဲ့၊ သိပ်မှောင်ပါတယ် ဘဘ"

"ဒီထက် မှောင်တာကောကွယ်၊ ရှိဦးမလား"

"မရှိတော့ဘူးထင်ပါတယ် ဘဘ"

"ဟဲ . . ဟဲ . . ဒီထက် အဆတစ်ရာ၊ အဆတစ်ထောင်၊ အဆတစ်သောင်း၊ အဆတစ်သိန်းမက မှောင်တာရှိသေးတယ် ငါ့တပည့်"

"ဘယ်မှာလဲ ဘဘ"

"ကိလေသာရာဂတို့ရဲ့ အမှောင်ကို ပြောတာကွယ့်။ ကိလေသာဟာ ဘယ်လောက် မှောင်သလဲဆိုရင် 'သန်းခေါင်လကွယ်၊ တောအုပ်လယ်၌ ရှစ်နယ်ပတ်ကုန်း၊ အပြည့်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏' လို့ မန်လည်ဆရာတော်ကြီး ရေးထားခဲ့တာပဲ။ မမှားနိုင်ပါဘူးနော်"

"မှန်ပါ"

"အခု အဘစိတ်ဟာလည်း ကိလေသာအမှောင် ကျနေတယ် ငါ့တပည့်"

သူတော်ငတေ၏ စကားကို ငထီး အံ့ဩသွားသည်။ သူ့စိတ်ကို ဘယ်လို ကိလေသာအမှောင် ကျနေပါလိမ့်။ သူတော်ငတေက အသံတုန်တုန်ယင်ယင်နှင့် ဆက်ပြော၏။

"ကိလေသာဟာ ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



မုဒုလက္ခဏဇာတ်မှာ မိဖုရားရဲ့ကိုယ်ဝတ်လေး မသပ်မရပ်ဖြစ်နေတာကို လှစ်ခနဲ မြင်လိုက်ရုံနဲ့ ဈာန်ရနေတဲ့ ရသေ့တောင် ဈာန်လျှောကျသွားတယ်ဆို မဟုတ်လား။ မိဖုရားကိုမှ မမြင်ရရင် သေတော့မလောက်ဖြစ်နေတာ။ သူ ကျင့်ကြံအားထုတ်ထားတဲ့ ကမ္မဋ္ဌာန်းတရားတွေ ဆိုတာလည်း ဘယ်ဆီ ရောက်ကုန်တယ် မသိဘူးတဲ့။ 'ကိလေသာကျား၊ ခြံကိုလွှားသော်၊ စိတ်နွားလန့်ဖျပ်၊ တန့်မရပ်တည်း'လို့ ဆိုတယ်လေ။ 'ဆင်ပြောင်မုန်အိုင်၊ ချွန်းမနိုင်သို့၊ တိမ်းယိုင်မူးဝေ၊ ကြွေလည်း၊ ပျက်လေချက်ချင်း၊ ခဏချင်းဖြင့်၊ တိမ်းတိမ်းမမှု၊ ကြက်သီးထလျက်၊ ရာဂစုတေ၊ တောတစ္ဆေကို၊ လွှတ်စေဖျန်းဖျန်း၊ ကမ္မဋ္ဌာန်းလည်း' ဘယ်ဆီရောက်ကုန်မှန်းတောင် မသိဘူးတဲ့"

"မှန်ပါ"

"မင်းတို့ ငါတို့လို လူဝတ်ကြောင်တွေကို မပြောနဲ့၊ ရသေ့ ရဟန်းတွေတောင် ကိလေသာရာဂနဲ့ တွေ့လာရင် မရှောင်လွှဲနိုင်ကြဘူး။ ဘုရားလက်ထက်တော် အခါတုန်းက တောနေရဟန်းတစ်ပါးဟာ မျောက်မနဲ့ အပြဟ္မစရိယအကျင့်ကို ကျင့်နေတယ်။ အဲဒါကို မသိတဲ့ နောက်ရဟန်းတစ်ပါးက ငါ့အရှင်တော့ တောထဲသွားပြီး တရားအားထုတ်နေတာကြာပြီ။ ဘယ်လို တရားထူးများ ရနေပါလိမ့်လို့ စုံစမ်းဖို့သွားတော့ တောနေရဟန်းက ဆွမ်းခံကြွနေချိန်ဆိုတော့ ကျောင်းသင်္ခမ်းမှာ မရှိဘူး။ ဒါနဲ့ အာဂန္တုရဟန်းက ကျောင်းနားရောက်သွားတော့ မျောက်မက အာဂန္တုရဟန်းကို ကျောင်းနေ ရဟန်းထင်ပြီး မဖွယ်မရာ အပြုအမူတွေနဲ့ ကြိုဆိုတော့တာကိုး။ ဒါနဲ့ အာဂန္တုရဟန်းကလည်း ဒါ ဘယ်လို သဘောပါလိမ့်ဆိုပြီး ဆွမ်းခံကြွနေတဲ့ ကျောင်းနေရဟန်း အလာကို တစ်နေရာကချောင်းကြည့်နေတယ်တဲ့။ ကျောင်းနေရဟန်းလည်းလာရော နေ့စဉ်ကျောင်းနေရဟန်းနဲ့ မေထုန်အမှုကို ပြုနေတဲ့ မျောက်မက မဖွယ်မရာအပြုအမူတွေနဲ့ ကြိုဆိုပြီး ကျောင်းနေ ရဟန်းနဲ့ မေထုန်မှုကို ပြုကြတယ်တဲ့။ အဲဒါကို အာဂန္တုရဟန်းက ဘုရားရှင်ကို လျှောက်တော့ ဘုရားရှင်က တတိယသိက္ခာပုဒ်ကို ပညတ်တော်မူတယ်။ ကြောင်မ၊ ခွေးမ၊ ကြက်မ၊ မြွေမ စတဲ့ တိရစ္ဆာန်တွေနဲ့တောင် မေထုန်အမှုကို မပြုရဘူးပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာရာဂစိတ်များ သောင်းကျန်းလာ ရင် အင်မတန် ကြောက်စရာကောင်းတယ်။ 'ကိလေသာဟူ၊ မိုက်သွေးဆူက၊ လူသောခွေးသော၊ ကျွန်ကျေးသောဟု၊ သဘောမမြင်၊ မဆင်ခြင်ဘဲ၊ အမြင်မဖြောင့်၊ မျိုးမစောင့်ဘူး'. . . တဲ့"

သူတော်ငတေ ဤနေ့ဤရက်မှ ဤစကားမျိုးတွေကို ဘာကြောင့်ပြောလာပါလိမ့်ဟု ငထီးတွေးလာသည်။ သူတို့ ရွာသူရွာသားတွေမှာလည်း စမ်းချောင်း၊ စမ်းအိုင်များ၌ အဝတ်ဗလာဖြင့် ရေချိုးတတ်ကြသော အလေ့အထရှိလေရာ တောထဲတောင်ထဲ ဆေးမြစ်သွားရှာရင်း သူတော်ငတေသည် ရွာသူတစ်ယောက်ယောက်၏ အဝတ်မဲ့ရေချိုးနေသည်ကို မြင်ခဲ့ရာမှ သူပြောသော ကိလေသာရာဂစိတ်တွေ ဝင်လာနေ၍ ဤစကားတွေကို ဆက်တိုက်ကြီး ပြောနေသလားဟု တွေးမိလိုက်သည်။ သို့သော် သူတော်ငတေ၏ စကားကား မဆုံးနိုင်သေး. . .

"ကိလေသာရာဂနဲ့ ထိတွေ့သွားတဲ့ သုယောနန္ဒီဇာတ် မင်းရွာက ဘုရားပွဲမှာတောင် ပြသွားတာ ငါ့တပည့် မှတ်မိမှာပါ။ မိန်းမမှန်သမျှ သူနဲ့ပဲ ပေါင်းဖော်ရမယ်။ တခြားတစ်ပါး ဘယ်ယောကျ်ားနဲ့မှ မပေါင်းဖော်ရဘူး။ နန်းထဲရှိသမျှ ယောကျ်ားတွေကိုလည်း အကုန်ခုတ်သတ်ပစ်မယ် ဆိုပြီး ဓားနဲ့လိုက်တဲ့ မင်းသားလေ။ သမီးအရင်းခေါက်ခေါက်ရဲ့ ပကတိကိုယ်ကာယကို မြင်ရလို့ ပြစ်မှားဖို့ လိုက်တဲ့မင်းကြီး၊ ဇာတ်နိပါတ်တော်တွေထဲမှာ ကိလေသာရာဂနဲ့ ပတ်သက်တာတွေ၊ မှားကြတာတွေ အများကြီးပါပဲ ငါ့တပည့်"

"မှန်ပါ"

"လူတွေဟာ ကိလေသာကာမကို မစွန့်နိုင်ကြသလို ဝိဇ္ဇာဇော်ဂျီတွေတောင် ကိလေသာကာမကို မစွန့်နိုင်ကြလို့ သူယောင်မယ်လေးတွေနဲ့ ပျော်ပါးကြတယ်ဆိုတာ မင်းတို့ကို ဘဘ အရင်က ပြောပြဖူးပါတယ်။ 'နာဂရဋ္ဌာယိ၊ မဟိရူပာ၊ မြတောင်အသင်၊ ငှက်ပျောပင်နှင့်၊ အဆင်တူမော်၊ နော်နော်ဟတ္တာ၊ ယူဆတွက်ဖွယ်၊ ကိုးဆယ့်ကိုးတောင်၊ အမြင့်ဆောင်သား' လို့ သူယောင်ပင်ကို ချီးပတဲ့လင်္ကာလေ၊ မှတ်မိမှာပါ။ သူယောင်မယ်လေး ဆယ့်နှစ်နှစ်ဝင် ကညာစင်ရဲ့ ကိုယ်ခန္ဓာ အချိုးအဆစ်တွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



အလှ၊ မုဒုလက္ခဏာဆရာကြီးလို 'နှစ်ဆူလဝန်း၊ ဝိဒေကျွန်းမှ၊ ပေါ်ထွန်း သောယောင်၊ သလင်းတောင်ဝယ်၊ အရောင်ပေါင်းစု၊ စောမုဒုတို့၊ စိမ်းလွင် ညိုညို၊ ဝါးပင်ပျိုသို့၊ စီးယိုထွတ်လျှမ်း၊ မြစ်ငယ်ကမ်းကို၊ ဖုံးလွှမ်းသော ယောင်၊ ယှက်မြောင်မွေးညင်း၊ ရှိက်ကာကွင်းသား၊ ဆင်ဦးကင်းထွတ်၊ ပုံတူခပ်သို့၊ ရဟာဿကွ၊ သမန်းချသို့' ဆိုသလို အပေါ်အောက်တော့ သူ ယောင်မယ်လေးတွေရဲ့ အလှကို စုံစုံစေ့စေ့ မပြထားပေမယ့် တစ်ခါ ပျော် ပါးရင် ဝိဇ္ဇာဇော်ဂျီတွေတောင် သုံးလေးလလုံးလုံး အိပ်ပျော်သွားကြ၊ မေ့မြောသွားကြတယ်တဲ့။ ကိလေသာကာမဂုဏ်တို့ရဲ့ စွမ်းအားကြီးမား ပုံကို ရေးသားထားခဲ့ကြတာလေ။ ကြောက်စရာ မကောင်းပေဘူးလား"

"ဟုတ်ကဲ့၊ ကြောက်စရာကောင်းပါတယ် ဘဘ"

"အိမ်း. . . ကြောက်စရာကောင်းတဲ့ အဲဒီ ကာမဂုဏ်အာရုံကို ဝိဇ္ဇာဇော်ဂျီတွေတောင် ရှောင်လွှဲမရနိုင်ဘူး ဆိုတော့ ဘဘတို့ မင်းတို့က ကော ရှောင်လွှဲလို့ ရနိုင်ပါ့မလား"

ငထီးမှာ မှောင်ကြီးမည်းကြီး တောကြီးမျက်မည်း လကွယ်နေ့ည ကြီးထဲ ဤစကားတွေကို သူ့ဆရာ သူတော်ငတေက ပြောလာသောအခါ အကြောက်ကြီးကြောက်လာပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ ဧကန္တ သူတော်ငတေသည် ဆေးမြစ်ရှာရင်း စမ်းချောင်း၊ စမ်းပေါက် တစ် နေရာရာ၌ ရွာသူတစ်ယောက်ယောက် အဝတ်မပါဘဲ ရေချိုးနေသည်ကို မှချမြင်လာရ၍ ရာဂစိတ်ပွင့်နေသော ဤစကားတွေကို ပြောပြီဟု အတပ် ထင်လိုက်သည်။

သို့သော် သူတော်ငတေ၏ စကားကား မရပ်သေး။

"အေး. . . ကာမဂုဏ်အာရုံကို မလွှဲမသွေ ခံစားရတော့မယ့်၊ ရာဂ အမှောင်ထဲ မမျှော်လင့်ဘဲ ကျရောက်သွားကြတဲ့ သမာဓိ၊ သမထလည်း ကျင့်ထားတဲ့ ပုဂ္ဂိုလ်များကတော့ ဝိဇ္ဇာဇော်ဂျီများလို တစ်ဆင့်နိမ့်ကျတဲ့ ဘဝကို အရင်ကူးပြောင်းကြရလိမ့်မယ်။ ဝိဇ္ဇာဇော်ဂျီတွေဟာ သူတို့ဆေး တောင်ဝှေးနဲ့ သူယောင်မယ်လေးကို တို့ထိ အသက်သွင်းပြီး ပျော်ပါးမယ့် အစား အသက်ရှိတဲ့ လူမများထဲက တစ်ဦးတစ်ယောက်နဲ့ ပျော်ပါးမယ် ဆိုရင်တော့ ငါတပည့် ဘယ်လိုဖြစ်သွားမယ်ထင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသိပါ ဘဘ"

"ဝိဇ္ဇာဇော်ဂျီတွေဟာ လူမနဲ့သာ ပျော်ပါးရင် မူလ ဇော်ဂျီဝိဇ္ဇာဘဝကို ပြန်မရနိုင်တော့ဘူး။ အဲဒါကြောင့် တစ်ဆင့်နိမ့်တဲ့ အသက်မဲ့သူယောင်မယ်ကို အသက်သွင်းပြီး ပျော်ပါးရတာ၊ လူတွေမှာတော့ သူရဲ့ကျင့်ကြံအားထုတ်ထားတဲ့ သမထအစွမ်းတွေ မပျောက်ပျက်သွားအောင်ဆိုရင် တစ်ဆင့်နိမ့်ကျတဲ့ တိရစ္ဆာန်ဘဝကို သွားကြရလိမ့်မယ်။ ဒါကိုဝင့်ဝင်တယ်လို့ မြောက်ပိုင်း သမထသမားတွေက ခေါ်ကြတယ်။ ဂမ္ဘီရပညာရဲ့ ရုပ်ပြောင်းရုပ်လွှဲအတတ် တစ်ခုပါပဲ။ တိုင်ကွယ်၊ ဖနောင့်ပေါက်၊ တစ်တွေ့ခုန်၊ နှစ်တွေ့ခုန်၊ ထဘီခြုံ အရိပ်ဖျောက်ပြီး တိရစ္ဆာန်ဘဝရောက်သွားတဲ့ စုန်းကဝေအတတ်ထက်တော့ အများကြီး အဆင့်မြင့်တယ်။ သူက ကုသိုလ်လည်း မဖြစ်ဘူး။ အကုသိုလ်လည်း မဖြစ်ဘူး။ ရာဂဘီလူးကြီးဝင်လာလို့ အခိုက်အတန့် ကာမဂုဏ်အာရုံကို သွားဝင်စားတာ၊ ကာမဂုဏ်စိတ်ပျောက်တာနဲ့ သူ့ မူလဘဝထဲ သူ ပြန်လာနိုင်တယ်။ ထုံဝင်တာတော့ ထုံဝင်တာပဲ။ ဒါပေမယ့် ကိလေသာရာဂစိတ်နဲ့ ဝင်ရတာမို့ နိမ့်ကျတယ်။ သူ့ပင်ကိုရှိတဲ့ အစွမ်းထက် ပိုပြီးဖြစ်လာစရာ မရှိဘူး။ အပြဟ္မစရိယတစ်ခုကိုပဲ ကိလေသာစိတ်နဲ့ ဝင်တဲ့ထုံကိုး။ အဲဒါကြောင့် မဂ်ဖိုလ်ကိုလည်း အနှောင့်အယှက် မပေးနိုင်ဘူးလို့ ဘဘ ပြောရမှာပဲ။ လင်နဲ့သားနဲ့ ကာမသုခလ္လိကနုယောဂကမှ မထွက်နိုင်တာ"

ငထီးမှာမူ သူတော်ငတေ၏ စကားကို နားလည်တစ်ချက်၊ နားမလည်တစ်ချက်နှင့် မှောင်ကြီးမည်းမည်းထဲ သူတော်ငတေ အရိပ်နောက်သာ လိုက်နေရ၏။

သည်လိုနှင့် တစ်ယောက်ဖက်လောက်ရှိသော သစ်ပင်တစ်ပင်ရင်းသို့ ရောက်လာကြသောအခါ သူတော်ငတေက. . .

"မင်း ဒီဘက်မှာနေ၊ ငါ ပင်စည် ဟိုဘက်သွားမယ်။ ရော့. . . လို့ငါက ပေးတဲ့အခါ ငါ့လက်ထဲက ပစ္စည်းကို မင်းလှမ်းယူလိုက်ပါ"

ဟု ပြောပြီး သစ်ပင်၏ တစ်ဖက်ပင်စည်ကို ကွယ်သွားသည်။

"ရော့. . ယူထားလိုက်"

ဟူသော သူတော်ငတေအသံကို ကြားသဖြင့် လှမ်းကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



သူတော်ငတေ၏ ကိုယ်ကို မမြင်ရဘဲ အဝတ်ထုပ် လှမ်းပေးနေသော လက်နှင့် မျက်နှာကိုသာ မြင်ရလေသည်။ စောစောက ပိန်းပိတ်အောင် မှောင်နေသော်လည်း ယခုကား လင်းလင်းထင်းထင်း၊ သူတော်ငတေ၏ မျက်နှာမှာလည်း ပီပီပြင်ပြင်။ သို့သော် ငထီး အကြီးအကျယ် တုန်လှုပ် ထိတ်လန့်သွားသည်မှာ သူတော်ငတေ၏ ခေါင်းပေါ်တွင် ချိုကြီးနှစ်ချောင်း။

သူတော်ငတေ လှမ်းပေးနေသော ကိုယ်ဝတ်ထုပ်ကို လှမ်းယူလိုက်စဉ်၌ပင် ငထီးသည် လန့်ဖျပ်ပြီး နိုးလာလေသည်။ ဤ ထူးဆန်းသော အိပ်မက်ကို သူ ဘာကြောင့် မက်ပါလိမ့်ဟု အမျိုးမျိုး တွေးတောရင်း မိုး လင်းသွားလေသည်။

ညနေစောင်းကြီးတွင် ငထီးသည် ခါတိုင်းကဲ့သို့ပင် ညစာထမင်း စားရန် ရွာထဲ ဝင်လာသည်။ ရွာဖျားက သူ့ဦးကြီးတစ်ယောက်၏ အိမ်နား ရောက်သောအခါ သူ့ဦးကြီးနှင့် သူ့နှမဝမ်းကွဲများ သူ့တို့နွားတစ်အုပ်ကို အိမ်ရှေ့ကောက်ရိုးစင်အောက် ဝရုန်းသုန်းကားနှင့် မောင်းသွင်းနေကြသည်ကို တွေ့ရသည်။

အမှန်မှာ ဤရာသီ၌ သူတို့ရွာရှိ နွားတွေမှာ နေခင်းနေ့လယ်တွင် ရွာပြင်၌သာ လွှတ်ထားကြခြင်း ဖြစ်၏။ ညနေရောက်မှ နွားရေတိုက်ပြီး နောက်နှစ် စပါးကောင်းအောင် လယ်ယာကွက်များတွင် နောက်ချေးချရန် သိပ်ထားလေ့ရှိကြသည်။ ယခု နွားတွေကို ရွာထဲသွင်းနေကြသည်မှာ တော ကောင်(ကျား)များ အရိပ်အယောင်ကို တွေ့ကြရ၍လားဟု လှမ်းမေးလိုက် ၏။ ဤသည်ကို သူ့ဦးကြီးက . .

"ဒီကောင်လေးဟာ ပေါက်တတ်ကရ ဘာတွေ လာပြောနေတာလဲ"

ဟု ဟောက်သဖြင့် ဆက်မမေးရဲတော့ဘဲ သူတို့အိမ်ဘက် ထွက်လာ လေသည်။

သူတို့အိမ်နား ရောက်သောအခါမှာလည်း သူ့အဖေနှင့် သူ့အစ်ကို များက ဦးကြီးတို့အိမ်သားများနည်းတူ နွားအုပ်ကို အိမ်နောက်ဘက် ကောက်ရိုးစင်အောက် မောင်းသွင်းကာ ဝရုန်းသုန်းကား ဖြစ်နေကြသည် ကို တွေ့ရပြန်သည်။ ထိုအခါမှာလည်း ငထီးက. .

"အဖေ ဘာဖြစ်လို့လဲ။ ခါတိုင်းလို နွားတွေကို လယ်ပြင်မှာ ချည်

www.burmeseclassic.com

www.burmeseclassic.com



မထားဘူးလား"

ဟု မေးမိပြန်၏။ ထိုအခါ သူ့အဖေက. . .

"တစ်ရွာလုံး နွားတွေကို ရွာပြင်မှာ ထားလို့ မရဘူးကွ။ ဘယ်ရွာက ဘယ်လူ့နွားမှန်းလဲ မသိဘူး။ နွားသိုးဖြူကြီး တစ်ကောင် သောင်းကျန်းနေတာ သုံးလေးရက်ရှိပြီ။ နွားထီးတွေကို လိုက်ဝှေ့ နွားမတွေကို မြိုင်လိုက်နဲ့ ခုဆို နွားမတွေလည်း အကုန် မြိုင်ထကုန်ကြပြီ။ အဲဒါကြောင့် ရွာထဲ သွင်းနေကြရတာ"

ဟု ပြန်ပြောသည်။ ထိုအခါတွင်မှ စောစောက သူ့ဦးကြီးသည် သူ့သမီးများရှေ့ သူ့အား အဖြစ်မှန်ကို မပြောလိုက်ခြင်းဆိုတာ ငထီး သဘောပေါက်သွားသည်။ ထမင်းစားပြီး ကျောင်းအပြန်လမ်းမှာလည်း အိမ်တိုင်းလိုလိုက လူတွေ နွားအုပ်သွင်း၍ ပြောဆိုနေသံကို ကြားခဲ့ရသည်။

"မကြုံဖူး၊ မကြားဖူးပါဘူးဗျာ။ သောင်းကျန်းလိုက်တဲ့ နွားသိုးဖြူကြီး။ ဘယ်ရွာ၊ ဘယ်အရပ်ကမှန်းလည်း မသိဘူး။ ရွာက နွားသိုးကြီးတွေလည်း ဒီကောင့်ကို တစ်ကောင်မှ ပြိုင်ဝှေ့မခံနိုင်ကြဘူး။ နွားမတွေလည်း အကုန် ကျိုးနာကုန်တော့မယ်။ ဒီအတိုင်းဆို သူကြီးကို အမိန့်ထုတ်ခိုင်းပြီး ပစ်သတ် ပေါ်စားလိုက်ကြဖို့ ကောင်းနေပြီ"

သူ့ဆရာ သူတော်ငတေ၏ ညောင်စောင်းတွင် အိပ်နေရင်း ခုနစ်ရက်မြောက်သော တစ်ည သန်းခေါင်ကျော်အချိန်တွင် ငထီးသည် ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်ပြန်သည်။ သူ့ဆရာနှင့် သူ တောထဲ ဆေးမြစ်ရှာသွားကြရင်း သူယောင်တောထဲ ရောက်သွားကြသည်။ လှလိုက်ကြသည့် သူယောင်မလေးများ၊ လေအဝှေ့တွင် သူယောင်ပင်ပေါ်၌ ယိမ်းထိုးလှုပ်ရှားကာ ကခုန်နေကြသည်။ သူ့ဆရာငတေသည် ဝိဇ္ဇာဇော်ဂျီ ဖြစ်သွားပြီး သူယောင်မယ်များနှင့် ပျော်ပါးရန် သူယောင်ပင်စည်ကို ဖက်တက်နေသည်။ ဘယ့်နှယ်. . . ငါ့ဆရာ ဝိဇ္ဇာဇော်ဂျီ ဖြစ်ပါလျက် ဘာကြောင့် ပျံမတက်ဘဲ ပင်စည်ကို ဖက်တက်နေရပါလိမ့်ဟု တွေးမိပြီး ကြည့်နေစဉ် သူတော်ငတေခေါင်းမှ ချိုကြီးနှစ်ချောင်း ထွက်လာပြီး နွားဖြူကြီးဖြစ်ကာ ပင်စည်ရင်း၌ လဲကျသွားသည်။

ထိုအချိန်မှာပင် ငထီးလည်း အိပ်ရာက လန့်နိုးလာ၏။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်သောအခါ နွားဖြူကြီးတစ်ကောင် အခန်းထဲရောက်နေသည်ကို မြင်လိုက်ရသလိုပင်။ ငထီးသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် စမ်းမိစမ်းရာ စမ်းလိုက်မိရာ သူ့ဆရာငတေ၏ ဘေးနားက အဝတ်ထုပ်ကို စမ်းမိလိုက်သည်။ ထိုအခါ ပိုလန့်ပြီး အဝတ်ထုပ်နှင့် နွားဖြူကြီးကို ပစ်ပေါက်လိုက်ရာ. . .

"ငါ့တပည့်ငထီး၊ နိုးသွားပြီလား"

ဟူသောအသံကိုကြားလိုက်ရပြီးသူ့ဘေးတွင်ရပ်နေသောသူတော်ငတေကို တွေ့ရလေသည်။

အိပ်မက်လား၊ တကယ်ဖြစ်ပျက်နေတာလားဆိုသည်ကို ငထီးမှာ ဇဝေဇဝါ ဖြစ်သွားသည်။ နှစ်ည မြင်မက်သော အိပ်မက်နှင့် တစ်နေ့က သူ့အဖေ၊ သူ့ဦးကြီးတို့ နွားသွင်းနေကြသည်ကို တွေ့ကြုံခဲ့ရသဖြင့် စိတ်စွဲကာ ထင်ယောင်ထင်မှား မြင်မိလိုက်သလားဆိုသည်ကိုလည်း ငထီးကား တွေးမရ။ သူ ညောင်စောင်းပေါ်က ထလိုက်ရာ သူတော်ငတေက ညောင်စောင်းပေါ် ဝင်ထိုင်သည်။

"ငါ့တပည့်၊ မင်း ကျောင်းပေါ်တက်အိပ်တော့။ မနက်ကျရင် ဒေါင်းသိန်းကို လွှတ်လိုက်။ ငါ ကိုယ်လက်တွေ နာလာတယ်။ ဆေးလိမ်းခိုင်းရမယ်"

ဟု ပြောပြီး ညောင်စောင်းပေါ် သူတော်ငတေ လှဲချလိုက်သော အခါ ငထီးသည် ကျောင်းပေါ်တက်လာသည်။ ငထီးကား မိုးလင်းသည်အထိပြန်အိပ်မပျော်တော့လေး၊ငါးရက်ကြာ၍သူတော်ငတေလည်းစိတ်ကြည်ကြည်လင်လင်ရှိနေသောတစ်ညနေမှာငထီးကသူ့ဆရာညောင်စောင်းတွင် ခုနစ် ရက်တိတိ အိပ်စောင့်ပေးခဲ့ရစဉ်က မြင်မက်ခဲ့ရသော အိပ်မက်နှင့် အဖြစ် အပျက်ကို သူတော်ငတေအား ပြောပြရာ. . .

"ပေါက်တက်ကရ၊ မှော်ဆရာကြီးပြောတာနဲ့ ငတေပဲ နွားသွားလုပ်ရမလို ဖြစ်နေပြီ။ မင်း မဟုတ်တရုတ် ဘယ်သူ့မှ လျှောက်မပြောပါနဲ့ကွာ။ ငါက သူများ အရူးတွေသာ ကုဖို့ဆေးရှိတာ။ ငါ့တပည့် အရူးကို ကုဖို့ ဆေးမရှိတော့ဘူး" ဟု ရယ်ဖြဖြနှင့် ပြောလိုက်လေ၏။

၆ ၆ ၆

*(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏ ဖဲမှော်

တစ်နေ့တွင် ကျွန်ုပ်တို့ရွာ၌ ကလေးတစ်ယောက်၏ အမေ၊ အဖေ များဖြစ်ကြသော ထွန်းလှဦးနှင့် မြသင်တို့လင်မယား အကြီးအကျယ် ရန်ဖြစ်ကြသည်။ ရန်ဖြစ်ရသော အကြောင်းရင်းမှာ ထွန်းလှဦးသည် စပါးရောင်းရငွေ ငါးရာနှင့် မြသင်လက်ကောက်တစ်ကွင်းကို ဖဲရှုံးပစ်၍ ဖြစ်သည်။

စပါးသိမ်းပြီးချိန်၊ လယ်သမားတွေ အလုပ်နားချိန်တွင် ကျွန်ုပ်တို့ဆီ၌ ဖဲဝိုင်းတွေကလည်း ပေါသည်။ ထွန်းလှဦးမှာ ငယ်စဉ်ကပင် ဖဲဆိုလျှင် ထမင်းမေ့ဟင်းမေ့ ဝါသနာကြီးသူ ဖြစ်သည်။ ဤသည်ကို တစ်ရွာလုံးသိဖြစ်သဖြင့် ထွန်းလှဦးနှင့် မြသင်တို့ ရည်ငံနေကြသည်ကို သိကတည်းက မြသင်တို့ မိဘမောင်ဖွား ဆွေမျိုးများ အားလုံးက ဝိုင်းဖျက်ကြသည်။ မြသင်တို့မိဘများနှင့်စာလျှင် ထွန်းလှဦးမိဘများမှာ စပါးပင် ဝမ်းစာမဖူလုံသဖြင့် သူ့သမီးနှင့် မပေးစားနိုင်ကြောင်း မြသင်အမေ၊ အဖေတို့ကလည်း အပြတ်ပြောထားသည်။ မြသင်ကိုလည်း ထွန်းလှဦးအား ယူလျှင် အမွေဖြတ်မည်ဟု သူ့အဖေက ကြိမ်းထား၏။

သို့သော်. . .

"သွေးငင်ကြမ္မာဝါသနာကြောင့် ဆရာမိဘ ဆိုဆုံးမလည်း ချစ်စထုံးနှောင် ပျော်ရအောင်"

ဟု မြသင် ထွန်းလှဦးနောက် လိုက်ပြေးသွားသည်။ မိဘများမှာ ဘယ်လိုမှ မတတ်နိုင်ကြ။ ထွန်းလှဦးက နာမည်နှင့်လိုက်အောင် ရုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ မြသင်မှာ အကျည်းတန် မဟုတ်သော်လည်း ရွက်ကြမ်းရေကျိုသာ။ သည်လိုနှင့် နောက်ဆုံးမှာ မြသင်မိဘများက သမီးနှင့်သမက်ကို တောင်းဆိုးပလုံးဆိုးလို ပစ်မထားရက်ကြသဖြင့် မင်္ဂလာဆောင်ပေးပြီး အိမ်ပေါ်ခေါ်တင်ထားသည်။ ဘာမှ မရှိသော ထွန်းလှဦးကို ယောက္ခမများနှင့် ဒိုးတူပေါင်ဖက် အတူလုပ်ကိုင်စားသောက်နေကြရန် သူ့မိဘများကလည်း ပြောထားကြသည်။

ထွန်းလှဦးမှာ အလုပ်ကတော့ မဆိုး၊ သို့သော် ဖဲရိုက်တတ်သော ဝါသနာကိုမူ ယောက္ခမအိမ် ရောက်လာသော်လည်း မစွန့်။ စပါးပေါ်ချိန် ငွေပေါ်ချိန်ရောက်လျှင် ထွန်းလှဦး ဖဲဝိုင်းကို ရောက်သွားပြီ။ မြသင်က သူ့မိဘမောင်ဖွားများ မသိအောင် ထွန်းလှဦး ဖဲကြွေးတွေကို ကြိတ်ပြီး လိုက်ဆပ်ရသော အခြေအနေ ဖြစ်လာသည်။ သည်လိုနှင့် မိဘမောင်ဖွားများက သိသွားကြရာ ကြာလျှင် သမီးယောက်ဖတွေ ခေးပွဲတုတ်ပွဲ ဖြစ်ကြမှာစိုး၍ မြသင်မိဘများက နွားတစ်ရှဉ်း၊ လယ်နှစ်ပြင်ကိုပေး၍ အိမ်ခွဲဆင်းခိုင်းလိုက်သည်။

ထိုအထိလည်း ထွန်းလှဦးကား ဖဲကစားဝါသနာကို မစွန့်။ ကလေးတစ်ယောက် ရသည်ထိ ဖဲကစားကောင်းတုန်း။ သူ့မိဘအိမ်မှာနေစဉ်က ဘာမှ မရှိသော ထွန်းလှဦးမှာ ယခု ယောက္ခမပေးထားသော လယ်နှင့် နွားနှင့် ဖြစ်လာသောအခါ ပို၍ပင် ကစားလာသည်။ ထို့ကြောင့် တတိတိနှင့် မြသင်၏မိဘ အမွေအနှစ် လက်ကောက်၊ နားကွင်းများပင် ဟိုလူ့ဆီရောက်လိုက်၊ သည်လူ့ဆီ ရောက်လိုက် အိမ်ပြန်ပါလာလိုက်နှင့် ရပ်လည်ရွာလည်နေသည်။

ဤနွေ ဤနှစ် မြသင်သိချိန်မှာ ထွန်းလှဦးက မတန်မဆနှင့် လယ်တစ်ပြင်ကို ပေါင်ထားသည့်အပြင် မြသင်၏ လက်ကောက်နှစ်ကွင်းမှ ကျန်တစ်ကွင်းကို ဖဲသွားကစားရန် အတင်း လာတောင်းနေရင်းက သတ်ကြပုတ်ကြနှင့် လင်မယားနှစ်ယောက် အကြီးအကျယ် ရန်ဖြစ်နေကြသည်။ သူတို့လင်မယားမှာ မကြာခဏ ဤသို့ပင် ရန်ဖြစ်နေကျမို့ အိမ်နီးနားချင်းများကလည်း ဂရုမစိုက်ကြတော့။ သူတို့လင်မယား ရန်ဖြစ်ကြပြီဆိုလျှင် အိမ်နီးနားကလေးများလောက်သာ ဝိုင်းအုံကြည့်နေတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယနေ့ပွဲကတော့ ပိုကြမ်းသည်။ မြသင်ကလည်း ငယ်ကျိုး ငယ်နာတွေဖော်ကာ မကြားဝံ့မနာသာ ဆဲဆို၏။ ထွန်းလှဦးအသံကိုတော့ သိပ်ပြီး ကျယ်ကျယ်လောင်လောင် မကြားကြရ။ သူက သူ့အပြစ်နှင့်သူမို့ လူကြားသူကြား ကြမ်းကြမ်းတမ်းတမ်း မဆဲမဆိုရဲ။ လှေမျော လှေနှင့် လိုက်၊ ငွေမျော ငွေနှင့်လိုက်ရမည်ဟုသာ ပထမ ချော့တောင်း၏။ သူ့ကို စိတ်မချ၍ သေတ္တာထဲ၌ပင် ထည့်မထားရဲသော လက်ကောက်တစ်ဖက်ကို မြသင်ကလည်း ထင်းခွေ၊ ရေခပ်၊ ဟင်းရွက်ခူးသွားရာ၌ပင် ကိုယ်နှင့်မကွာ ဝတ်ထားရရာ ယခု ထွန်းလှဦးက အတင်းလာချွတ်သောအခါ ခံသတ်ပြီး အကြီးအကျယ် ရန်ဖြစ်နေကြလေသည်။

ထိုအချိန်တွင် ဘယ်တော၊ ဘယ်တောင်က ဆေးမြစ်၊ ဆေးပင် ရှာပြီး ပြန်လာသည် မသိသော သူတော်ငတေသည် ဆေးမြစ်၊ ဆေးပင် တစ်စည်းနှင့် မြသင်နှင့်ထွန်းလှဦးတို့ လင်မယား ရန်ဖြစ်နေကြသော အိမ်ရှေ့ရောက်လာသည်။

"ဟဲ့ . . ဘယ်မိမဆုံးမ၊ ဖမဆုံးမ သားသမီးတွေလဲကွ၊ ရပ်ထဲရွာထဲ မကြားဝံ့မနာသာ ဘာဖြစ်လို့ ဒီလောက်တောင် ရပ်ထဲရွာထဲမှာ ဆဲဆို အော်ဟစ်နေကြတာတုန်း"

သူတော်ငတေက သူတို့အိမ်ရှေ့လမ်းမမှာ လာရပ်ပြီး အော်လိုက်တော့ လူကြီးတစ်ယောက် အသံကို ကြားသဖြင့် မြသင်အသံ ချက်ချင်း တိတ်သွား၏။ ထွန်းလှဦးကလည်း ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော သူတော်ငတေကို အံ့ဩမှင်တက်မိပြီး ငေးကြည့်နေသည်။

"ဟဲ့ . . အိမ်ထဲက မိမဆုံးမ ဖမဆုံးမဟာတွေ။ ငါ မေးနေတယ်ဟ။ ရပ်ထဲရွာထဲ ဘာဖြစ်လို့ အယုတ္တအနတ္တတွေ ဆဲဆိုနေ. . ."

သူတော်ငတေ စကားမဆုံးမီပင် မြသင်သည် အူယားဖားယား အိမ်ထဲက ပြေးထွက်လာပြီး သူတော်ငတေကို ပုဆိန်ပေါက် ထိုင်ရှိုခိုးကာ ရှိုက်ကြီးတငင်နှင့်. . .

"ဟို. . ."

"ဟဲ့. . . ကလေးမ"

မြသင်၏ပါးစပ်က သူတော်ငတေပင် ရုတ်တရက် လန့်သွားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ပါဘုရား။ တပည့်တော်မ ဦးဦးတူမပါ။ ဦးလူမောင် သမီးကြီးပါ။ ဟိုခွေးသားက တပည့်တော်မကို မတရားနှိပ်စက်ပြီး လက်ထဲက လက်ကောက်ကို ဖဲသွားရိုက်ဖို့ အတင်းလာလုနေလို့ ဆဲမိဆိုမိ. . ."

"ဘယ်က ခွေးသားတုန်း"

"တပည့်တော်မ ယောကျ်ားပါ"

"သေလိုက်"

သူတော်ငတေ အော်ပစ်လိုက်၏။

အမှန်က မြသင်မှာ သူတော်ငတေနှင့် ဆွေရိပ်မျိုးရိပ် မကင်းသူ ဖြစ်ရာ သူတို့လင်မယား ရန်ဖြစ်နေကြသည်ကို အရေးတယူ လာမေးဖော်ရသဖြင့် အားကိုးတကြီးနှင့် ငိုယိုကာ သူတော်ငတေကို လျှောက်ကြားနေခြင်း ဖြစ်သည်။

"ဒီကောင် တပည့်တော်မကို အမျိုးမျိုး နှိပ်စက်လွန်းလို့ပါ။ စပါးရောင်းရငွေလည်း ကုန်ပြီ။ လယ်တစ်ပြင်ကိုလည်း ပေါင်ထားတယ်ကြားတယ်။ ခု တပည့်တော်မ လက်ကောက်တစ်ဖက်ကိုပါ အတင်း ဖဲသွားရိုက်မလို့ လာလုနေပါတယ်။ တပည့်တော်မနဲ့ဒင်း ညားတုန်းက ဒင်းမှာ ဘာပါလို့လဲ။ ဟီး. . . ဟင့်. . . ဟင်း. . ပြောလိုက်ရရင် မကောင်း. . ."

"ဟဲ့. . နေစမ်းပါဦး၊ ငါ့တူမယောကျ်ားက ဒီလောက် ဆိုးလို့လား"

"ရပ်သိရွာသိပါ ဦး။ အခု လယ်ပေါင်တာ မောင်ကြီးတို့ မသိသေးလို့။ သိရင် ဇက်ကို ဓားနဲ့ လာပိုင်းကြမှာ။ သူ့မိဘဆီက ဘာ တစ်မွေး အမွေပါ. . ."

"ဟာ. . . တော်စမ်းဟာ"

မြသင်ပါးစပ်ကို သူတော်ငတေပင် စိတ်ညစ်သွားပုံရသည်။

"အင်း. . . မင်းက ငါ့တူမနဲ့ အကြောင်းပါနေတော့လည်း ငါ့တူပဲ ပေါ့ကွာ။ လာစမ်းပါဦး။ ဘာဘာ မေးပါ့မယ်"

သူ့မိန်းမက သူတော်ငတေရှေ့၌ပင် ဆဲဆိုပြောပြနေသည်ကို တစ်ချိန်လုံး ငြိမ်ကုပ်ကာ တစ်ခွန်းပင် ဝင်မပြောဘဲ မတ်တတ်ကြီး သစ်ငုတ်လုပ်နေသော ထွန်းလှဦးအား သူတော်ငတေက ချိုချိုသာသာ လေသံနှင့် ခေါ်လိုက်သောအခါ မဝံ့မရဲနှင့် သူတော်ငတေရှိရာသို့ လျှောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနားရောက်မှ သူ့တူမကို နှိပ်စက်ရကောင်းလား၊ ဖဲရိုက်ရကောင်းလားဟု သူတော်ငတေက သူ့ကို ပါးရိုက်လေမလား၊ နားရင်းတီးလေမလား ဟူသော စိုးရွံ့စိတ်နှင့် အနားကို မကပ်ရဲသေး။ လက်တစ်ဖက်ကမ်း မမီသာသာ၌သာ မျက်နှာငယ်လေးနှင့် ရပ်နေသည်။

"မင်းဟာ ဘယ်လောက်တောင် ဖဲရှုံးထားလို့ ကိုယ့်မိန်းမလက်ကောက်ကို လာလုရတာလဲ"

"လု. . လုတာ မ. . မဟုတ်ပါဘူး ဦးဦး"

သူက မြသင်ခေါ်သလို လိုက်ခေါ်ပြီးပြောစဉ် မြသင်ပါးစပ်ကဟလာပြန်၏။

"နင်လာလုတာ မဟုတ်ဘူး ဟုတ်လား။ ဒီမှာကြည့်စမ်း၊ ငါ့လက်မှာ ခုထိ အညိုအမည်းရာ ထင်နေသေးတာကော ဒါ နင် မလုရင်ဖြစ်မ. . ."

"ဟဲ့. . . ကလေးမ၊ တော်လို့ ဦး ပြောနေတယ် မဟုတ်လား"

ဒေါသပေါက်ကွဲနေသဖြင့် သူ့ပါးစပ်သူ ထိန်းမရဖြစ်နေသော မြသင်ကို သူတော်ငတေက အော်လိုက်ရပြန်သည်။

"ကဲ. . . ဒါတွေ နင်တို့ ခွန်းကြီးခွန်းငယ် ဘာမှ မပြောကြနဲ့တော့။ ပြီးတာတွေပြီးပြီ။ ငါ့တူ၊ ငါ့တူမတွေ ဒီလောက်တောင် ဖဲရှုံးနေတယ်ဆိုတော့ ဦးဦးလည်း ဘယ်စိတ်ကောင်းမလဲ။ သွေးဆိုတာ စကားပြောတယ်ဟ။ ဒီတော့ ဟော့ကောင်. . . ဖဲသမား"

"မှန်ပါ့ဘုရား"

"မင်း နောက်ဆို ဖဲရိုက်တိုင်းနိုင်အောင် ဦးဦးက မင်းကို ဖဲမှော်သွင်းပေးမယ်။ ဘယ့်နှယ်လဲ"

"ဟာ သိပ်ကောင်းပါတယ် ဘဘရယ်။ ကျွန်. . . ကျွန်တော်တို့ကို မစပါ။ ကျွန်တော် အရင်းပြန်ရရင်တောင် တော်ပါပြီ။ အရင်းသာပြန်ရရင် နောက်ကိုလည်း ဖဲမရိုက်တော့ပါဘူးလို့ ဘဘကို ကတိပေးပါတယ်။ ကျွန်တော်တို့ကို မစပါ"

သူတော်ငတေအား ဤတစ်ခါ ပုဆိန်ပေါက် ထိုင်ရှိခိုးလိုက်သူမှာတော့ ထွန်းလှဦးပင် ဖြစ်သည်။ သူတော်ငတေအား ဆွေမျိုးဟူသော

www.burmeseclassic.com

www.burmeseclassic.com



သဘောနှင့် မြသင်ခေါ်သလို ဦးဦးပင် မဟုတ်တော့ဘဲ ကျောင်းက ကလေးများခေါ်သလို ဘဘပင် ဖြစ်သွား၏။ ဤသည်ကို သူတော်ငတေကတော့ မဲ့ပြုံးပြုံးကာ ထွန်းလှဦးကို စူးစူးစိုက်စိုက်ကြည့်နေသည်။

"ကဲ. . . ဖဲရိုက်တိုင်း နိုင်တဲ့ ဖဲမှော်တတ်ချင်ရင် ဦးဦးနဲ့ ခုလိုက်ခဲ့"

"မှန်ပါ့ဘုရား"

ဟုပြောကာ ထွန်းလှဦးသည် သူတော်ငတေနောက် ချက်ချင်းပင် လိုက်လာလေသည်။

"ကိုယ့်တူ၊ ကိုယ့်သားဆိုတော့ မင်းကို ဦးဦးက ဖဲမှော်သွင်းပေးမယ်။ ဒါပေမယ့် ဦးဦးကို မင်း ကတိတစ်ခုတော့ ပေးရမယ်"

သူတော်ငတေက ထွန်းလှဦးကို လမ်း၌ပင် မေး၏။

"ဟုတ်ကဲ့ပါ၊ ပေးပါ့မယ် ဘာ ကတိလဲ ဦး"

"တခြား မဟုတ်ပါဘူးကွာ။ ဒီဖဲမှော်ဆိုတာ တစ်ခါသွင်းရင် အောင်မြင်အောင်ကို သွင်းရတယ်။ လူတစ်ယောက်ကို တစ်ခါသွင်းလို့ မအောင်မြင်ရင် နောက်တစ်ခါသွင်းလို့ မရတော့ဘူး။ နတ်နဲ့စုန်းနဲ့ လုပ်ရတဲ့အလုပ်ဆိုတော့ တစ်ခါတည်းနဲ့ အောင်မြင်အောင်ကို လုပ်ရတယ်။ မအောင်မြင်လို့ အဲဒီလူကို နောက်တစ်ခါ ဖဲမှော်သွင်းရင်တော့ သွင်းတဲ့လူရော အသွင်းခံရတဲ့လူရော သေဖို့သာပြင်ပေတော့။ အဲဒါကြောင့် အရေးကြီးလို့ ငါ့တူကို ဦးဦးက ကတိတောင်းရတာ။ မင်းကြောင့် ငါတော့ အသေမခံနိုင်ဘူးနော်"

"စိတ်ချပါ ဦးဦး၊ ကျွန်တော် ဦးဦး ညွှန်ကြားတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာပါ့မယ်။ လုပ်ပါ့မယ်လို့ သစ္စာရေတိုက်ရင်လည်း သောက်ပြီး လုပ်ပါ့မယ်။ ကျွန်တော့်ကို ဦးဦးပြောတဲ့ ဖဲရိုက်တိုင်းနိုင်တဲ့ ဖဲမှော်သာ သွင်းပေးပါ ခင်ဗျား။ ဦးဦးကျေးဇူးကိုလည်း တစ်သက် မမေ့ပါဘူး ခင်ဗျာ။ ဦးဦးကိုလည်း ကျွန်တော် လုပ်ကျွေးပါရစေ"

ထွန်းလှဦးမှာ ပင်ကိုက ထုံထုံထိုင်းထိုင်းနှင့် စကားကိုလည်း လေးလုံးကွဲအောင် မပြောတတ်သော်လည်း ယခု ဖဲရှုံး၍ မိန်းမဆီမှာ အဆဲခံရ၊ ယောက်ဖများကလည်း လယ်တစ်ပြင် ပေါင်ထားတာသာသိလျှင် လာပြီးများ အသေသတ်ကြမလားဟူသော သောကအပူက ရင်ထဲမီးတောက်နေလေရာ ယခု ကယ်တင်ရှင်ကြီး သူတော်ငတေက သူ့ကို ဖဲမှော်သွင်းပေး

www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုသောအခါ ထကပစ်ချင်လောက်အောင် ဝမ်းသာသွားပြီး နှုတ်က လည်း ပေါက်ပေါက်ဖောက်သလို သူတော်ငတေကို ကတိပေးစကားများ တစ်လမ်းလုံး အကြိမ်ကြိမ်အခါခါ ပြောလာလေသည်။

"ကောင်းပါပြီ၊ ကောင်းပါပြီ မင်း ငါ့ကို ပေးရမယ့်ကတိကတော့ တကယ်လို့ ငါက ဖဲမှော်သွင်းပေးတာ မတော်တဆ မအောင်မြင်ရင်၊ မအောင်မြင်ရင်ဆိုတာ မင်းဘက်က ချို့ယွင်းရင် ပြောတာနော်"

"စိတ်ချပါ ဦးဦး၊ ကျွန်တော့်ဘက်က ချို့ကို မချို့ယွင်းစေရပါဘူး။ ဦးဦးညွှန်ကြားသလို အောင်မြင်အောင်ကို အသက်စွန့်ပြီး လုပ်ပါ့မယ်"

"အေး ဟ. . . ဦးကလည်း ဒါမျိုးမှ ကြိုက်တာကွ။ ယောက်ျားပဲ အောင်မြင်အောင်ကို လုပ်ရမှာပေါ့ မဟုတ်ဘူးလား"

"မှန်ပါ့ဦးဦး"

"ငါ့အကြောင်းတော့ ငါ့တူလည်း ကြားပြီးသားပါ။ ဦးက ဘာလုပ် လုပ် အောင်မြင်အောင်ကို လုပ်လာတာ။ အဲဒါကြောင့်လည်း အောင်မြင် လာတာ။ ခု ငါ့တူကိုလည်း ဦး အောင်မြင်စေချင်လို့ ပြောတာနော်"

"မှန်ပါ့ ဦးဦး"

"မင်း ကြောက်တတ်လား"

"ဘယ်လိုဟာကိုလဲ ဘဘ"

သူတော်ငတေက ရုတ်တရက် 'ကြောက်တတ်လား'ဟု အမှတ် မထင် ပြောလိုက်သည်ကို ထွန်းလှဦးက ဘာကိုမှန်းမသိသဖြင့် ပြန်မေးသည်။

"ဖဲမှော်ဆိုတာက နတ်နဲ့စုန်းနဲ့ သွင်းရတဲ့အလုပ်။ လူသိသွားရင် လည်း စည်းပေါက်ပြီး မင်းရောငါရော ဒုက္ခရောက်မယ့်အလုပ်။ မင်းလည်း နောက် ဖဲသွားရိုက်ရင် ဘယ်တော့မှ မနိုင်တော့ဘူးဖြစ်သွားမယ့် အလုပ် မျိုးဆိုတော့ တစ္ဆေ၊ သရဲ၊ ပြိတ္တာဆိုတဲ့ နာနာဘာဝတွေကို မင်းကြောက် တတ်လားလို့မေးတာ"

"မကြောက်တတ်ပါဘူး ဦးဦး၊ ကျွန်တော် တစ္ဆေ၊ သရဲတွေကို လုံးဝကို မကြောက်တတ်ပါဘူး"

အမှန်က ထွန်းလှဦး၏ ပင်ကိုမှာ စိတ်မခိုင်သူဖြစ်သဖြင့် တစ္ဆေ၊ သရဲ ဆိုသည်ကို အလွန် ကြောက်တတ်သူ ဖြစ်သည်။ သို့သော် ယခု



www.burmeseclassic.com

www.burmeseclassic.com



ဖဲရှုံး၍ ကိုးကွယ်ရာမရဖြစ်နေ၍သာ မကြောက်တတ်ဟု ပြောလိုက်ခြင်း ဖြစ်သည်။

"အေး. . . ဒါမှ ငါ့တူကွ၊ ငတေ့တူကွ။ မင်း ဖဲမှော် အောင်ကို အောင်ရမယ်"

ဟု သူတော်ငတေက အားတက်သရောပြောကာ ထွန်းလှဦး ဖဲမှော်အောင်စေ၊ ပေါက်စေရန် လိုအပ်သည်များကို သူ့ဖိုရုံအခန်းထဲ ခေါ် သွင်း၍ နှစ်ယောက်ချင်း ညွှန်ကြားလိုက်လေသည်။

ဖဲရှုံး၍ စိတ်ညစ်စိတ်ဓာတ်ကျနေသော ထွန်းလှဦး၊ ယခုတော့ ဘာတက်ကြွနေသလဲ မမေးနှင့်။ သူ့ဦးလေး သူတော်ငတေ ညွှန်ကြား လိုက်သည့်အတိုင်း ပထမဦးဆုံး မင်းရွာကို ပြေးသည်။ အင်္ကျီဆိုင်တွင် လွယ်အိတ်အသစ်ကလေး တစ်လုံးဝယ်သည်။ ပြီးတော့ ကာကာကြီးဆိုင် က ဖဲတစ်ထုပ်၊ အယောင်းမတို့ဆိုင်က ရေနံဆီမီးခွက် တစ်လုံး၊ နောက်ဆုံး မှာ ဈေးအဆုံးနား ဦးမြဇံသာတို့ ထွေရာကမာအရောင်းဆိုင်မှ သပေါ့ဖျာ အသစ်ကျပ်ချွတ်တစ်ချပ်နှင့် ဥတုသုံးပါးခံသော သစ်သားမီးခြစ် နတ်သမီး တံဆိပ်တစ်ဘူးဝယ်ကာ မိမိရွာသို့ ပြန်လာသည်။

သူတော်ငတေက မည်သူတစ်ဦးတစ်ယောက်ကိုမှ မပြောရ၊ အသိ မပေးရဘူးဟု မှာထားသဖြင့် နေဝင်မိုးချုပ်စ အခြေအနေ အချိန်အခါကို စောင့်နေရသည်။ ရွာသူရွာသားများ ရွာတွင်း၊ ရွာပြင် အသွားအလာ၊ အဝင်အထွက်စဲသော ညဦးကာလ၌ ထွန်းလှဦးသည် နတ်မောက်တောင် ဟုခေါ်ကြသော ရွာရှင်နတ်မကြီး ဘုံဗိမာန် ခရေပင်အောက်သို့ လာသည်။ အိတ်ထောင်ထဲက ဝေလာကတုံးတံဆိပ်ပါ ကြေးနီပြားတစ်ပြားကို ခရေ ပင်ကြီး သစ်ခေါင်းထဲ ရိုရိုသေသေ လက်နှစ်ဖက်နှင့် မြှောက်ပြီး ထည့်ချ လိုက်၏။ ပြီးတော့ တိုင်တည် ဆုတောင်းသည်။

"ရွာရှင်မကြီး အမေကြီးခင်ဗျား၊ သားတော်မောင် အမိုက်အမဲ ငထွန်းလှဦး ဖဲရှုံးလို့ ရွှေ၊ ငွေ၊ လယ်ယာ ကုန်ဆုံးနေပါပြီ။ ထို့ကြောင့် အရှင်မကြီး မေတ္တာတော်နှင့် ရွာသင်္ချိုင်းကို ယနေ့ညသွား၍ ဖဲမှော်သွင်း ခွင့်ပြုပါ။ ဖဲမှော်သွင်းပြီး၍ သားတော်မောင် ပြန်လာသောအခါ သင်္ချိုင်း ထဲမှ တစ္ဆေ၊ သရဲများ သားတော်မောင်ကို နှောင့်ယှက်ရန် လိုက်လာပါက



www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားမောင်းလွှတ်ပေးပါ။ ရွာတွင်း၊ ရွာပြင် အစဉ်အလာစည်းများနှင့် တားဆီးဖယ်ရှားပေးပါ။ ပူဇော်ပါသည်၊ ပသပါသည် အရှင် ရွာပိုင် အမေကြီးခင်ဗျား။ သားတော်ကို ကူညီစောင်မပေးတော်မူပါ။ ဉ်ႇ . ဟရိ၊ ဟရိ အောင်စေသတည်း။ အောင်ပါစေသတည်း အရှင် ရွာရှင်မကြီး အမေခင်ဗျား"

ထိုသို့ တိုင်တည်ဆုတောင်းကာ ထွန်းလှဦး ရွာသို့ ပြန်ဝင်လာသည်။ ညသက်ကြီးခေါင်းချချိန် ရောက်သောအခါ သူတော်ငတေ ညွှန်ကြားထားသည့်အတိုင်း လွယ်အိတ်ကလေး တစ်လုံး၊ ဖဲတစ်ဖုံ၊ ဖျာတစ်ချပ်၊ ဆီမီးခွက်တစ်လုံး၊ သစ်သားမီးခြစ်တစ်ဘူးနှင့် ရွာသင်္ချိုင်းကုန်းသို့ တိတ်တဆိတ် ထွက်လာလေသည်။

သင်္ချိုင်းကုန်းသို့ ရောက်သောအခါ လောလောလတ်လတ် လူသေမြှုပ်ထားသောနေရာကို မှောင်ကြီးမည်းကြီးထဲ လိုက်ရှာသည်။ လူသေမြှုပ်ရာတစ်ခုကို တွေ့သောအခါ ထိုနေရာခေါင်းရင်း၌ ဖျာသစ်ကို ခင်းသည်။ ဆီမီးခွက်ကို ထွန်းညှိသည်။ လွယ်အိတ်ထဲမှ ဖဲဖုံအသစ်ကို ထုတ်ကာ တစ်ချက်၊ နှစ်ချက် ဘုတ်ဘုတ်ဘက်ဘက် ရိုက်ပြီး ကိုးမီးဖဲကစားရန် ငါးအိမ်စာ ဖဲဆယ့်ငါးရွက်ကို ဖဲဖုံထဲမှ ထုတ်ပြီး ဖဲဆင်လိုက်၏။ မိမိမှာ ဒိုင်ကိုင်ရမည့်သူဖြစ်ရာ တစ်သုံးလုံးကို ဦးဆုံးရွေးထုတ်သည်။ ပြီးတော့ ကင်းသုံးလုံး၊ ကွင်းသုံးလုံး၊ ဂျက်ကုလားသုံးကောင်၊ စပိတ်၊ ညှင်း၊ ဗိန်း ဆယ်ဖဲသုံးချပ်စီကို ကုလားဖန်ထိုးကာ ဖဲဆင်လိုက်သည်။ ပြီးမှ . . .

"ကဲ . . . သင်္ချိုင်းထဲက ဖဲကစားချင်တဲ့လူတွေ လာကြ၊ လာကြ။ နောက်ကျရင် ထိုးအိမ်မရလိုက်လို့ ကပ်ထိုးကိုးကျပေမယ့် အလျော်မရဖြစ်ကုန်မယ်။ မြန်မြန်လာကြ။ ထွန်းလှဦး ဒိုင်ကိုင်မယ်။ လာကြ . . . လာကြ။ မြန်မြန် အိမ်လာယူကြ၊ လာထိုးကြ၊ ကိုးမီးကိုင်မယ်၊ ငါးအိမ်ပဲ။ အိမ်ရအောင် မြန်မြန်လာကြ"

ထွန်းလှဦးသည် ပြောပြောဆိုဆိုနှင့် ဖဲဖုံကို ဘက်ဘက် ဘက်ဘက် ရိုက်ကာ အိမ်ခေါ်လိုက်သည်။ ရုတ်တရက်မူ သူ 'ဟိုက်'ခနဲ ဖြစ်သွား၏။ သူတော်ငတေ ညွှန်ကြားချက်အတိုင်း ဖဲရှုံးစိတ်ညစ်ကာ လုပ်ရသော်လည်း အစကမူ မယုံတစ်ဝက် ယုံတစ်ဝက်သာ။ ယခု ဖဲကို ကုလားဖန်



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီး ခေါ်လိုက်ရာ အောင်မယ်လေး. . လေး၊ သချိုင်းထဲမှ ဖဲကစားကြမည့် တစ္ဆေ၊ သရဲများ၏ လက်မည်းကြီးများမှာ သူ့ရှေ့ဖျာပေါ်တွင် ပြူတ်ပြူတ်စီလာကြသည်။ မျက်နှာကို မကြည့်ရဟု သူတော်ငတေက မှာလိုက်၍သာ ခေါင်းငုံ့ပြီး ဖဲချပ်တွေကို ငါးအိမ်ပစ်ပေးနေရသော်လည်း လက်က တုန်နေပြီ။ သို့သော် ဖဲမှော်မအောင်မြင်လျှင် မင်းရော ငါပါ ဒုက္ခလှလှကြီးရောက်မယ်ဟု မှာလိုက်သော သူတော်ငတေ၏စကားကို ကြားယောင်ကာ စိတ်အားတင်းလိုက်သည်။

"အိမ်ယူကြ၊ စားကြမှာတော့ ဟုတ်ပြီ။ ဘယ်မှာလဲ မင်းတို့ပိုက်ဆံ၊ တစ်ပြားတစ်စေ့မှ မမြင်. . . မမြင်ပါလား"

သူတော်ငတေ မှာလိုက်သည့်အတိုင်း လက်ချည်းဖြစ်နေသဖြင့် ထိုးငွေပိုက်ဆံကို မေးလိုက်သည်။ ချက်ချင်းပင် မတ်စေ့တွေ ဖျာပေါ်က ထိုးအိမ်နေရာများသို့ ရွှင်ရွှင်ရွှန်းရွှန်းနှင့် ကျလာကြသည်။ ဤမတ်စေ့တွေမှာ လူသေရာ၌ ကူးတို့ခထည့်ပေးလိုက်ကြသော လူသေပါးစပ်ထဲမှ မတ်စေ့များပါလားဟု တွေးမိလိုက်သောအခါ တစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်းထလာပြန်သည်။ သို့သော် ဖဲမှော်သာအောင်လာလျှင် ဟူသော စိတ်နှင့်

"ဖဲပစ်မယ်၊ ဖဲပစ်မယ်။ လက်ရှောင်၊ လက်ရှောင်ကြ"

ဟု ပြောပြီး ကျန်ဖဲနှစ်ချပ်ကို ဆက်ပစ်ပေးလိုက်သည်။

ထွန်းလှဦး၏ တစ်ကိုယ်လုံးမှာ ဇောချွေးတွေ ပြန်ကာ ရင်ထဲကလည်း ကတုန်ကယင် ဖြစ်လာပြီ။

"ကဲ. . . လှန်ကြစမ်း၊ တင်စမ်း။ ကင်းသုံးလုံး၊ တယ်ဟုတ်ပါလား။ ဟ. . . ဒီမှာလည်း ကင်းသုံးကောင်၊ ဒီမှာလည်း ဂျက်သုံးဂျက်၊ ဆယ်မှန်းဘူအောက်၊ တစ်ယောက်မကျန် စားတယ်။ ဒီမှာတွေ့လား၊ တစ်သုံးလုံး။ အကုန်ကျုံး၊ အကုန်စား။ ဟား. . ဟား. . ဟား"

ဖဲချပ်နှင့် မတ်စေ့တွေကိုပါသိမ်း၍ တဟားဟား ဟန်လုပ်ရယ်နေရသော်လည်း စိတ်ထဲကမူ အကြောက်ကြီးကြောက်လာကာ ရှေ့က တစ္ဆေ၊ သရဲ၊ သချိုင်းစောင့်တွေ၏ လက်မည်းမည်းကြီးများကိုပင် စေ့စေ့မကြည့်ရဲ ဖြစ်လာသည်။

သို့သော် ကိုးမီးကစားရန် နောက်နှစ်ခါပင် ကျန်နေသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်အားတင်းကာ ဖဲဖုံကို ဒုတိယအချီအတွက် ဖဲဆင်ရန် ကုလားဖန်ထိုးလိုက်ရပြန်သည်။

"ကဲ. . . ထိုးကြ၊ ထိုးကြ။ ကိုယ်ထိုးမှ ကိုယ်ရ၊ ထွန်းလှဦးဖဲကတော့ ဟဲ. . . ဟဲ. . . ဟီး. . . "

အမှန်မှာ ထွန်းလှဦးသည် အကြောက်လွန်ကာ ပြောရိုးပြောစဉ်ကိုပင် သတိမရဖြစ်သွားပြီး. . .

"ဟဲ. . . ဟဲ. . . ဟီး. . ဟီး"လုပ်ပစ်လိုက်ရ၏။

သည်လိုနှင့် ဒုတိယအချီကစားကြပြန်သည်။

ထွန်းလှဦးက ကိုးသုံးလုံး၊ ကျန်ထိုးသား တစ္ဆေ၊ သရဲများမှာ ရှစ်သုံးလုံး၊ ခုနစ်သုံးလုံး၊ ခြောက်သုံးလုံးနှင့် ဝိုင်းသိမ်း အကုန်စားလိုက်ပြန်သည်။

"ဖတ်. . ဖတ်၊ ဖတ်. . . ဖတ်။ ကဲ. . တွေးမနေနဲ့၊ ဝေးမနေနဲ့။ ယောက်ျားစစ် သုံးခါတဲ့။ ဟဲ. . . ဟဲ. . ဟီး၊ ဟီး. . လာ. . ထိုးကြ၊ ထိုးကြ။ ကိုယ်ထိုးမှ ကိုယ်ရ။ ထွန်းလှဦးဖဲကတော့ ဟင်. . အင်း. . . အဲ. . အဲ၊ ဟီး. . . ဟီး. . . ဟဲ. . . ဟဲ"

ဤအချီသည် သုံးကြိမ်သုံးခါရှိပြီမို့ သူတော်ငတေမှာလိုက်သည့်အတိုင်း ပွဲသိမ်းရတော့မည်။ ဤအချီသည် အရေးအကြီးဆုံးအချီ။ နောက်ဆုံးအချီ။ တကယ် သရဲ၊ တစ္ဆေတွေနှင့် ထိပ်တိုက်တွေ့ရမှာက ဤအချီပါလားဟူသော အတွေးဝင်လာသောအခါ ထွန်းလှဦးရင်ထဲ စပါးကြိတ်ဆုံကြီးနှင့် လာမွှေနေသလို တဒိန်းဒိန်း တဒိတ်ဒိတ် ခုန်လာကာ 'ထွန်းလှဦးဖဲကတော့၊ ထွန်းလှဦးဖဲကတော့'နှင့် ရှေ့ဆက်မရဘဲ အကြောက်ပြေ ဟဲ. . ဟဲ. . . ဟီး. . . ဟီး ရယ်ကာ ဆင်ထားသော ဖဲတစ်ချပ်ကို တစ်အိမ်တစ်ချပ်စီ ပစ်ချထားလိုက်ပြီး လူသေကောင်ပါးစပ်ထဲက နှိုက်ယူလာကြသော တစ္ဆေ၊ သရဲများဆီက ငွေကို ကြေးတောင်းလိုက်ရာ ပထမ၊ ဒုတိယအချီများကဲ့သို့ပင် မတ်စေ့များ ဖြိုးဖြိုးဖြောက်ဖြောက် ကျလာကြသည်။

"ကဲ ပြီး. . ပြီး. . ပြီးကြပြီလား၊ ပြီးရင် လက်ရှောင်"

ချွမ်းချွမ်းချပ်ချပ်နှင့် ကျန်ဖဲနှစ်ချပ်ကို အိမ်စေ့ပစ်ပေးလိုက်သည်။ ထိုထိုးသား သရဲ၊ တစ္ဆေများက သူ့ဖဲသူ ကောက်သွားကြပြီ။ ထွန်းလှဦး သူ့ဖဲသူ ဆင်ထားကာ အမှားအယွင်းဖြစ်၊ မဖြစ် ဆီမီးခွက်မီးရောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကာကြည့်လိုက်၏။ ကွင်း၊ ကင်း ကုလားနှစ်ကောင်နှင့် စပိတ်ဖူး ကိုးတစ်ချပ်။

သည်အထိ အမှားအယွင်း မရှိ။ သူ ဆင်ထားသည့်အတိုင်း ကွက်တိကို ဖြစ်နေပြီ။ သူ့ဦး ဦးသူတော်က မှာလိုက်သည်မှာ နောက်ဆုံးအချိန်၌ ထိုးအိမ်ပင် တိုင်မရကြသော သရဲ တစ္ဆေတွေ ဝင်နှောင့်တတ်သည်။ ဒိုင်ဖဲကို ကြားညှပ်၍ မလိုဖဲ၊ မနိုင်ဖဲ ထည့်ပေးတတ်သည်။ ထို့ကြောင့် နောက်ဆုံးအချိ ဖဲဆင်၊ ဖဲပေးကအစ သတိထားရမည်။ ဖဲသုံးချပ်စီ ပစ်ပေးပြီးသည်နှင့် တစ္ဆေ၊ သရဲ ထိုးသားများ မရိပ်မိအောင် ဖဲဖုံကို လွယ်အိတ်ထဲ မသိမသာ တစ်ခါတည်းကို ထည့်ထားရမည်ဟု မှာလိုက်သဖြင့် ယခု ဖဲဖုံထဲက လက်ကျန်ဖဲချပ်များကို လွယ်အိတ်ထဲ ထည့်ထားပြီးပြီ။ ဖဲဆင်ထားတာလည်း မှန်နေပြီ။ ထို့ကြောင့် နောက်ဆုံးပွဲသိမ်းရန် တစ္ဆေ၊ သရဲများ လက်ထဲရှိဖဲများကို ချခိုင်း၊ လှန်ပြခိုင်းလိုက်သည်။

"ကဲ. . . အားလုံးလှန်၊ အားလုံးချ၊ အမြင်ပြကြစမ်း။ ဟုတ်ပြီ"

လက်ထိပ်အိမ်က ကွင်းနှစ်လုံးနဲ့ ရှစ်ဖဲတစ်ချပ်၊ လတ်၊ သုံး၊ ငါး၊ နှစ်၊ ထိုးသားများ၏ ဖဲကို လက်နှင့် မသိမသာကောက်သိမ်းသောအခါ သူ့လက် နှင့် ရင်ထဲမှာ နတ်ကျသလို တုန်လာသည်။ သို့သော် သူ့ဆင်ဖဲက တစ်အိမ်တလေမှ အမှားအယွင်း မရှိသဖြင့် အောင်ပြီဟု တွေးလိုက်ကာ စိတ်ရောကိုယ်လက်ကိုပါ ထိန်းကာ. . .

"ကဲ. . . ဒိုင်ဖဲပြမယ်၊ တစ်ကိုယ်ရှောင်၊ အိုအောင်မဆင်းရဲ ဖောင်း"

ကုလားနှစ်ကောင်နှင့် ကိုးဖဲချပ်ကို အပေါ်ဆုံးတင်ကာ သူ ရိုက်ချလိုက်သော ဖဲရိုက်သံသည် သင်္ချိုင်းကုန်းတစ်ခုလုံးကို ပွဲတင်ထပ်သွားလေသလား ထင်လိုက်ရသည်။ ဆယ်နှစ်ကျော်ကျော် ဖဲမှန်းငွေမှန်း သိတတ်စကပင် ဖဲရိုက်လာသော သူ့ဖဲ စိန်ခေါ်ရိုက်ချလိုက်သံလောက် ကျယ်လောင်လှသောအသံကို သူတစ်ခါမှ မကြုံဖူး၊ မကြားစဖူးဟုလည်း ထင်လိုက်၏။ သူ့ဖဲစိန်ခေါ်ရိုက်ချလိုက်သံ တစ်ချက်သည် သူ့နားထဲ မိုးကြိုးပစ်ခံလိုက်ရသလို ဆူညံသွားသည်။ ချက်ချင်းပင် တစ်ကိုယ်လုံးမှာလည်း ထူပူသွား၏။ သို့သော် သူ၏ အောင်မြင်မှုကို သူက ယုံကြည်စိတ်ချစွာပင်. . .

"အားလုံး စားတယ်၊ တစ်ရှောင်ကိုး တစ်မိုးစာ"

ဟု အော်လိုက်ကာ ဖဲချပ်များနှင့် သရဲ၊ တစ္ဆေများဆီက ရသော

www.burmeseclassic.com

www.burmeseclassic.com



မတ်စေ့များကို ကမန်းကတန်း လွယ်အိတ်ထဲ သိမ်းကျုံးထည့်ကာ မီးခွက်ကို ဝူးခနဲ မှုတ်ပစ်လိုက်၏။ ပွဲသိမ်းသွားပြီ၊ အောင်ပြီ။

မီးခွက်မှုတ်လိုက်သည်နှင့် သင်္ချိုင်းကုန်းတစ်ခုလုံး မှောင်မည်းသွားသည်။ ထွန်းလှဦး ဖျာကိုလိပ်ပြီး နံတောင်ကြား ညှပ်လိုက်ချိန်တွင် လက်ပေါင်းများစွာက သူ့ကို ဆွဲကြသည်။

"နေပါဦး။ တစ်လက်၊ နှစ်လက် ဒိုင်ကိုင်ပါဦး။ ကျုပ်တို့ ငွေတွေ အများကြီး ရှိပါသေးတယ်။ ပွဲမသိမ်းပါနဲ့ဦး"

ဆိုသော လူကြီးသံ၊ လူလတ်သံ၊ ကလေးသံ၊ မိန်းမသံ၊ သေခါနီး လူမမာ အသံများလို မပီမသ ငိုသလို၊ ရှိုက်သလို၊ ရယ်သလို၊ အော်သလို အသံမျိုးစုံကလည်း ချက်ချင်း ပေါ်လာသည်။

အသံသေး အသံကြောင်များနှင့်အတူ ဖဲဆက်ကစားကြရန် နောက်က လိုက်ဆွဲကြသည်။

"တစ္ဆေ၊ သရဲတွေက ဘယ်လောက်ပဲ လိုက်ဆွဲလိုက်ဆွဲ အရေးကြီးတာက မင်း ရွာအရောက်ပြေးလာနိုင်ဖို့ပဲ။ ရွာနားရောက်လာရင် မင်းကို ရွာရှင်မက အကူအညီပေးလိမ့်မယ်။ သင်္ချိုင်းကုန်းက လိုက်လာတဲ့ သရဲ၊ တစ္ဆေတွေကို ရွာရှင်မက သူ့ရွာထဲ အဝင်ခံမှာ မဟုတ်ဘူး။ ဒီတော့ သင်္ချိုင်းကုန်းက လိုက်လာတဲ့ သရဲ၊ တစ္ဆေတွေ သူ့နေရာသူ ပြန်သွားကြလိမ့်မယ်။ မင်းရွာထဲရောက်ရင် ဖဲမှော်အောင်ပြီ။ ဘယ်နေရာမှာ သွားကစားကစား မင်းပါးစပ်ကထွက်တိုင်း တစ်သုံးလုံးဆို တစ်သုံးလုံး၊ ကုလားသုံးကောင်ဆို ကုလားသုံးကောင်"ဟု သူတော်ငတေ၏ မှာစကားကြောင့် ထွန်းလှဦး ရွာထဲရောက်ရန်သာ ပြေးလာနေသည်။

သို့သော် ဖဲဆက်ကစားချင်ကြသေး၍ သင်္ချိုင်းကုန်းက လိုက်လာသော သရဲ၊ တစ္ဆေများသည် သူ့ကို အတင်းနောက်ကနေ လိုက်ဆွဲကြ၏။ ကြောက်စရာ မပီမသအသံကြီးများနှင့် 'နေပါဦး။ တစ်လက်၊ နှစ်လက် လောက် ကစားပါရစေဦး'ဆိုကာ နောက်ကနေပြီး ဖျာနှင့် လွယ်အိတ်ကို အတင်းဆွဲလုနေကြသည်။ ထွန်းလှဦးကလည်း. . .

"တော်ပြီ၊ တော်ပြီ မကစားတော့ဘူး"

ဟုသာ တွင်တွင်ပြောပြီး ရွာဘက်သို့သာ ပြေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သရဲ တစ္ဆေတွေက နောက်ကနေလိုက်ဆွဲ ထွန်းလှဦးက ရှိန်းပြေးနှင့် ပထမဦးဆုံး သူ့ရဲ တစ္ဆေတွေလက်ထဲ ဖျာပါသွား၏။ နောက် ဖဲထုပ်ထည့်လာသော လွယ်အိတ်ကိုပါ အတင်းနောက်က လှမ်းဆွဲထားကြပြန်သည်။ သို့သော် သူ့ဦးလေးသူတော်ငတေ မှာလိုက်သလို ထွန်းလှဦးကား နောက်သို့ လုံးဝ လှည့်မကြည့်။ သရဲ တစ္ဆေတွေ လက်မှ လွတ်အောင် သူကား ရွာဘက်သို့သာ ရှိန်းကန်ပြေးနေရသည်။

အတင့်ရဲသော သရဲ တစ္ဆေများကလည်း လွယ်အိတ်နှင့် ဖျာကို ရသွားကြသော်လည်း မကျေနပ်ကြသေးဘဲ ပုဆိုးကိုပါ အတင်းဆွဲထားကြပြန်သည်။ ထွန်းလှဦးမှာ ဘာပဲဖြစ်ဖြစ် ရွာကို ပြန်ရောက်ရေးသာ အရေးအကြီးဆုံးအချိန် ဖြစ်နေသဖြင့် ရွာဘက်ကိုသာ ပြေးနိုင်ရန် ရှိန်းကန်နေရသည်။ သည်လိုနှင့် ထွန်းလှဦးမှာ ပုဆိုးကျွတ်သွားသည်။ အရေးမကြီးဖဲသမားပီပီ အတိုအလျှိုလုပ်နိုင်ရန် အမြဲဝတ်ထားသော အတွင်းခံဘောင်းဘီက ပါနေသဖြင့် သရဲ တစ္ဆေတွေလက်မှ လွတ်ရန်ကိုသာ အားတင်း၍ ရှိန်းကန်နေရသည်။ နောက်တော့ သရဲ တစ္ဆေများသည် ကြောက်စရာကောင်းသော အသံသေးအသံကြောင် ကြောက်စရာ၊ ထိတ်စရာ အမျိုးစုံတို့ကိုပြောကာ သူ့ခါးကို ဖက်သည့်အကောင်ကဖက်၊ ခြေထောက်ကို ဆွဲသည့်အကောင်ကဆွဲ၊ လက်ကို ဖမ်းချုပ်သည့်အကောင်က ဖမ်းချုပ်အထိ လုပ်လာကြရာ ထွန်းလှဦးမှာ အလဲလဲ အပြိုပြိုနှင့် သရဲ တစ္ဆေလက်မှ သူဘယ်လိုမှ မလွတ်နိုင်တော့ဘူးဟု ထင်လိုက်ချိန်မှာပင် သရဲတစ်ကောင်၏ လက်က သူ့လည်ပင်းကို ရောက်လာရာ ထွန်းလှဦးမှာ သတိလွတ်ပြီး သူတော်ငတေ၏ စကားကိုလည်း သတိမရနိုင်ဖြစ်ကာ. . .

"ကူကြပါဦးဗျို့၊ ကယ်ကြပါဦး။ ကျုပ်ကို သရဲ တစ္ဆေတွေ လိုက်ဆွဲသတ်နေကြပါပြီ။ ကူကြပါဦး၊ ကယ်ကြပါဦး။ ရွာတော်ရှင်မကြီး ကယ်ပါဦး"

ဟု အသံကုန်ဟစ်ကာ ရွာဘက်သို့ ပြေးလာသည်။

မှောင်ကြီးမည်းကြီး လမိုက်ညထဲ ရွာပြင်က ကူပါ၊ ကယ်ပါ အော်ပြေးလာနေသူ တစ်ယောက်၏ အသံကို ကြောက်မက်ဖွယ်ရာ ကြားလိုက်ရသောအခါ ရွာသားတွေမှာလည်း အထိတ်တလန့်နှင့် မီးတုတ်ကိုယ်စီ၊ ဓား၊ လှံကိုယ်စီနှင့် ညာသံပေးကာ ရွာထဲမှ ထွက်လိုက်လာကြသည်။

www.burmeseclassic.com



ကယ်ပါ၊ ကူပါ အော်ဟစ်ပြီး ပြေးလာသော ထွန်းလှဦးသည် ရွာနား အရောက်တွင် ကန်သင်းပေါင်ရိုးတစ်ခုကို ဝင်တိုက်မိကာ အသံလည်း ပျောက်၊ လူလည်း ပစ်လဲ၊ သတိလည်း မေ့သွားလေ၏။

ရွာထဲမှ မီးတုတ်ကိုယ်စီ၊ ဓားလှံကိုယ်စီနှင့် လိုက်လာကြသော ရွာသားများ သူ့အနား ရောက်လာချိန်မှာ ထွန်းလှဦးကား သတိမေ့မြောပြီး ကန်သင်းရိုးရင်းတွင် မှောက်လျက်လဲနေလေ၏။ သူ့ကိုယ်ပေါ်မှာ စုတ်ပြဲ နေသောအင်္ကျီနှင့် ဘောင်းဘီတိုတစ်ထည်ကလွဲလျှင် တခြား ဘာမှလဲ ပါမလာတော့။ ထိုအခါ သူတော်ငတေ၏ ညွှန်ကြားချက်အတိုင်း လမိုက် ည သန်းခေါင်အချိန်တွင် ရွာသင်္ချိုင်းထဲသွားပြီး ဖဲမှော်သွားသွင်းသည်ကို လုံးဝ မသိကြသော ရွာသားများမှာ သတိမေ့မြောနေသော ဖဲသမားထွန်း လှဦးကို ရွာထဲသို့ ထမ်းပိုး သွင်းလာခဲ့ကြရလေသည်။

ရွာရောက်၍ နှာနှပ်၊ နင်းနှိပ်ပေးကြရာ ထွန်းလှဦးမှာ သတိရလာ ၏။ သို့သော် မည်သို့မည်ပုံ ဖြစ်လာသည်ကို မေးကြသောအခါ ကြောင် တိကြောင်တောင်နှင့် ဘာမှ မပြောဘဲ ခေါင်းငုံ့၍သာ နှုတ်ပိတ်နေလေ သည်။ ရွာသားများကမူ ဤသည်ကို ဖဲဝိုင်းတွင် ရန်ဖြစ်လာသည်ဟု ထင် ကာ ဆက်မမေးကြတော့ဘဲ ကိုယ့်အိမ်ကိုယ်သာ ပြန်သွားကြပြီး. . .

"ခွေးသား၊ ဖဲသမား ယောက္ခမတွေက ဒီလောက် ကောင်းကောင်း မွန်မွန် လုပ်ကိုင်စားသောက်နိုင်အောင် ပေးထားတာတောင် ကောင်းကောင်း မွန်မွန် လုပ်မစားချင်တဲ့အကောင် ဖဲဝိုင်းမှာ ရန်ဖြစ်လို့ အသတ်ခံရရင် လည်း ကမ္ဘာမြေ တစ်ယောက်စာပေါ့သွားတာပေါ့"

ဟုသာ ဆဲဆိုရေရွတ်နေကြလေသည်။

*(**စာကြွင်း**။ ထိုသို့ဖြစ်ပျက်ပြီး ခြောက်လလောက်အကြာတွင် ထွန်းလှဦးဆီမှ သရဲ၊ တစ္ဆေများ လုထားလိုက်ကြသည်ဆိုသော လွယ်အိတ် အသစ်စက် စက်ကလေးတစ်လုံးကို ငထီးပခုံး၌ ပွဲသွားပြင်သွား လွယ်လျက်တွေ့ရ သည်ဟု ဆိုကြသည်။*

*ထိုသဲလွန်စကြောင့်လည်း ထွန်းလှဦး ဖဲမှော်သွားသွင်းသည့်ကိစ္စ မှာ သူတော်ငတေက အကွက်ဆင်ပြီး သူ့တပည့်သာဝကများအား သင်္ချိုင်း*



www.burmeseclassic.com

www.burmeseclassic.com



ကုန်းက သရဲ၊ တစ္ဆေတွေ လုပ်ခိုင်းကာ ထွန်းလှဦး၏ ဖဲအစွဲကို ချွတ်လိုက်သည်ဟု ရွာဆေးဆရာ စာဖတ်တတ် ဝေယံလင်းတို့အဖေက ထင်ကြေးပေးသည်။

ငထီးလွယ်နေသော ထွန်းလှဦးလွယ်အိတ်ကိစ္စကို မေးလာသူ မှန်သမျှအား ငထီးကလည်း. . .

"ပေါက်တတ်ကရ ဒီလွယ်အိတ်က ကိုကြီးထွန်းလှဦးလွယ်အိတ် ဖြစ်ရမလားဗျ။ ဇာတီတောင်ဘုရားပွဲတုန်းက ကျုပ်ဘာသာကျုပ် ပိုက်ဆံပေးဝယ်လာတာပါ။ ဒီအဆင်၊ ဒီအရွယ် ကျုပ်ဝယ်တဲ့ဆိုင်မှာ နောက်ထပ် ရောင်းဖို့ ချိတ်ဆွဲထားတာတွေအပုံ"

ဟု သူ့ဆရာ ငတေလေသံနှင့် မထီတရီ ပြန်ပြောလေသည်။ ဟုတ်မဟုတ်၊ မှန်မမှန်ကိုမူ. . .။)


(ဂမ္ဘီရမဂ္ဂဇင်း၊ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ)

ဝေယံလင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com